မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၇၂)

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

EITI အဖွဲ့က မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေနိုင်ငံ အော်စလိုမြို့ အခြေစိုက် သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်ယူသုံးစွဲရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (EITI) ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Ms. Clare Shortနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် EITI အဖွဲ့သို့ မြန်မာနိုင်ငံ ဝင်ရောက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် EITI အဖွဲ့က မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ သဘာဝဓာတ်ငွေ့၊ ရေနံ၊ သတ္တု၊ သစ်တော၊ ငါးမွေးမြူရေးကဏ္ဍများ အနက်မှ သင့်တော်သောကဏ္ဍတစ်ခုကို *စာမျက်နှာ ၃ ကော်လံ ၆* ✽

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အော်စလိုမြို့အခြေစိုက် သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်ယူသုံးစွဲရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (EITI) ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Ms. Clare Short အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆီးဂိမ်းပြိုင်ပွဲအတွက် ရွက်လှေအားကစားသမားများ အစွမ်းကုန်လေ့ကျင့်ထား

သတင်းနှင့်ဓာတ်ပုံ-သူဇာနွယ်(ဖျာပုံ)

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲကို ပုသိမ်မြို့ ငွေဆောင်ကမ်းခြေတွင် ဒီဇင်ဘာ ၁၁ ရက် (ယနေ့) ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါရွက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၃တန်း ခွဲခြားယှဉ်ပြိုင်စေမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင် စသည့် နိုင်ငံများမှအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ငွေဆောင်ရွက်လှေပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ပြိုင်ပွဲအတန်းလိုက် ဆက်တိုက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု ရွက်လှေအားကစားသမားများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ စခန်းသွင်းလေ့ကျင့်ပေးခဲ့ပြီး ဗြိတိန်နိုင်ငံသားနည်းပြ ဆရာကြီးစီးပြီး နည်းပြဆရာများနှင့် အစွမ်းကုန်လေ့ကျင့်ပေးထားကြောင်းနှင့် ပြိုင်ပွဲကျင်းပရေးပိုင်းတွင်လည်း မိမိတို့က အိမ်ရှင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပေးနိုင်ရန် *စာမျက်နှာ ၃ ကော်လံ ၆* ✽

ယနေ့ မာတိကာ

ဆီးဂိမ်းအမျိုးသားဘောလုံးပွဲစဉ် စင်ကာပူနှင့်မလေးရှား အနိုင်ရ — စာ-၃

မင်ဒဲလားအမှတ်တရ ဆုတောင်းပွဲအခမ်းအနား ဂုဏ်သရေရှိ ကမ္ဘာ့ခေါင်းဆောင်များတက်ရောက် — စာ-၄

အကောင်းဆုံးဘောလုံးသမားဆု — စာ-၁၄

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အားလျော့သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မဒီ” (Madi)သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏အရှေ့မြောက်ဘက် ၃၂၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ၄၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားလျက် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် *စာမျက်နှာ ၅ ကော်လံ ၁* ✽

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျန်းမာရေးအသိ

ကျွန်ုပ်တို့အနေဖြင့် အနာကင်းစင်၍ အသက်ရှည်ရှည်နေထိုင်နိုင်ရေးကိစ္စသည် ကျန်းမာရေးအသိရှိရန် အထူးလိုအပ်ပါသည်။ အစားအသောက်၊ အနေအထိုင်၊ အသွားအလာ အစစအရာရာ ကျန်းမာရေးအသိဖြင့် ချင့်ချိန်စဉ်းစား လုပ်ကိုင်သွားကြမည်ဆိုလျှင် အနာရောဂါဖြစ်ပွားမှုနည်း၍ သက်ရှည်ကျန်းမာခြင်းတည်းဟူသော သုခကို ရရှိစေနိုင်ပါသည်။

လူတို့အသက်ရှည်နေထိုင်နိုင်ရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရသည်အရေးကြီးကြောင်း ရှေးရှေးပညာရှိတို့က ဆိုခဲ့ကြပေသည်။ လူတို့အသက်ရှင်နေထိုင်နိုင်ခြင်းမှာ ရှေးအတိတ်ကံနှင့်လည်းဆိုင်သည်။ စိတ်နှင့်လည်းဆိုင်သည်။ စိတ်ဖိစီးမှုခံရပြီး မိမိကိုယ်ကိုအဆုံးစီရင်ကြသူများ ကမ္ဘာတွင် အများအပြားရှိ၏။ ထို့ကြောင့် စိတ်သည်လည်း အသက်ရှည်ခြင်းနှင့် အဓိကသက်ဆိုင်နေသည်။ ဥတုနှင့် အာဟာရသည် ကျန်းမာရေးအသိနှင့်ပေါင်းစပ်ရမည့် သဘောဖြစ်သည်။ ဆောင်းရာသီသည် သွေးလေထိုင်းမှိုင်းတတ်သဖြင့် လမ်းလျှောက်ပေးသင့်၏။ နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းသို့မဟုတ် လေ့ကျင့်ခန်းတစ်ခုခုပြုလုပ်ပေးခြင်းဖြင့် သွေးလည်ပတ်မှုကို အားကောင်းစေ၏။ ဒီဇင်ဘာလသည် အေးမြသောရာသီဖြစ်သည့်အလျောက် စုပေါင်းလမ်းလျှောက်သင့်၏။ လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုလန်းဆန်းစေ၏။ သွေးသားညီညွတ်မျှတစေ၏။ ထို့ကြောင့် ခါတိုင်းအချိန်ထက် လမ်းလျှောက်ခြင်းကို အထူးအရေးပြုဆောင်ရွက်သင့်၏။

ထို့အတူ အစားအသောက်များ စားသုံးရာတွင်လည်း ကျန်းမာရေးအသိနှင့်ယှဉ်ပြီး စားသုံးသင့်၏။ ဆောင်းရာသီဖြစ်သည့်အလျောက် အစာကြေရန်မလွယ်သော အစားအစာများမစားသင့်။ ''ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲ''ဟူသော စကားရှိ၏။ ဆောင်းရာသီကာလအတွင်း ဝမ်းကိုဂရုပြုသင့်၏။ ကိုလက်စထရောများသော အစားအစာများ၊ အဆီအဆိမ့် ကယ်လိုရီများသော အစားအစာများမှာ လူကိုဝစေ၏။ အဝလွန်ခြင်းကြောင့် သွေးတိုး၊ နှလုံးနှင့် ဆီးချိုရောဂါများဖြစ်နိုင်၏။ အငန်နှင့်အချိုများလွန်းသော အစားအစာများသည် သွေးတိုးနှင့် နှလုံးရောဂါကို ဖြစ်စေနိုင်၏။ တတ်နိုင်သမျှ အငန်နှင့်အချိုကို လျှော့စားသင့်၏။ အထူးသဖြင့် အချိုရည်နှင့် အသင့်လုပ်အစားအစာများမှာ ဓာတုဆေးအနည်းနှင့်အများ ပါဝင်တတ်သဖြင့် ကလေးငယ်များ အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်အပ်၏။

သို့ဖြစ်၍ လူတို့အနေဖြင့် အသက်ရှည်စွာနေထိုင်နိုင်ရေးသည် အစားအသောက်နှင့် အနေအထိုင်သည် အရေးကြီး၏။ မျှတစွာစားသုံးခြင်းနှင့် လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းစွာအထောက်အကူဖြစ်စေနိုင်ပါကြောင်း။ ။

နိုင်ငံရေးပါတီများက တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြစဉ်။

ပြည်တွင်းသတင်း

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခန္တီးခရိုင်တို့၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများ ရှင်းလင်း

နေပြည်တော် ဒီဇင်ဘာ ၁၀

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခန္တီးခရိုင်တို့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ ခန္တီးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲသည့်လုပ်ငန်းများတွင် အသုံးပြုမည့် တိကျမှန်ကန်သော လူဦးရေ ကိန်းဂဏန်းအချက်အလက်များရရှိရေးအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းကို သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူ၊ ရှိနေသူအားလုံးအား ကောက်ယူမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ မြေပြင် ကွင်းဆင်းကောက်ယူမည်ဖြစ်ပြီး မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်တွင် မိမိမည်သည့်အရပ်ဒေသ၊ နေအိမ်၌ရှိနေသည်ကို မှတ်သားထားရန်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကို အိမ်ထောင်စုတစ်ခုလျှင် မေးခွန်း(၄၁) ချက်မေးမြန်းသွားမည်ဖြစ်ပြီး အဖွဲ့အစည်းများအတွက် မေးခွန်း (၁၁) ချက် မေးမြန်းသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း မေးခွန်းများကို မိနစ် ၃၀ ခန့်အချိန်ယူ၍ မှန်ကန်စွာ ဖြေကြားပေးခြင်းအားဖြင့် မိသားစုနှင့် ရပ်ရွာကောင်းကျိုး၊ နိုင်ငံတော်အကျိုး များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများ၏ ဖြေကြားချက်များအား သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စမျှ အသုံးမပြုရန်သန်းခေါင်စာရင်း ဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စာရင်းစစ်၊ စာရင်းကောက်များအား တာဝန်ပေးရာတွင် အသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် ဘာသာစကားကျွမ်းကျင်မှုတို့အပေါ် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကောက်ယူမည့် အချိန်နီးကပ်လာပါက ရက်အလိုက် ဆောင်ရွက်မည့် အစီအမံများ စနစ်တကျ ရေးဆွဲဆောင်ရွက်ကြရန်နှင့် အထောက်အကူပြုပစ္စည်း လိုအပ်မှုများကိုလည်း ကြိုတင်စီစဉ်ထားကြရန်လိုကြောင်း၊ တက်ရောက်လာကြသူများက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အပေါ် သိရှိနားလည်ပြီး မိမိဒေသပတ်ဝန်းကျင်မှ ပြည်သူအများ နားလည်သဘောပေါက်စေရေးအတွက်လည်း ထပ်ဆင့်ချပြ ရှင်းလင်းပေးစေလိုကြောင်း၊ အရေးကြီးဆုံးမှာ သန်းခေါင်စာရင်း မေးခွန်းများအား မှန်မှန်ကန်ကန် ဖြေကြားကြရန်နှင့် လုပ်ငန်းစဉ်အပေါ် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ခန္တီးခရိုင်အုပ်ချုပ်ရေးမှူးတို့က သန်းခေါင်စာရင်းကောက်ယူရေးအတွက် စာရင်းစစ် စာရင်းကောက်များ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေး

မန္တလေး ဒီဇင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားရာ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို နိုင်ငံရေးပါတီများ သိရှိရန် ယခုလိုတွေ့ဆုံ၍ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံရေးပါတီများနှင့်အတူ တူညီသောရည်မှန်းချက်များဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမြင်အားဖြင့် တူညီမှုသဘောထားနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဖြတ်သန်းသည့် ငါးနှစ်တာကာလမှာ ကိုယ့်တာဝန်ကိုကျေပွန်အောင်၊ တည်တည်ငြိမ်ငြိမ်ဖြစ်အောင်၊ နယ်မြေဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊နယ်မြေလူထုအတွက် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒီလိုဆောင်ရွက်နေချိန်မှာ နိုင်ငံရေးပါတီများက လေ့လာသုံးသပ်နိုင်အောင် ယခုလိုတွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း စသဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော နိုင်ငံရေးပါတီများက တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်မှုမှန်ကန်ရေးအတွက် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းအောင် ဌာနဆိုင်ရာများအား ကြီးကြပ်သွားရေး စသဖြင့် အသီးသီးအကြံပြုဆွေးနွေးတင်ပြကြသည်။ယင်းနောက် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး မန္တလေးမြို့တော်နှင့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ နိုင်ငံရေးပါတီများ၏ အကြံပြုဆွေးနွေးချက်များကို အလေးထား၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များ ဖြည့်ဆည်း၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

သီတဂူဆွေပြည်ဟိန်းစကျွဲဒါနဆေးရုံ ဒီဇင်ဘာ ၂၈-၂၉၊ (၃၀) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါန အလှူရှင်များ

ပြည်တွင်းသတင်း

ဒုတိယသမ္မတဦးညာဏ်ထွန်း ကွင်းသွင်းခြင်းလုံးပြိုင်ပွဲဗိုလ်လုပွဲများကြည့်ရှုအားပေးကာ ဆုများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ပထမဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သော ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသမီးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ၇၆၀ မှတ်၊ လာအိုအသင်းက ၃၀၀ မှတ်တို့ဖြင့် မြန်မာအမျိုးသမီးအသင်းက အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဒုတိယဗိုလ်လုပွဲစဉ်အဖြစ် ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသားပွဲစဉ်မှ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ၆၅၀ မှတ်၊ ထိုင်းအသင်းက ၈၃၀ မှတ်ဖြင့် ထိုင်းအသင်းမှ အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် ဆုရရှိကြသော ပထမထိုင်းနိုင်ငံအသင်း၊ ဒုတိယမြန်မာနိုင်ငံအသင်း၊ ပူးတွဲတတိယရရှိသော စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံအသင်းတို့အား ထိုင်းနိုင်ငံအမျိုးသား အိုလံပစ်ကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသမီးပွဲစဉ်တွင် ဆုရရှိကြသော ပထမမြန်မာအသင်း၊ ဒုတိယလာအိုအသင်း၊ တတိယကမ္ဘောဒီးယားအသင်းတို့အား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတဦးညာဏ်ထွန်း**(ယာပုံ)**နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းတို့က ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုဆွတ်ခူးရရှိသော မြန်မာအမျိုးသမီးအသင်းအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ဝေဝေနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်သန့်ဇင်တို့က ဆုကြေးငွေများချီးမြှင့်ခဲ့ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားကွင်း၌ ကျင်းပ

လျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြင်းစီးပြိုင်ပွဲ၏ မြင်းစီးစွမ်းရည်သရုပ်ပြပွဲများနှင့် မြင်းစီးပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံသို့ထွက်ခွာသွားသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့၌ကျင်းပမည့် Officers Training Academy ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနား တက်ရောက်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ထိုသို့ ပို့ဆောင်ရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြက်တောင်ရိုက်ပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ရှုံးထွက်ပွဲစဉ်များကိုကျင်းပရာ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် မြန်မာမှ အောင်ကြည်မင်း၊ မျိုးမင်းထွန်းတို့ ကွာတားဖိုင်နယ် တက်ရောက်ကြပြီး အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ခိုင်ဇာလင်း၊ သက်ထားသူဇာတို့ ပြိုင်ဘက်များကို ရှုံးနိမ့်ကာ ထွက်ခဲ့ရသည်။ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်မျိုးထူးနှင့် လင်းထက်ကြူအတွဲက ကွာတားတက်ခဲ့သော်လည်း မြတ်မင်းသူနှင့် သက်ခိုင်အတွဲက ရှုံးနိမ့်ခဲ့သည်။ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင်လည်း လှိုင်မွန်ကြူနှင့် ထူးထူးရအတွဲက အနိုင်ရပြီး နောက်တစ်ဆင့် တက်သော်လည်း အိအိချောနှင့် လဲ့လဲ့ရီအတွဲက ရှုံးနိမ့်သွားခဲ့သည်။ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဘုန်းပြည့်နိုင်နှင့် ခင်ဂုဏ်ရည်လင်းအတွဲ၊ သံလွင်အောင်နှင့် ဖြူပွင့်ဖုံအတွဲနှစ်တွဲစလုံး ပြိုင်ဘက်များကို ရှုံးနိမ့်သွားသည်။

ယှဉ်ပြိုင်ခဲ့

အမျိုးသားတစ်ဦးပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ခုနစ်ပွဲစီ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ခြောက်ပွဲစီ ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆီးဂိမ်းအမျိုးသား ဘောလုံးပွဲစဉ် စင်ကာပူနှင့်မလေးရှား အနိုင်ရ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပွဲစဉ်များကို နေပြည်တော် ဇေယျာသီရိဘောလုံးကွင်း၌ ယနေ့ ညနေပိုင်း၌ကျင်းပရာ ပထမပွဲစဉ်တွင် ဘရူနိုင်းအသင်းကို မလေးရှားအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည်။ ဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ညနေ ၆ နာရီ ၄၅ မိနစ်၌ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက ဗီယက်နမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

ကိုယ်စားလှယ်များ အသင်းခေါင်းဆောင်များအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး ပြိုင်ပွဲဝင်ကစားသမားများအား ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။

အလှပြကွက်များပြသ

ဇင်းနောက် မြန်မာ့ရိုးရာမြင်းရေး ၁၇ မျိုးဖြင့် အလှပြခြင်း၊ ဓားရေး၊ လှံရေး ပြကွက်များပြသခြင်းနှင့် မြန်မာ့ရိုးရာ ရှင်လောင်းလှည့်ခြင်း အလှပြကွက်များပြသပြီး အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

(ဇင်ဦး)

❁ *ရှေ့ဖုံးမှ*

လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲရေးနှင့် EITI လုပ်ငန်းများအတွက် အတွေ့အကြုံဆွေးနွေးပွဲနှင့် သင်တန်းပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာမြင့်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

❄ *ရှေ့ဖုံးမှ*

ဆောင်ရွက်ရသည့်အပြင် တစ်ဖက်ကလည်း မိမိနိုင်ငံရွက်လှေအောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားပြင်ဆင်ထားပါကြောင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ပြောသည်။

နိုင်ငံတကာမှ ကုမ္ပဏီကြီးများနှင့်မြန်မာနိုင်ငံမှ ကုမ္ပဏီကြီးများ ပူးပေါင်းပြသမည့်အထူးခြားဆုံးပြပွဲကြီး
YANGON INTERNATIONAL EXPO ကုန်စည်ပြပွဲကြီး
(၃. ၁. ၂၀၁၄)မှ(၆. ၁. ၂၀၁၄)
တပ်မတော်ခန်းမ၊ ရန်ကုန်မြို့
ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP , PH - 01 656875, 667473, 0973014777, 09 5099079, 09 5003618

နိုင်ငံတကာသတင်း

ကျောက်တုံးဖြင့် ပေါက်သတ်ခံရမည့် အမျိုးသမီးကို အာဖဂန် ရဲတပ်ဖွဲ့က ကယ်တင်လိုက်ရ

ကွန်ဒုဇ် ဒီဇင်ဘာ ၁၀

အိမ်ထောင်ရေးဖောက်ပြန်သည် ဆိုသော စွပ်စွဲချက်ဖြင့် တာလီဘန်တို့က ရှုတ်ချလိုက်ပြီးနောက် ကျောက်တုံးဖြင့် ပေါက်သတ်ခံရတော့မည့် အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က ကယ်တင်လိုက်ရသော ဖြစ်ရပ်တစ်ခု အာဖဂန်နစ္စတန် မြောက်ပိုင်း ဝေးလံသောဒေသရှိ ကျေးရွာတစ်ခု၌ ဖြစ်ပွားသည်။

အိမ်ထောင်ရေးဖောက်ပြန်သည်ဟု ခင်ပွန်းက စွပ်စွဲခံခဲ့ရသည့် အမျိုးသမီးကို တာလီဘန်စစ်သွေးကြွတို့က သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် အာဖဂန်နစ္စတန်ကျေးလက်ဒေသများ၌ တရားဝင်ပြဋ္ဌာန်း မထားသည့် တရားစီရင်မှုစနစ်များကို မကြာခဏဆိုသလို ကျင့်သုံးခဲ့ကြသည်။

တာလီဘန် အခြေစိုက်စခန်းတစ်ခု၏ ခြံဝင်းတစ်ခုအတွင်းရှိ အခန်းတစ်ခန်းအတွင်း သော့ခတ်ပိတ်လှောင်ခံထားရသည့် အမျိုးသမီးကို ရဲတပ်ဖွဲ့က ကယ်တင်ခဲ့ရခြင်းဖြစ်ကြောင်း ကွန်ဒုဇ်ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆာဝါဟတ်ဆိုင်နီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

တာလီဘန်တို့က အဆိုပါ အမျိုးသမီးကို သေဒဏ်ချမှတ်လိုက်ကြောင်း ၎င်းအမျိုးသမီး၏ မိသားစုဝင်များက ရဲတပ်ဖွဲ့သို့လာရောက်တိုင်ကြားပြီးနောက် တာလီဘန်တို့ စိုးမိုးထားရာ အဆိုပါကျေးရွာကို စစ်ဆင်ရေး ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တာလီဘန်အုပ်စုကို ထောက်ခံသူ လင်ယောက်ျားက ၎င်း၏ဇနီးကို ပြီးခဲ့သည့် သောကြာနေ့က စစ်သွေးကြွတို့ လက်ထဲသို့ ထည့်ခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

(အေအက်ဖ်ပီ)

ရွေးကောက်ပွဲမတိုင်မီ နုတ်ထွက်ရန်တောင်းဆိုမှု ထိုင်းဝန်ကြီးချုပ် မစ္စရင်လတ်လက်မခံပယ်ချ

ဗန်ကောက် ဒီဇင်ဘာ ၁၀

ထိုင်းဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်က ဖေဖော်ဝါရီလ ရွေးကောက်ပွဲမတိုင်မီနုတ်ထွက်ရန် ဆန္ဒပြသူများ၏ တောင်းဆိုမှုကို လက်မခံနိုင်ကြောင်း ပြောဆိုလိုက်သည်။

ဆန္ဒပြသူများက ရင်လတ်ရှင်နာဝပ်အား နုတ်ထွက်ရန်တောင်းဆိုလျက်ရှိပြီး ပြည်သူ့ဝန်ကြီးချုပ်တစ်ဦးနှင့် အစားထိုးမည်ဟုဆိုသည်။ မစ္စရင်လတ်ရှင်နာဝပ်သည် ၂၀၁၁ ရွေးကောက်ပွဲတွင် အနိုင်ရသူဖြစ်သည်။

သို့သော်လည်း ခေါင်းဆောင်ဟောင်း သက်ဆင်ရှင်နာဝပ်၏ လွှမ်းမိုးချုပ်ကိုင်မှု ရှိနေကြောင်း ဆန္ဒပြသူများက ပြောသည်။

ထိုင်းနိုင်ငံသည် ၂၀၁၀ ခုနှစ်ကတည်းက နိုင်ငံရေးမတည်မငြိမ်မှု အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်နေရသည်။

မစ္စရင်လတ်က ဆန္ဒပြသူများအား ဆန္ဒပြမှုရပ်တန့်ပေးရန် ဆော်ဩလိုက်သည်။

လာမည့် အစိုးရသစ်ရွေးချယ်ရန် ရွေးကောက်ပွဲစနစ်ကို အသုံးပြုမည်ဟု ၎င်းကဆိုသည်။

"ကျွန်မတို့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကြားဖြတ်ဝန်ကြီးချုပ်အလုပ်ကို ကျွန်မထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အားလုံးကို အမျှတဆုံးဖြစ်အောင် လုပ်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

တနင်္လာနေ့က ပါလီမန်ဖျက်သိမ်းမည်ဖြစ်ကြောင်း ရင်လတ်ကကြေညာလိုက်ပြီး ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဘီဘီစီ)

ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အရှိန်အဟုန်မြှင့်ရန် ပါကစ္စတန်နှင့် အီရန်သဘောတူ

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၀

အီရန်နိုင်ငံ၏ ရေနံ ဓာတ်ငွေ့ထုတ်လုပ်နယ်မြေကြီးဖြစ်သော တောင်ပိုင်းပါးစ်မှ တောင်အာရှဒေသရှိ ဓာတ်ငွေ့ဖောက်သည်နိုင်ငံများဆီသို့ ဆက်သွယ်မည့် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကြီး နှောင့်နှေးနေမှုနှင့် ပတ်သက်၍ အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ရန် အီရန်နှင့်သဘောတူလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက ယနေ့ကြေညာသည်။

အီရန်နိုင်ငံ၏ နျူကလီးယား စွမ်းအင်ရယူရေး ကြိုးပမ်းအားထုတ်မှုများသည် နျူကလီးယားဗုံးထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်နေခြင်း ဖြစ်သည်ဟု အမေရိကန်အစိုးရက သင်္ကာမကင်းရှိနေသကဲ့သို့ အီရန်အစိုးရကလည်း ငြင်းဆိုလျက်ရှိပြီး အဆိုပါ ကိစ္စရေးရာနှင့် ပတ်သက်၍ အီရန်အပေါ် အရေးယူမှုများ ပြဋ္ဌာန်းထားရာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ကုန်ကျမည့် အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် အရေးယူမှုများကို ချိုးဖောက်ရာရောက်သည်ဟုဆိုကာ အမေရိကန်က ကန့်ကွက်ထားသည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား သဘောတူထားသည့် ကတိကဝတ်ကို ချိုးဖောက်ရာရောက်သည့် ကြေညာချက်တစ်ခုတွင် ပါကစ္စတန်က သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ပြီးဆုံးရန်အတွက် အရှိန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

သို့ရာတွင် ပိုက်လိုင်းစီမံကိန်းမည်သည့် အချိန်တွင် ပြီးစီးမည်ဖြစ်ကြောင်းကိုမူ ဖော်ပြမထားကြောင်း သတင်းတစ်ရပ်က ဆိုသည်။

သုံးသပ်

လွန်ခဲ့သည့် လအတွင်းက အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့အကြား သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ရာ အဆိုပါစာချုပ်အရ အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ထိန်းချုပ်သွားရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့်လည်း ဆယ်စုနှစ်ချီ ကြာမြင့်နေပြီဖြစ်သော အရေးယူပိတ်ဆို့မှု အချို့မှ သက်သာရာရမည် ဖြစ်ရာ အဆိုပါစာချုပ်သည် အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ အားလုံးပြေလည်အောင် ဖြေရှင်းနိုင်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်သည်ဟု သုံးသပ်ခဲ့ကြသည်။ (ရိုက်တာ)

မင်ဒဲလားအမှတ်တရဆုတောင်းပွဲအခမ်းအနား ဂုဏ်သရေရှိ ကမ္ဘာ့ခေါင်းဆောင်များတက်ရောက်

ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၁၀

ကွယ်လွန်သွားပြီဖြစ်သော တောင်အာဖရိက သမ္မတဟောင်းနယ်လ်ဆင် မင်ဒဲလားအတွက် အမှတ်တရဆုတောင်းပွဲအခမ်းအနားကို ဂျိုဟန်နစ္စဘတ်မြို့၌ ကျင်းပခဲ့သည်။ ထောင်ပေါင်းများစွာသော တောင်အာဖရိက နိုင်ငံသားများသည် အက်ဖ်အင်န်ဘီ အားကစားကွင်း၌ ကျင်းပသည့် အဆိုပါ ဆုတောင်းပွဲ အခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ အမေရိကန်သမ္မတဘားရက် အိုဘားမား၊ ကျူဘားသမ္မတ ရာအူးလ်ကက်စထရိုနှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့ အပါအဝင် ကမ္ဘာ့နိုင်ငံ ၉၁ နိုင်ငံမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ မစ္စတာမင်ဒဲလား၏ မြေးလေးဦးလည်း တက်ရောက်ခဲ့သည်။ တောင်အာဖရိက သမ္မတဟောင်း မင်ဒဲလားသည် ကြာသပတေးနေ့က အသက် ၉၅ နှစ်တွင် ကွယ်လွန်ခဲ့သည်။

(ဘီဘီစီ)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ မန္တလေးမြို့သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး မစ္စစ် ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာရာ မန္တလေးမြို့သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်သမ္မတနှင့်အဖွဲ့သည် မဟာမြတ်မုနိဘုရားအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။ **(ယာပုံ)**

ယင်းနောက် မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကြပြီး နန်းတော်အတွင်းလှည့်လည် ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက နန်းတော်၏ သမိုင်းကြောင်းကို လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ဧည့်သည်တော်လာအိုနိုင်ငံ သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျောင်းကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်သို့ ရောက်ရှိကာ တောင်ပေါ်ရှိ ဘုရား၊ ပုထိုး၊စေတီများအား ဖူးမြော်ကြည်ညို၍တောင်ပေါ်မှ မန္တလေးမြို့၏ဆည်းဆာအလှကို ကြည့်ရှုခဲ့ကြသည်။

ညပိုင်းတွင် Mandalay Hill Resort ဟိုတယ်၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဧည့်သည်တော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

✳ ရွှေဖုံးမှ

ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန်လိုကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရန်ကုန်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၃၆/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)
ကချင်ပြည်နယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၃၈၆)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၆၇)ဖြစ်ပါသည်။

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✳ ကျောဖုံးမှ

ကလည်း ဖိလစ်ပိုင်ဂိုးဧရိယာအတွင်း ပျက်သွားမှုများဖြင့်သာ အဆုံးသတ်နေခဲ့သည်။

ပွဲချိန် ၂၈ မိနစ်၌ မြန်မာအမျိုးသမီးအသင်းမှ ကျောနံပါတ် ၁၀ ခင်မာလာထွန်းက ဖိလစ်ပိုင်ဂိုးဧရိယာအတွင်းမှ ကန်သွင်းယူခဲ့ရာ မြန်မာတို့ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးတိုက်စစ်မှူးများ ဂိုးသွင်းခွင့် အခွင့်အရေးကောင်းများကို အပိုင်အသုံးမချနိုင်သဖြင့် ပထမပိုင်းပွဲချိန်အပြီးတွင် တစ်ဂိုးဂိုးမရှိဖြင့်သာ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း ပွဲချိန်တွင်လည်း မြန်မာတို့ ဖိလစ်ပိုင်အသင်းကို ဖိအားပေးထိုးဖောက်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့ရာ ပွဲချိန် ၅၇ မိနစ်၌ မြန်မာအသင်းမှ သန်းသန်းထွေးက ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်းယူခဲ့ရာ မြန်မာတို့ ဒုတိယဂိုး ရရှိခဲ့သည်။

ပွဲဦးထွက်အနိုင်ရ

မြန်မာတို့ ဂိုးထပ်မံရရှိရေး ကြိုးစားခဲ့ရာ တိုက်စစ်မှူးများ၏ ကန်သွင်းချက်များကို ဖိလစ်ပိုင်ဂိုးသမားကာကွယ်နိုင်ခဲ့၍ ဖိလစ်ပိုင်အသင်း သက်သာခဲ့ခြင်းဖြစ်သည်။ မြန်မာတိုက်စစ်မှူးများက ဖိလစ်ပိုင်ဂိုးဧရိယာအတွင်း အဆုံးသတ် မသေချာမှုများကြောင့်လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ထပ်မံဂိုးမသွင်းနိုင်သဖြင့် မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုးပြတ်ဖြင့် ပွဲဦးထွက်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး သုခလှိုင်တိုက် အခန်း(၅၂) အမှတ်(၁၂၀)တွင် ပါတီရုံးချုပ်တည်ရှိသော ချင်းအမျိုးသားပါတီ (Chin National Party) သည် ၎င်းတို့၏ ပါတီအမည်အား **ချင်းအမျိုးသားတိုးတက်ရေးပါတီ (Chin National Progressive Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ၃၀-၁၁-၂၀၁၃ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့တင်ပြလျှောက်ထားလာသည့် ချင်းအမျိုးသားတိုးတက်ရေးပါတီ (Chin National Progressive Party) ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် **ကချင်ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် မြဝတီလမ်း (၅)လွှာ(အေ) အမှတ်(၁၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၀-၁၂-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ဒီမို ကရက်တစ်ပါတီ၏ အလံပုံစံ

ကချင်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သတင်းဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပုလဲမြို့နယ်အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ပုလဲမြို့နယ် ပိတောက်ကုန်း(မြောက်)ကျေးရွာနှင့် ကံကြီးကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ ကျေးရွာလူထုများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်ဆိုပါက လယ်ယာစိုက်ပျိုးရေး ကောင်းမွန်ဖို့လိုကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ "ရေ" ရရှိရေးဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခင်တပ်မတော်အစိုးရလက်ထက်တွင် ဆည်မြောင်းတာတမံ ၃၈၀ ကျော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်လျှင် ၁၅ ခုခန့်နှင့် တစ်လလျှင် တစ်ခုနှုန်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့တာ တွေ့ရမှာဖြစ်ကြောင်း၊ သာဓကအဖြစ် တောင်ယမား၊ မြောက်ယမား ရေလှောင်တမံများ၏ အထောက်အကူဖြင့် ဒေသစိုက်ပျိုးရေး၊ မွေးမြူရေး၊ သွားလာရေး မည်မျှအကျိုးရှိခဲ့သည်ကို ပြည်သူများသိရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် မြောက်ယမား ရေကူရေလှောင်တမံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုကြောင့် ကျေးရွာခြောက်ရွာမှာ အသုံးပြုနေတာ တွေ့ရမှာဖြစ်ကြောင်း၊ အလားတူ မြောက်ယမားဆည်ရေအားလျှပ်စစ်မှလည်း ပိတောက်ကုန်းကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး အိမ်ခြေ ၁၈၂ လုံးမှာ သုံးစွဲနေတာ တွေ့ရမှာဖြစ်ကြောင်း၊ လျှပ်စစ်ကို အသုံးချရာတွင်လည်း သမားရိုးကျ မီးသုံးစွဲရုံမျှမက ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်စွာ အသုံးပြုကြရန်လိုကြောင်း၊ နှမ်း၊ မြေပဲတို့ကို ကုန်ကြမ်းသက်သက်ရောင်းချခြင်းထက် လျှပ်စစ်မီးအသုံးပြု၍ နှမ်းဆီသန့်၊ မြေပဲဆီသန့်၊ မြေပဲယို၊ နှမ်းယိုဖြစ်အောင် တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချသင့်ကြောင်း၊ ယနေ့ ပြည်သူများရွေးချယ်သည့် ပြည်သူ့အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ အကျိုးအတွက် လယ်လုပ်သူများ လယ်ပိုင်ဆိုင်ခွင့်ရအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ဦးတည်ဆောင်ရွက်သင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ သမဝါယမဝန်ကြီးဌာနအနေနှင့် လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများကို တစ်ဦးချင်းအတွက်ဖြစ်စေ၊ အသင်းအတွက်ဖြစ်စေ အရစ်ကျငွေပေးချေစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ငွေကြေး အရင်းအနှီးအတွက်လည်း အသေးစား ငွေစုငွေချေးလုပ်ငန်း (Microfinance) ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများရင်ဆိုင်နေရသည့် အခက်အခဲကို လတ်တလော သက်သာချောင်ချိမှုရရှိစေရန်နှင့် နောင် လေး၊ ငါးနှစ်အကြာတွင် ငွေချေးစရာမလိုတော့ဘဲ ကိုယ်ပိုင်ငွေဖြင့် ရပ်တည်ဆောင်ရွက်နိုင်စေရန်ဆိုသည့် (Microfinance) လုပ်ငန်း၏ ရည်ရွယ်ချက်နှစ်ရပ်ကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေနှင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိမိတို့ သမဝါယမဝန်ကြီးဌာနတို့နှင့် အတူ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ကြရန်နှင့် ညီညီညွတ်ညွတ် လုပ်ကိုင်သွားကြရန်လိုကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြောက်ပိတောက်ကုန်း၊ ကြာစီ၊ ချင်းပြစ်၊ မုံသွင်၊ နောပင်၊ ကံကြီး၊ သီတင်း၊ ဇီးရင်း၊ ကျူခြံ၊ မင်းမ၊ ကျေးနင်း၊ ကျေးသမြားရွာများအတွက် စာအုပ်စာစောင်များ၊ အိမ်သုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဆေးများ၊ အဝတ်အထည်များ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ရွှေ့ပြောင်းသွားလာဘေးကင်းကွာ
သိမှတ်စရာ ကြိုတင်လေ့လာပါ

စက္ကန့်မလပ် စောင့်ကြည့်ရမည့် ရာသီစက်ဝန်းများ

သူရဇော်
(သတင်းစဉ်)

ယနေ့အချိန်တွင် ရုပ်ဝတ္ထုပစ္စည်းများနှင့် စက်ကိရိယာများသည် အချိန်နှင့်အမျှပြောင်းလဲလျက်ရှိပေသည်။ ထို့ကြောင့် ယခုအချိန်အခါတွင် သတင်းများ ပေးပို့တင်ပြမှုသည်လည်း နာရီပိုင်းအတွင်း ပြောင်းလဲလျက်ရှိသဖြင့် သတင်းဦး၊ သတင်းထူးကို အင်တာနက်စသည့် လူမှုရေးဝက်ဘ်ဆိုက်စာမျက်နှာများတွင် အချိန်နှင့်အမျှတွေ့မြင်ရပေသည်။

အလားတူ ပထဝီမြေမျက်နှာ သွင်ပြင်လက္ခဏာနှင့် ဥတုရာသီများသည်လည်း ယခင်နှင့်ယခုတွင် များစွာကွာခြားလျက်ရှိပေသည်။ ယနေ့ တိမ်ကင်းစင်သော်လည်း မနက်ဖြန်အတွက် ရာသီဥတုသာယာနိုင်ခြေကို တစ်ရက်တာအတွက် ခန့်မှန်းချက်ထုတ်ပြန်ရာတွင် စက္ကန့်၊ မိနစ်နှင့် နာရီစည်းချက်အလိုက် ပြောင်းလဲလျက်ရှိသည့်အတွက် ယခုထုတ်ပြန်ပြီး ဆယ့်နှစ်နာရီအတွင်း အပြောင်းအလဲများစွာရှိတတ်ပေသည်။

အဆိုပါ ဖြစ်ရပ်များကို ရာသီဥတုစောင့်ကြည့်သူများအနေဖြင့် မကြာခဏကြုံတွေ့ရတတ်သဖြင့် တိကျသေချာသော ရာသီဥတုခန့်မှန်းထုတ်ပြန်ချက်အတွက် တစ်နေ့လျှင် လေးကြိမ်မျှ တိုင်းတာစောင့်ကြည့်ကြရသည်။ အရေးကြီးသော၊ အများပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် ကျရောက်နိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ခြေရှိပါက ကြိုတင်ခန့်မှန်းချက်ကို နှစ်ရက်ခန့် ဆောလျင်စွာထုတ်ပြန်ပေးသကဲ့သို့ ဘေးအန္တရာယ် စတင်အခြေတည်ပါကလည်း နေ့ညမပြတ်အချိန်တိုင်း စောင့်ကြည့်လေ့လာသကဲ့သို့ မိမိတို့အနီးပတ်ဝန်းကျင်နှင့် နိုင်ငံတကာမှ စိတ်ချယုံကြည်ရသော မိုးလေဝသဌာနများနှင့်လည်း အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ဖလှယ်ရယူကာ မိမိနိုင်ငံအတွက် ဖြစ်စဉ်များကို လေးနာရီတစ်ကြိမ် ထုတ်ပြန်ပေးလျက်ရှိသည်ကို လေ့လာနိုင်ပေသည်။

ယခုလတ်တလောဖြစ်ပေါ်နေသည့် "မဒီ"မုန်တိုင်းနှင့် ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး ဦးချစ်ကျော်နှင့် ယခုလိုတွေ့ဆုံမေးမြန်းခဲ့ပါသည်-

မေး။ ဆရာခင်ဗျာ လက်ရှိ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ ဆိုင်ကလုန်းမုန်တိုင်း''မဒီ''နဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်မယ့်အလားအလာတွေကို ရှင်းပြပေးပါ။

ဖြေ။ လက်ရှိဘင်္ဂလားပင်လယ်အော်အတွင်းမှာဖြစ်ပေါ်နေတဲ့ ဆိုင်ကလုန်းမုန်တိုင်း "မဒီ"ဟာ ဒီနေ့(၁၀-၁၂-၂၀၁၃) မနက်ပိုင်းတိုင်းထွာချက်များအရတော့ မြောက်ဘက်ကိုရွေ့လျားနေရာကနေ တဖြည်းဖြည်း အနောက်ဘက်ကို ရွေ့လျားနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်မှုမရှိနိုင်ဘူးဆိုတာကို ပြောနိုင်ပါပြီ။ လွန်ခဲ့တဲ့ ဒီဇင်ဘာ ၃ ရက်နေ့က တိုင်းထွာမှုတွေအရ မုန်တိုင်းဦးတည်ရာ လမ်းကြောင်းဟာ မြန်မာနိုင်ငံအတွင်းကို ဦးတည်နေပြီး ဒီဇင်ဘာ ၁၁ ရက်နေ့မှာ မြန်မာ့ကမ်းရိုးတန်းနဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့ကို ဖြတ်သန်းဝင်ရောက်နိုင်ကြောင်း အဲဒီနေ့က ကျွန်တော်တို့ဒေသအတွင်းမှာရှိတဲ့ အမျိုးသားမိုးလေဝသဌာနတွေကရော နိုင်ငံတကာမိုးလေဝသဌာနတွေကပါ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့တွေက ဒီထက်ပိုမိုသေချာနိုင်အောင် ကောင်းကင်ဂြိုဟ်တုတွေကိုသာမက ပင်လယ်သမုဒ္ဒရာအတွင်းမှာရှိတဲ့ ဗော်ယာတွေကနေ တစ်ဆင့်ပေးပို့တဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်နဲ့ လေအေးစီးကြောင်းတွေကို ဆက်လက်လေ့လာတဲ့အခါမှာ မြန်မာကမ်းရိုးတန်းမှာ ပင်လယ်ပြင်က ပူနွေးနေပေမယ့်၊ လေအေးတွေက မြောက်ဘက်ကနေ တောင်ဘက်ကို အင်နဲ့အားနဲ့စီးဆင်းနေတဲ့အတွက် မုန်တိုင်းလမ်းကြောင်း ပြောင်းလဲနိုင်တာကို အမေရိကန်နဲ့ ဂျပန်မိုးလေဝသဌာနတွေကနေ စတင်သိရှိခဲ့ပါတယ်။

သို့သော်လည်း ဒီထက်ပိုမိုသေချာစေဖို့ ကျွန်တော်တို့အနေနဲ့ အဝါရောင်အဆင့်သတ်မှတ်ပြီး အများပြည်သူတွေကို ရေဒီယို၊ ရုပ်သံလိုင်းများနဲ့ သတင်းစာတွေကနေပြီး ထုတ်ပြန်အသိပေးစောင့်ကြည့်ခဲ့ပါတယ်။ အဲဒီလိုချိန်မှာ အိန္ဒိယမိုးလေဝသပညာရှင်တစ်ဦးက မုန်တိုင်းဟာ မြန်မာနိုင်ငံကို ဝင်ရောက်ခြင်းမရှိဘဲ အိန္ဒိယနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံတွေကို ပြန်လည်ဦးလှည့်နိုင်တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ယခုလက်ရှိတိုင်းတာချက်တွေအရတော့ မဒီမုန်တိုင်းလမ်းကြောင်းဟာ မြောက်ဘက်ကို ဦးတည်နေရာကနေ မြန်မာနိုင်ငံဘက်ကို ယိမ်းပြီး အိန္ဒိယနိုင်ငံဘက်ခြမ်းကို ခေါင်းလှည့်နေပါပြီ ဒီနေ့ မနက် ၇ နာရီတိုင်းထွာချက်တွေနဲ့ ကောင်းကင်ဂြိုဟ်တုက ပေးပို့တဲ့ပုံတွေအရဆိုရင် မုန်တိုင်းမျက်စိဟာ အိန္ဒိယနိုင်ငံဘက်ကို ရောက်ရှိနေပါတယ်။ မုန်တိုင်းကြောင့်ဖြစ်ပေါ်နေတဲ့ မိုးတိမ်မျှင်တန်းကတော့ မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်ပြီး ယူနန်နယ်ထဲအထိရောက်နေပါတယ်။

တကယ်လို့သာအခုလို မိုးတိမ်မျှင်တန်းအတိုင်း မုန်တိုင်းလမ်းကြောင်းကို ကောက်ချက်ဆွဲရင် မြန်မာနိုင်ငံကိုဝင်မှာဖြစ်ပေမယ့် ယနေ့ ရာသီဥတုစက်ဝန်းများရဲ့ ပြောင်းလဲမှုတွေကြောင့် မုန်တိုင်းများရဲ့လမ်းကြောင်းဟာ နှစ်ပေါင်းသုံးဆယ်အတွင်း မကြုံဖူးတဲ့ ရွေ့လျားမှုလမ်းကြောင်းများအတိုင်း ရွေ့လျားသွားတဲ့အတွက် ကျွန်တော်တို့ဌာနမှာဆိုရင် နှစ်ဆယ့်လေးနာရီကို အရာထမ်းတစ်ဦးပါဝင်တဲ့အဖွဲ့က ရာသီဥတုဖြစ်စဉ်တွေကို စောင့်ကြည့်နေပါတယ်။

အဲဒီအဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မယ့် အခြေအနေတွေကို စောင့်ကြည့်နေသလို မိမိတို့ဒေသအတွင်းမှာရှိတဲ့ မိုးလေဝသဌာနတွေနဲ့ နိုင်ငံတကာ မိုးလေဝသဌာနတွေနဲ့ သတင်းအချက်အလက်ဖလှယ်ပေးပို့ရယူကာ မိမိတို့နိုင်ငံအတွင်းကို ကျရောက်လာမယ့် သဘာဝဘေးအန္တရာယ်အခြေအနေတွေကို နာရီအားဖြင့် (၄၈)နာရီ ရက်အားဖြင့် နှစ်ရက် ကြိုတင်အသိပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။

မေး။ ဒါဆိုရင် မုန်တိုင်းက ကျွန်တော်တို့နိုင်ငံကို မလာနိုင်ဘူးလို့ ပြောနိုင်ပါသလား။

ဖြေ။ မဒီမုန်တိုင်းရဲ့ ရွေ့လျားမှုလမ်းကြောင်းဟာ နှစ်ပေါင်းသုံးဆယ်အတွင်း ပထမဆုံးတွေ့ရတဲ့ မုန်တိုင်းရွေ့လျားမှုလမ်းကြောင်းဖြစ်ပါတယ်။ ဒါကြောင့် ပထမမုန်တိုင်းငယ်အဖြစ်ရောက်ချိန်မှာတော့ မြန်မာနိုင်ငံကို ရောက်ရှိနိုင်တဲ့အတွက် ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ အခု လက်ရှိတိုင်းထွာချက်များအရ မဒီမုန်တိုင်းဟာ မြန်မာနိုင်ငံနဲ့ မြန်မာ့ကမ်းရိုးတန်းကနေ မိုင် ၆၀၀ ကျော်နေရာကို ရောက်ရှိနေပြီး အိန္ဒိယနိုင်ငံကို ဦးတည်နေပါတယ်။ နောက်နှစ်ဆယ့်လေးနာရီအတွင်းမှာ ဆိုင်ကလုန်း မုန်တိုင်းအဆင့်ကနေ မုန်တိုင်းငယ်အဆင့်ကို ပြောင်းလဲသွားနိုင်ပြီး ဒီဇင်ဘာ ၁၂ ရက်နေ့မှာဆိုရင်တော့ လေဖိအားနည်းရပ်ဝန်းအဆင့်ထိကို ပြောင်းလဲသွားမယ်၊ အိန္ဒိယနိုင်ငံကမ်းရိုးတန်းမှာ ပျက်ပြယ်သွားနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

ကျွန်တော်တို့ နိုင်ငံအတွင်းကိုတော့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခြင်းမရှိပါဘူး။

မေး။ အခုဆိုရင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကလည်းကျင်းပနေပါပြီ။ ငွေဆောင်ကမ်းခြေမှာလည်း မကြာမီရက်ပိုင်းမှာ ပင်လယ်ပြင်ရွက်လှေအားကစားပြိုင်ပွဲကျင်းပတော့မှာ ဖြစ်တဲ့အတွက် အခုလိုမုန်တိုင်းများဖြစ်ပေါ်နိုင်ပါသလား။

ဖြေ။ ဒီဇင်ဘာ ၁၁ ရက်ကနေ ၂၀ ရက်အထိ ဆယ်ရက်တာ မိုးလေဝသခန့်မှန်းချက်တွေအရ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ဟာ ပူနွေးနေတဲ့အတွက် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပါတယ်။ ဖြစ်ပေါ်လာမယ့် လေဖိအားနည်းရပ်ဝန်းကလည်း ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ အခုလိုမျိုးထပ်မံဖြစ်ပေါ်လာနိုင်ပြီး ငွေဆောင်ကမ်းခြေဘက်ကိုတော့ မရောက်ရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လေစီးကြောင်းများတိုင်းထွာချက်အရ ငွေဆောင်ကမ်းခြေဘက်မှာ လေအေးစီးကြောင်းအားကောင်းတဲ့အတွက်ကြောင့်ပါ။ သို့သော်လည်း ဖြစ်ပေါ်လာမယ့် လေဖိအားနည်းရပ်ဝန်းကြောင့် ဒီဇင်ဘာ ၁၄ ရက် ကနေ ၁၆ ရက်အတွင်း လေပြင်းတိုက်ခတ်မှုတော့ရှိနိုင်ပါတယ်။ ကျွန်တော်တို့ဌာနကလည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာပါ။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရာဒေသများအတွက် မိုးလေဝသဆိုင်ရာကြိုတင်ခန့်မှန်းချက်တွေကို အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ဝက်ဘ်ဆိုက်ကနေတစ်ဆင့် ထုတ်လွှင့်ပေးနေသလို သက်ဆိုင်ရာဒေသများမှာရှိတဲ့ ပြိုင်ပွဲကျင်းပရေးကော်မတီကိုလည်း အားကစားဝန်ကြီးဌာနကတစ်ဆင့်ပေးပို့နေပါတယ်။

ကျေးဇူးတင်ပါတယ်ဆရာ။

FORECAST DATA

Time		Position		Strength		Wind Probabilities		Wind Model
GMT	Lead	Lat	Long	Peak Wind	Cat	TS	Cat 1 or Above	Wind Field
10 Dec, 12:00	12 hrs	15.1 N	85.2 E	60 kts	TS	To 12 hrs	To 12 hrs	Click Here
11 Dec, 0:00	24 hrs	14.6 N	84.7 E	55 kts	TS	To 24 hrs	To 24 hrs	Click Here
11 Dec, 12:00	36 hrs	13.6 N	83.9 E	50 kts	TS	To 36 hrs	To 36 hrs	N/A
12 Dec, 0:00	48 hrs	12.6 N	82.7 E	45 kts	TS	To 48 hrs	To 48 hrs	N/A
13 Dec, 0:00	72 hrs	10.7 N	80.3 E	40 kts	TS	To 72 hrs	To 72 hrs	N/A
14 Dec, 0:00	96 hrs	10.0 N	78.0 E	30 kts	TD	To 96 hrs	To 96 hrs	N/A

ဒီဇင်ဘာ ၁၀ ရက်က တိုင်းတာထားသော မုန်တိုင်းအခြေအနေပြဇယား။



ဒီဇင်ဘာ ၃ ရက်က တိုင်းတာရရှိခဲ့သော မြန်မာနိုင်ငံဘက်သို့ ရောက်ရှိလာရန်ရှိခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မဒီလမ်းကြောင်းကို တွေ့ရစဉ်။(မုန်တိုင်းမှာ လမ်းခုလပ်တွင် နောက်သို့ ပြန်လှည့်သွားသည့်အတွက် လက်ရှိတိုင်းတာချက်များအရ မြန်မာနိုင်ငံဘက်သို့ ရောက်ရှိရန် မရှိကြောင်း သိရှိရသည်။)

ပြည်တွင်းသတင်း

ဒုတိယသမ္မတဦးညဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်တွေ့ဆုံ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေး

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် H.E.Mme.Liu Yandong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် H.E.Mme.Liu Yandong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ ဦးအေးမြင့်ကြူနှင့် ဒေါက်တာ ဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဒေါ်စန္ဒာခင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် H.E.Mme.Liu Yandong နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတနှင့်ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် တည်ဆောက်ကြိုးပမ်းသွားရေးဆိုင်ရာများ၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဧည့်သည်တော် တရုတ်နိုင်ငံဒုတိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် နှစ်နိုင်ငံအကြား သဘောတူညီမှု စာချုပ်သုံးခုကို လက်မှတ် ရေးထိုးကြရာ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူ စာချုပ်အရ ယွမ်ငွေသန်း ၅၀ အကူအညီပေးရေးစာချုပ်” နှင့် “မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာ၌ လိုအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် ယွမ်ငွေ ၁၀ သန်း လှူဒါန်းမည့်စာချုပ်” များအား ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်တို့ကလည်းကောင်း၊ “တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၌ ဆက်လက်ကျင်းပမည့် မသန်စွမ်းအားကစားပြိုင်ပွဲအားကစားပွဲဆိုင်ရာလိုအပ်သည့် အသုံးအဆောင်များ ဆက်လက်သုံးစွဲခွင့်ပြုခြင်း စာချွန်လွှာ” စာချုပ်အား ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်နှင့် တရုတ်သံအမတ်ကြီး မစ္စတာယန်ဟို့လန်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Hoang Tuan Anh ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ဦးအောင်ထွန်း၊ ဒေါက်တာမြင့်ကြည်၊ ဒေါက်တာအေးမောင်၊ ဒေါက်တာခင်ရွှေ၊ ဦးအောင်ငြိမ်း၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ ဦးနု၊ ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဗီယက်နမ်ဝန်ကြီးနှင့် အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့်အဖွဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တပ်မတော်ရဟတ်ယာဉ်ဖြင့် လောက်ကိုင်မြို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား တာဝန်ခံဆက်သွယ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံခြင်းမှသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းပြီး တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရသက်တမ်းကာလတွင် ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုများ ရရှိလျက်ရှိနေပြီဖြစ်ပါကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက် ရှိနေပါကြောင်းနှင့် ပိုမို၍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများသည် ပြည်သူလူထုကိုယ်စား တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့များဖြစ်သည်နှင့်အညီ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန်နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များသည် ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးကြပ်ကွပ်ကဲသွားရန် လိုအပ်ပါကြောင်း၊ လုံခြုံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဂရုတစိုက် ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ဒေသ၏အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လောက်ကိုင်၊ ကုန်းကြမ်းမြို့နယ်များ၊ ချင်းရွှေဟော်၊ မော်ထိုက်မြို့နယ်ခွဲများ၏ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများက ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာသည်နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်းရှိ ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြောကြားပြီး ဒေသခံပြည်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် လောက်ကိုင်ဒေသ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ရန်လုံကျိုင်း နယ်စပ်စစ်ဆေးရေးစခန်းနှင့် နယ်စပ်မှတ်တိုင် (BP-125) အနီး စက်မှုရပ်ကွက်တည်ဆောက်မည့် နေရာတို့အား ကြည့်ရှုစစ်ဆေးသည်။

လိုအပ်

မွန်းလွဲပိုင်းတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ကျောင်းကုန်းရပ်ရှိ “စောမဟာ” အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ခေတ်စနစ်ပြောင်း ဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရများအား တာဝန်ခွဲဝေပြီး တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေသည့် ကာလဖြစ်ပါကြောင်း၊ တိုင်းပြည်ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့ တိုင်းရင်းသားအားလုံး၏ လိုလားချက်ဖြစ်ပါကြောင်း၊ လိုလားချက်များကို အကောင်အထည်ဖော်ရန် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည့် မဏ္ဍိုင်သုံးရပ်ဖြင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိရာ ပြုပြင်ပြောင်းလဲရေးကာလတွင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်အရ ရပ်ကွက်/ကျေးရွာ /မြို့နယ်/ခရိုင် ဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းပြီး ဒေသတွင်း လိုအပ်ချက်များအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးကို စုပေါင်းအကောင်အထည်ဖော်လျက်ရှိနေပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့အားလုံး လက်တွေ့ကျကျ တက်ညီလက်ညီ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူးက အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်းခဲ့

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ခေတ်အဆက်ဆက် မငြိမ်းချမ်း၊ မဖွံ့ဖြိုးခဲ့သည်များကို သင်ခန်းစာရယူပြီး ယခုဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ငန်းစဉ်များ အဆင့်အလိုက် တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် “ဝ” စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❋ *ကျောဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နေပြည်တော် ကောင်စီနယ်မြေအား စိုက်ပျိုးရေး အထူးဇုန်အဖြစ် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိကကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများက နေပြည်တော် ကောင်စီနယ်မြေအတွင်း သစ်သီးဝလံများနှင့်ဟင်းသီးဟင်းရွက်များကို စနစ်တကျစိုက်ပျိုးပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ကြမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ မြတ်အိန္ဒြေကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံမှ Safal Seed ကုမ္ပဏီတို့ပူးပေါင်း၍ ဆန်စပါးအပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ ထုတ်လုပ်အကောင်အထည်ဖော် ဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ဒုတိယသမ္မတ၏ ရှေ့မှောက်၌ တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတက စိုက်ပျိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအားဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာကဏ္ဍ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀၊ နှစ်သိမ့်ဆု ခုနစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ငွေကျပ် ၃၅ သိန်းအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်ထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အဓိက ပထမဦးစားပေးအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပြီး လယ်ယာကဏ္ဍ လုပ်ငန်းများတွင် အဓိကပါဝင်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းနေကြသူများ ဖြစ်ပါကြောင်း၊ ထို့အတွက် လယ်ယာကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ခြင်းသာလျှင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းစဖြစ်ပါကြောင်း၊ တိုးတက်မှု၏ အခြေခံသည် ပြောင်းလဲခြင်းဖြစ်သည်ကို လက်ခံယူပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက လယ်ယာကဏ္ဍဝင်ငွေတိုးရန်အတွက်(၁) မိမိတို့လက်ထက်တွင် စားလောက်ရုံမျှဖြင့် တင်းတိမ်မနေဘဲ တိုးပွားလာမည့် သားစဉ်မြေးဆက် စားနပ်ရိက္ခာဖူလုံမှုကို မျှော်မှန်းပြီး စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်အောင် လုပ်ရမည်ဟူသည့် စိတ်ဓာတ်မွေးမြူပြောင်းလဲခြင်း၊ (၂) သီးနှံအမယ်အလိုက် ဈေးကွက်ဝင် အထူးအထွက်ကောင်း မျိုးသန့်မျိုးစေ့များ ပြောင်းလဲခြင်း၊ (၃)ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲခြင်း၊ (၄) သဘာဝမိုးရေကိုသာ အားကိုးမှီခိုနေရသည့် လယ်ယာစနစ်မှ ဆည်ရေသောက် လယ်ယာစနစ်သို့ ပြောင်းလဲခြင်း၊ (၅) သမားရိုးကျ လယ်ကွက်ငယ်များ လက်မှုလယ်ယာစနစ်မှ ဧကကွက်၊ ဟက်တာကွက် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းစသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပေးထားပါကြောင်း။

အထက်ပါ လမ်းညွှန်ချက်များနှင့်အညီ လက်ရှိလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စပါးအပါအဝင် သီးနှံများ၏ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ပြီး သီးနှံအထွက်နှုန်းတိုးတက်အောင် တွန်းအားပေးဆောင်ရွက်နေပါကြောင်း၊ ယခုအခါ ကမ္ဘာနှင့်အဝန်း လူသားများသည် ကျန်းမာရေးအသိစိတ်ဓာတ်မြင့်မားလာသည့်အတွက် ဓာတုကင်းလွတ်သည့် ဩဂဲနစ်အစားအစာများကို သာမန်ထုတ်လုပ်သည့် အစားအစာများထက်ပို၍ ဈေးကြီးပေးဝယ်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (FAO) က ဩဂဲနစ်စိုက်ပျိုးရေးသည် သက်ရှိတို့၏ ဂေဟစနစ် (Ecosystem)ကို ညီမျှကောင်းမွန်နေစေရန် ထိန်းသိမ်းစောင့်ရှောက်ရင်း သီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းဖြစ်သည်ဟု ဖွင့်ဆိုထားပါကြောင်း၊ နိုင်ငံတကာတွင် ဩဂဲနစ်စိုက်ပျိုးရေးစနစ် ကျင့်သုံးမှုသည် ယေဘုယျအားဖြင့် ကောင်းမွန်သော မြေဆီလွှာရွေးချယ်ခြင်း၊ ဓာတုဆေးဝါး လုံးဝအသုံးမပြုခြင်း၊ သဘာဝပစ္စည်းများဖြင့်သာ မြေဆီလွှာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အရည်အသွေးကောင်းမွန်သည့်မျိုးကို အသုံးပြုခြင်း၊ အင်းဆက်ပိုးမွှားများ၊ အပင်ရောဂါများနှင့်ပေါင်းပင်များနှိမ်နင်းရာတွင် ဇီဝနည်းပညာဖြင့် ကာကွယ်ထိန်းချုပ်ခြင်း၊ စိုက်ခင်းမြေနေရာ၊ ရေရရှိမှု၊ သိုလှောင်မှု၊ ပြုပြင်စီမံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်စသည်တို့ကို စနစ်တကျ သတ်မှတ်ထားခြင်းစသည့် အချက်များ၌ တူညီပါကြောင်း၊ ဩဂဲနစ်သီးနှံစိုက်ပျိုးမှုကို တစ်ကမ္ဘာလုံးအနေဖြင့် ခြုံကြည့်မည်ဆိုပါက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ပျမ်းမျှတစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ တိုးပွားလာခဲ့ကာ ယခုဆိုပါက မြေဟက်တာ ၃၅ သန်းခန့်ရှိပြီဟု ဆိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမှုသည် ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်လျှင် ခုနစ်ပုံ တစ်ပုံသာရှိပြီး ဗီယက်နမ်နှင့် နှိုင်းယှဉ်လျှင် သုံးပုံ တစ်ပုံသာရှိသည်ဟု ပညာရှင်များက ဆိုကြပါကြောင်း။

ဩဂဲနစ် စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ အကျိုးပြုစေသောကြောင့် ဩဂဲနစ်သီးနှံကို ဈေးကောင်းပေးဝယ်စားသုံးခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့်လည်း ဩဂဲနစ်စနစ်ကို တစ်ဦးတစ်ယောက်တည်းတစ်ကွင်းတည်း သီးသန့်လုပ်နေခြင်းထက် စုပေါင်းပြီး ဇရိယာတစ်ကွင်းတစ်စပ် ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်ပိုမိုသက်သာမည်ဖြစ်သလို များများထုတ်၊ များများရောင်းခြင်းဖြင့် ဈေးသက်သက်သာသာနှင့် ရောင်းချပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဩဂဲနစ်သီးနှံကို စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအသင်းအဖွဲ့များကလည်း ငွေအရင်းအနှီးထည့်ဝင်ပြီး ဈေးကွက်ရှာဖွေပေးရန်လိုပါကြောင်း၊ ဩဂဲနစ်သီးနှံအစားအစာကို သီးသန့်ရရှိနိုင်သည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ စူပါမားကတ်များလည်း ဖွင့်လှစ်၍ရမည်ဖြစ်သောကြောင့် ထိုလုပ်ငန်းများမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးသူကစပြီး စားသုံးသူလက်ထဲ ရောက်ရှိသည်အထိ Supply Chain တစ်ခုလုံးကို နည်းစနစ်ကောင်းကောင်း၊ စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် လုပ်နိုင်မည်ဆိုပါက အကျိုးအမြတ်ကောင်းကောင်းရရှိနိုင်မည်ဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို နိုင်ငံခြားတင်ပို့နေသည့် လုပ်ငန်းရှင်များကိုလည်း တွေ့ရသည့်အတွက် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိပြီး ပြည်သူလူထုကျန်းမာရေးကိုလည်း အထောက်အကူပြုသည့်အတွက် ဤလုပ်ငန်းကိုဆောင်ရွက်ရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် အရေးကြီးသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကိုလည်း မျိုးစေ့ထုတ်ကုမ္ပဏီကြီးများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရန် ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စက်စက်ယို ဆည်ရေသောက်စနစ် အဆင့်မြင့် စံပြစက်မှုလယ်ယာ တစ်ဆက်တစ်စပ်တည်းဧက ၉၀၀ စံပြစိုက်ကွင်းအတွင်း အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ဓာတုကင်းလွတ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် (Alliance Stars Group) ကုမ္ပဏီက တာဝန်ယူခင်းကျင်းပြသ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အဆင့်မြင့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအတွက် ခေတ်မီသန့်စင်စက်နှင့် အအေးခန်းစက်ရုံတည်ဆောက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာအားပေးကြသည်။

အဆိုပါဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လိုက်လံကြည့်ရှုလေ့လာလျက်ရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးဖြစ်သူ ကိုရဲရန်အောင်က အောက်ပါအတိုင်းသူ၏ အမြင်ကို ပြောပြခဲ့သည်။

"ဒါတကယ့်ကို ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ပါ။ တောင်သူတွေ စိုက်ပျိုးချင်စိတ်ပေါ် ပေါက်လာပါလိမ့်မယ်။ ဈေးကွက်ကောင်းမယ်

ဒုတိယသမ္မတ ဦးညွန့်ထွန်း နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကိုးရွာသ ပြေ ကုန်းကျေးရွာအနီးရှိ ဓာတုကင်းလွတ်သစ်သီးဝလံနှင့်ဟင်းသီး ဟင်းရွက်ပြပွဲ ဖွင့်ပွဲအခမ်း အနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ရန်ကုန်ဇုန်) နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် မီးရှူးတိုင်စတင်ထွန်းညှိခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ရန်ကုန်ဇုန်) နိုင်ငံတော်အလံ လွှင့်တင်ခြင်းနှင့် မီးရှူးတိုင် စတင်ထွန်းညှိခြင်း အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီ(ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတက်ရောက်၍ မီးရှူးတိုင်ကို ထွန်းညှိပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ အာဆီယံနိုင်ငံသံရုံးများမှ သံတမန်များ၊ အာဆီယံနိုင်ငံ ၁၁ နိုင်ငံမှ အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများ၊ ဌာနဆိုင်ရာများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အလံလွှင့်တင်ခြင်း အခမ်းအနားကိုကျင်းပရာ အာဆီယံနိုင်ငံ (၁၁) နိုင်ငံမှ အားကစားအဖွဲ့များက နိုင်ငံအလိုက် နေရာယူကြရာ ယင်းအချိန်တွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအကအဖွဲ့တို့က ဖျော်ဖြေကြသည်။

ထို့နောက် အာဆီယံ ၁၁ နိုင်ငံ၏ နိုင်ငံတော်အလံများကို နိုင်ငံအလိုက် နိုင်ငံတော်သီချင်းများနှင့်အတူ အလံတင်အဖွဲ့များက လွှင့်တင်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အာဆီယံနိုင်ငံများမှ အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်စတင်ထွန်းညှိခြင်းအခမ်းအနားကို သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏလမ်းဆုံရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်က မီးရှူးတိုင်ကို ထွန်းညှိ၍ ရွှေတံဆိပ်လေးဆုရှင် ကာယဗလ လက်ရွေးစင်နည်းပြ မြန်မာ့လက်ရွေးစင် ကာယဗလ အားကစားသမားဟောင်း ဦးအောင်နိုင်က မီးရှူးတိုင်ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏသို့ သယ်ဆောင်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဦးအောင်နိုင်ထံမှ မီးရှူးတိုင်ကိုလက်ခံရယူပြီး တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလျက် ပြိုင်ပွဲရုံ လှေကားထိပ်ရှိ မီးကူးဒယ်၌ ထွန်းညှိပေးသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲဝင်အားကစားသမားများအား ကြိုဆိုနှုတ်ဆက်ခြင်းအခမ်း အနားကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ (ရန်ကုန်ဇုန်)ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ ၄၄ နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရရှိခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြိုင်ပွဲအစမှ ပြိုင်ပွဲပြီးဆုံးသည်အထိ စိတ်ချမ်းမြေ့စွာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံ့ဂုဏ်သိက္ခာနှင့်အညီ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက် ထားရှိပါကြောင်းနှင့် မိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြစေရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့်

နားတွင် မြန်မာ
ရက်သစ်သီးဝလံ
တင်ပို့နေသည့်
ည်း တွေ့ရ
င်တော်အတွက်
နိုင်ငံခြားဝင်ငွေ
ထုကျန်းမာရေး
က်အကူပြုသည့်
ကိုဆောင်ရွက်
းလိုပါကြောင်း၊
ျိုးထုတ်လုပ်မှု
အရေးကြီး
ျိုးသန့် မျိုးစေ့
ုတ်ကုမ္ပဏီကြီး
တွင် ရင်းနှီး
ုတ်လုပ်ဖြန့်ဖြူး
ပါကြောင်းဖြင့်

တိယသမ္မတနှင့်
က်စက်ယို ဆည်
ဆင့်မြင့် စံပြ
စ်ဆက်တစ်စပ်
က်ကွင်းအတွင်း
းလျက်ရှိသော
သစ်သီးဝလံနှင့်
က်ခင်းများအား
းပေးကြသည်။
တိယသမ္မတနှင့်
lliance Stars
ာ တာဝန်ယူ
င်ရွက်လျက်ရှိ
ပ်ငန်းသုံး စက်
ို လှည့်လည်
ိုး အဆင့်မြင့်
သစ်သီးဝလံများ
သန့်စင်စက်နှင့်
ည်ဆောက်ထား
ို လှည့်လည်
ပေးကြသည်။
င်းလွတ်သစ်သီး
င်းရွက်စိုက်ခင်း
ကြည့်ရှုလေ့လာ
နေပြည်တော်
ဇ္ဇာသီရိမြို့နယ်
ာမှ ဒေသခံ
သူ ကိုရဲရန်
ါအတိုင်းသူ၏
ည်။
ကောင်းမွန်တဲ့
ါ။ တောင်သူ
ပေါ်ပေါက်လာ
က်ကောင်းမယ်

ဆိုရင်တော့ တောင်သူတွေက စိုက်အားကောင်းမှာပါ။ ကျွန်တော်တို့လို တောင်သူတွေအတွက် ဈေးကွက်ခိုင်မာမှုရှိမယ်ဆိုလို့ရှိရင် ဘယ်တောင်သူမဆို စိတ်အားထက်သန်စွာနဲ့ စိုက်ကြမှာ သေချာပါတယ်။ အခုလို ဩဂဲနစ်စိုက်ခင်းတွေကို မြင်တွေ့ရတာ အလွန်ဘောကျပါတယ်။ စားသုံးသူတွေအတွက် အန္တရာယ်ကင်းတဲ့အတွက် ပိုသဘောကျတာလည်းပါတယ်။ ဒေသမျိုးစေ့နဲ့တောင် ဒီလောက်ဖြစ်ထွန်းတာကို မြင်ရတော့ အတိုင်းထက်အလွန်သဘောကျပါတယ်ဗျာ။ နိုင်ငံခြားမျိုးနဲ့သာ စိုက်ရင် ဒီ့ထက်တောင် ပိုထွားဦးမယ်ထင်တယ်။”

အလားတူ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာနေ ဒေသခံတောင်သူ ကိုစိုးမိုးအောင်က “ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုး ဩဂဲနစ်စိုက်ခင်းတွေ ဖြစ်ပေါ်လာတာကို ဒေသခံတစ်ယောက်အနေနဲ့ရော၊ ဒေသတစ်ခုလုံးအတွက်ရော အထူးဂုဏ်ယူဝမ်းမြောက်ပါတယ်။ အခုဆိုရင် ဥတ္တရသီရိမြို့နယ် ဇလောင်းအုပ်စုဝန်းကျင်မှာ ဇုန်ဧက ၁၀၀ ကျမယ်လို့ ကြားနေရတဲ့အတွက် ကြိုဝမ်းသာမိတယ်။ ပြောရရင် တော်တော်လေးကို ဝမ်းသာတာပါ။ ဩဂဲနစ်စိုက်ခင်းဖြစ်ပေါ်မှုက ကျယ်ပြန့်တယ်ဗျ။ စိုက်ပျိုးနည်း၊ လုပ်ကိုင်ဆောင်ရွက်နည်း၊ နည်းပညာတွေကျယ်ပြန့်လာသလို ဈေးကွက်ကလည်း အလွန်အရေးကြီးတယ်။ နိုင်ငံတော်ရဲ့ စီမံချက်တွေ၊ ဝန်ကြီးဌာနရဲ့ ထောက်ပံ့မှုတွေရယူဖို့လည်း အရေးကြီးတယ်ဗျ။ ဒါ့ထက် ပိုအရေးကြီးတာက ဈေးကွက်ခိုင်မာဖို့ပဲ။ အဲဒီအချက်တွေ ညီခဲ့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ လက်ရှိစိုက်ပျိုးရေးစနစ်အရ ခေတ်နဲ့အညီ မလိုက်နိုင်စရာ မရှိပါဘူး။ စက်ရုံ၊ အလုပ်ရုံတွေဘယ်လောက်ပဲ တည်ဆောက်တည်ဆောက်၊ ဒီဒေသဟာ လယ်သမားတွေ အဓိကနေတဲ့နေရာဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို ပိုပြီး ဦးစားပေးဖို့လိုပါတယ်။ နောက်ဆိုရင် နေပြည်တော်ဟာ ဩဂဲနစ်စိုက်ခင်းတွေနဲ့ အထင်ကရ ဖြစ်ပေါ်လာမယ်လို့ မျှော်မှန်းထားပါတယ်”ဟု ၎င်းတို့၏အမြင်နှင့် စိတ်ခံစားချက်များကို ပြောပြခဲ့သည်။ **(သတင်းစဉ်)**

ပြိုင်ပွဲအစမှ
ထိ စိတ်ချမ်း
ှဉ်ပြိုင်နိုင်ရေး
သိက္ခာနှင့်အညီ
ာင် ပြင်ဆင်
ိပါကြောင်းနှင့်
ကိုယ်စိတ်
လန်းကြစေရန်
းပါကြောင်းဖြင့်

ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်တာဝန်ရှိသူတို့က အာဆီယံနိုင်ငံများမှ အသင်းအုပ်ချုပ်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့နာယကကြီးများနှင့် အလှူရှင်များက ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအမျိုးသမီးအားကစားသမားများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော မြန်မာအမျိုးသမီးအားကစားသမားများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့နာယကကြီးများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့နာယကကြီးများဖြစ်ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက ငွေကျပ် ၁၀ သိန်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီးဒေါ်နန်းရွှေမူနံက ငွေကျပ် ငါးသိန်း၊ ဒုတိယသမ္မတဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က ငွေကျပ် ငါးသိန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၏ ဇနီး ဒေါ်မာမာဝေတို့က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းငွေကျပ်သိန်း ၃၀၊ သမ္မတရုံးဝန်ကြီးဌာန ခြောက်ခုမှ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများက ငွေကျပ် ၁၀ သိန်းစီ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ လှူဒါန်းငွေကျပ် သိန်း ၃၃၀၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးများဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ငွေကျပ် ငါးသိန်းစီ၊ အမျိုးသမီး အားကစားအဖွဲ့ချုပ်များက ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၄၆၀ ကို ပေးအပ်လှူဒါန်းကြရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ နာယကကြီးများနှင့် နာယကများသည် ဝဏ္ဏသိဒ္ဓိ အားကစားဇုန်တွင် ဖွင့်လှစ်ထားသော Social Zone နှင့် စိတ်ဓာတ်မြှင့်တင်ရေးခန်းမ (အားကစားပြတိုက်)အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လက်ခံယူစဉ်။(သတင်းစဉ်)

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမူနံ ငွေကျပ် ငါးသိန်း လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းလက်ခံယူစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် ငွေကျပ် ငါးသိန်း လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းလက်ခံယူစဉ်။ (သတင်းစဉ်)

ရွှေတံဆိပ်ဆုရရှိသည့် မြန်မာ့အားကစားသမားများအား ဆုချီးမြှင့်နိုင်ရေး မော်တော်ယာဉ် ရှစ်စီးလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုရရှိသော မြန်မာအားကစားသမားများအား ဆုချီးမြှင့်နိုင်ရေးအတွက် မော်တော်ယာဉ် ရှစ်စီးလှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် အားကစားရွာ Social Zone ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက် ပြီး မော်တော်ယာဉ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် Kyaw Enterprise Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ MCM PACIFIC Pte Ltd. မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း မော်တော်ယာဉ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မော်တော်ယာဉ်ဆိုင်ရာ စာရွက်စာတမ်းများကို အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအသင်းများ အောင်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ ဆက်သွယ်ဆောင်ရွက်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hunan Leopaard Motors Co.,Ltd. နှင့် Kyaw Enterprise Co.,Ltd. တို့က ပူးပေါင်းလှူဒါန်းသည့် မော်တော်ယာဉ်တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၁၆၀၀၀ တန်ဖိုးရှိ Liebao Feiteng (Model Year. 2013) မော်တော်ယာဉ်သုံးစီးကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHANGAN International Corporation နှင့် MCM PACIFIC Pte Ltd. တို့ပူးပေါင်းလှူဒါန်းသည့် မော်တော်ယာဉ်တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅၂၂၀ တန်ဖိုးရှိ Benni Mini (Model Year 2013) မော်တော်ယာဉ်ငါးစီးကို လည်းကောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၄၁၀၀ တန်ဖိုးရှိ မော်တော်ယာဉ်ရှစ်စီးကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်ချက်(၄/၂၀၁၃)

၁။ နိုင်ငံတကာလူ့အခွင့်အရေးနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မင်္ဂလာရှိသောအခါသမယကို နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပါဝင်ဆင်နွှဲအပ်ပါသည်။

၂။ နိုင်ငံတကာလူ့အခွင့်အရေးနေ့သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွက် အထူးအရေးပါသည့် နေ့တစ်နေ့ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်အတွင်း၌ ကော်မရှင်သည် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပထမဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့၏ အရေးကြီးသောဌာနများ၊ လွှတ်တော်နှင့် ပြည်သူလူထုထံသို့ ဖြန့်ဝေနိုင်ခဲ့ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏မွေးရာပါ အခွင့်အရေးများကို အပြည့်အဝသိရှိလာစေရန်အလို့ငှာ ကော်မရှင်သည် အရေးကြီးသည့် ဤကြေညာစာတမ်းကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ်တွင် ကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နှင့် ဥက္ကံမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ဝမ်းတွင်းမြို့၊ ပျော်ဘွယ်မြို့နှင့် မိတ္ထီလာမြို့၊ ရှမ်းပြည်နယ် လားရှိုးမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် သံတွဲမြို့များသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်၍ လူထုနှင့် ထိတွေ့မှုများဆောင်ရွက်ခြင်း၊ ကော့သောင်းမြို့နှင့် မော်လမြိုင်မြို့ရှိ အကျဉ်းထောင်များသို့ သွားရောက်ခြင်းဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်များအတွင်း တွေ့ရှိချက်များကို အခြေပြု၍ အဆိုပါမြို့နယ်များတွင် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးနှင့် ယင်းအကျဉ်းထောင်များ၏အခြေအနေများတိုးတက်ကောင်းမွန်ရေးတို့အတွက် လိုအပ်သည့်ကြိုတင်ကာကွယ်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက် ကော်မရှင်သည် အရေးကြီးသည့် အကြံပြုချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်သွင်းခဲ့ပါသည်။

၄။ လူ့အခွင့်အရေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကော်မရှင်သည် ဆွီဒင်အခြေစိုက် Raoul Wallenberg Institute (RWI) နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ဗန်ကောက်ရှိ ဒေသဆိုင်ရာရုံး (OHCHR) တို့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများ၌ ဆွေးနွေးခဲ့သည့် ဘာသာရပ်များတွင် စီးပွားရေးနှင့်လူ့အခွင့်အရေး၊ လူ့အခွင့်အရေးနှင့်မီဒီယာ စသည့် ဘာသာရပ်များပါဝင်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများတွင် နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(ICESCR)နှင့် နိုင်ငံတကာပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (ICCPR) တို့နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲနှစ်ခုလည်းပါရှိခဲ့ပြီး ယင်းသဘောတူစာချုပ်နှစ်ရပ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်ဖြစ်လာသည့်အချိန်တွင် အဆိုပါစာချုပ်များကို အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိများအနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍကို ဆောင်ရွက်နိုင်ကြစေရန် အထူးရည်ရွယ်၍ ယင်းအလုပ်ရုံဆွေးနွေးပွဲနှစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အထူးအလေးပေးဖော်ပြလိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ဗန်ကောက်အခြေစိုက်ရုံးနှင့် ပူးပေါင်း၍ နေပြည်တော်၌ ကျင်းပခဲ့သည့် Universal Periodic Review(UPR) ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲဖြစ်ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအရာထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ကြွစွာပါဝင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ UPR လုပ်ငန်းစဉ်နှင့် ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ မြန်မာနိုင်ငံက တင်သွင်းမည့် UPR အစီရင်ခံစာကို ပြုစုပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေပါမည်။

၅။ ကော်မရှင်သည် ၎င်း၏လူ့အခွင့်အရေးမြှင့်တင်မှုလုပ်ငန်းအဖြစ် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ဗန်ကောက်အခြေစိုက်ရုံးက စီစဉ်ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များကို ကော်မရှင်သို့ဖိတ်ကြားကာ ကော်မရှင်အဖွဲ့ဝင်များ၏ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာမှ ရရှိသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခြင်းနှင့် ပြည်ထောင်စုလွှတ်တော်မှအတည်ပြုရန်ရှိသည့် ကော်မရှင်၏ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များကို ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုသည် ကော်မရှင်၏ အနာဂတ်လုပ်ငန်းများတွင် ဦးစားပေးနယ်ပယ်တစ်ရပ်အဖြစ် ဆက်လက်အရေးပါနေမည်ဖြစ်သည်။

၆။ လူ့အခွင့်အရေးကာကွယ်မှုနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ တိုင်ကြားစာပေါင်း ၁၅၉၉ မှုကို ကော်မရှင်က လက်ခံရရှိခဲ့ပြီး တိုင်ကြားစာ ၁၂၀၆ မှုကို စဉ်းစားစိစစ်ပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများနှင့် ဖြေရှင်းမှုများပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်ကြားစာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးထံသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ တိုင်ကြားစာများကို ဆက်လက်ရရှိနေဆဲဖြစ်ပြီး ကော်မရှင်အနေဖြင့် အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုကို တန်ဖိုးထားသကဲ့သို့ ရရှိသော တုံ့ပြန်မှုများအရ တိုင်ကြားစာများ စိစစ်သည့်စနစ်တစ်ရပ်လုံးအား ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်သွားရန် များစွာလိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။ ကော်မရှင်အနေဖြင့် သက်ဆိုင်သူများအကြား ပိုမို၍တက်ကြွစွာ ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် ဖောက်ဖျက်ကျူးလွန်မှုဖြစ်ပွားရာ ဒေသများသို့ပို၍ သွားရောက်စုံစမ်းစစ်ဆေးခြင်း စသည့်ထိရောက်သော ဆောင်ရွက်မှုများကို ပြုလုပ်သွားရန် စီမံလျက်ရှိပါသည်။

၇။ ကော်မရှင်အဖွဲ့ဝင်များသည် လူ့အခွင့်အရေးနှင့်ပတ်သက်သော ဒေသဆိုင်ရာအစည်းအဝေးများတွင် တက်ကြွစွာပါဝင်တက်ရောက်ခြင်း၊ အရှေ့တောင်အာရှလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာဖိုရမ်(SEANF) နှင့် အာရှ-ပစိဖိတ်ဖိုရမ် (APF) ကဲ့သို့ ဒေသအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် ဒေသအဆင့်၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ပူးပေါင်းဆောင်ရွက်မှုသည် လွန်ခဲ့သည့်နှစ်ကကဲ့သို့ပင် ခိုင်မာအားကောင်းလျက်ရှိပါသည်။ အာရှ-ပစိဖိတ်ဖိုရမ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကော်မရှင်သည် ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အတွက် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ဤမဟာဗျူဟာအရ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို စီမံထားပါသည်။

၈။ ယနေ့လူ့အခွင့်အရေးနေ့တွင် ကော်မရှင်သည် ၎င်း၏လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုကို ရရှိမည်ဟု ပြင်းပြစွာ မျှော်လင့်ပါသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုကို မရရှိပါက လူ့အခွင့်အရေးကို လေးစားလိုက်နာသည့်၊ မြှင့်တင်သည့်၊ ကာကွယ်ဖြည့်ဆည်းပေးသည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်သည် ပေါ်ပေါက်လာနိုင်မည်မဟုတ်ပေ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

ပြည်တွင်းသတင်း

နေပြည်တော်ကောင်စီနယ်မြေ၌ ရေကြီးနစ်မြုပ်၍ သီးနှံပျက်စီးထိခိုက်ခဲ့သည့် တောင်သူများအား နိုင်ငံတော်မှ သီးနှံမျိုးစေ့များ ပြန်လည်ပံ့ပိုးပေးအပ်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် အောက်တိုဘာလအတွင်း အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍သီးနှံပျက်စီးထိခိုက်ခဲ့သည့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူများအား နိုင်ငံတော်မှ သီးနှံမျိုးစေ့များ ပြန်လည်ပံ့ပိုးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇီးဖြူပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်များတွင် အောက်တိုဘာလအတွင်း အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် သီးနှံစိုက်ခင်းများ၌ ရေကြီးနစ်မြုပ်၍ လယ်ယာမြေပေါင်း ၂၆၆၅ ဧကထိခိုက်ခဲ့ပြီး ၃၅၁၃ ဧကပျက်စီးခဲ့သဖြင့် နိုင်ငံတော်မှတောင်သူများအား ကူညီစောင့်ရှောက်၍ သီးနှံမျိုးစေ့များကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ သီးနှံများပျက်စီးသွားသည့် လယ်ယာမြေတစ်ဧကလျှင် ၅၀၀၀၀ ကျပ်နှုန်း၊ သီးနှံထိခိုက်သည့် လယ်ယာမြေတစ်ဧကလျှင် ၂၀၀၀၀ ကျပ်နှုန်းတို့နှင့် ညီမျှသောသီးနှံမျိုးစေ့များကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း။

နောင်နှစ်တွင် ရေကြီးနစ်မြုပ်မှု မခံရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအားလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခု ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကျန်းမာရေးဆရာဝန်၊ တိရစ္ဆာန်ဆေးကုဆရာဝန်၊ စိုက်ပျိုးရေးပညာရှင်နှင့် အင်ဂျင်နီယာတို့ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံအချက်အလက်များ ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ (Mobile Team) များကိုလည်း စေလွှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ထောက်ပံ့ပေးသည့် သီးနှံမျိုးစေ့များအား ပျက်စီးထိခိုက်သွားသည့် လယ်ယာမြေများတွင် အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျကြိုးစားစိုက်ပျိုး ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။ **(ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက လယ်ယာမြေများထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာအုပ်စုများသို့ နိုင်ငံတော်မှ သီးနှံမျိုးစေ့များ ပြန်လည်ပံ့ပိုးပေးအပ်နိုင်ရေး ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် သီးနှံပျက်စီးထိခိုက်ခဲ့သော တောင်သူများအတွက် ကျေးရွာအုပ်စုကိုယ်စားလှယ်များထံသို့ နိုင်ငံတော်မှပံ့ပိုးသည့် သီးနှံမျိုးစေ့များကိုပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာအုပ်စုနှင့် နှမ်းတောကျေးရွာအုပ်စု ကိုယ်စားလှယ်များထံသို့ လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့် ဦးမြင့်ရွှေတို့က ညောင်ပင်သာကျေးရွာအုပ်စု၊ ကင်မွန်းတန်းကျေးရွာအုပ်စု၊ သနပ်ပင်ဆိပ်ကျေးရွာအုပ်စုနှင့်ဆင်သေကျေးရွာအုပ်စုကိုယ်စားလှယ်များထံသို့ လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက ကျွန်းဦးကျေးရွာအုပ်စု ကိုယ်စားလှယ်ထံသို့ လည်းကောင်း အသီးသီးပေးအပ်ကြသည်။

ထို့နောက် ရေကြီးနစ်မြုပ်၍ သီးနှံများ ပျက်စီးထိခိုက်ခဲ့သည့် တောင်သူများ ကိုယ်စားဇီးဖြူပင်ကျေးရွာမှ တောင်သူ ဦးစိုးတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း ရေကြီးနစ်မြုပ်၍ သီးနှံများပျက်စီးထိခိုက်ခဲ့သည့် ကူးတို့ဆိပ်ကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၅၆၄ ဧကအတွက် မတ်ပဲ ၁၂၈၂ တင်းနှင့် ထိခိုက်ခဲ့သည့် လယ်ယာမြေ ၃၄ ဧကအတွက် မတ်ပဲ တင်း ၃၀ စုစုပေါင်း မတ်ပဲ ၁၃၁၁ တင်း၊ ဇီးဖြူပင်ကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၁၁၂၈ ဧကအတွက် ကုလားပဲ ၂၆၈၆ တင်းနှင့်ထိခိုက်ခဲ့သည့် လယ်ယာမြေ ၃၆၆ ဧကအတွက် ကုလားပဲ ၃၄၈ တင်း စုစုပေါင်း ကုလားပဲ ၃၀၃၄တင်း၊ နှမ်းတောကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့်လယ်ယာမြေ ၅၅ ဧက အတွက် မတ်ပဲ ၁၂၅ တင်းနှင့်ထိခိုက်ခဲ့သည့် လယ်ယာမြေ ၆၇ ဧကအတွက် မတ်ပဲ ၆၁ တင်း စုစုပေါင်း မတ်ပဲ ၁၈၆ တင်း၊ ညောင်ပင်သာကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၂၃ ဧကအတွက် မတ်ပဲ ၅၂ တင်း၊ ကင်မွန်းတန်းကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၁၃ ဧကအတွက် မတ်ပဲ တင်း ၃၀၊ သနပ်ပင်ဆိပ်ကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၁၅ ဧကအတွက် မတ်ပဲ ၃၄ တင်း၊ ဆင်သေကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၂၄ ဧကအတွက် မတ်ပဲ ၅၅ တင်း၊ ကျွန်းဦးကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၁၇ ဧကအတွက် မတ်ပဲ ၃၉ တင်း စုစုပေါင်း ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ပျက်စီးခဲ့သည့်လယ်ယာမြေ ၁၈၃၉ ဧကနှင့် ထိခိုက်ခဲ့သည့်လယ်ယာမြေ ၄၆၇ ဧကတို့အတွက် မတ်ပဲ ၁၇၀၈ တင်းနှင့် ကုလားပဲ ၃၀၃၄ တင်းတို့ကို တောင်သူများထံသို့ နိုင်ငံတော်က ပံ့ပိုးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ပြိုင်ပွဲဝင်နိုင်ငံများ၏ အမည်ဆိုင်းဘုတ်ကိုင်သူစာရင်း ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲမှစ၍ စတင်ဖျော်ဖြေဖွင့်လှစ်တော့မည်ဖြစ်ရာ အခမ်းအနားတွင် နိုင်ငံအလိုက် ကိုယ်စားပြု ဆိုင်းဘုတ်ကိုင်မည့် အမျိုးသမီးလှပျိုဖြူနှင့် စစ်ကြောင်းချီကျောင်းသူကလေးများ၏စာရင်းကို ဖွင့်ပွဲအခမ်းအနားကျင်းပရေးကော်မတီက ထုတ်ပြန်ပေးသည့် အစီအစဉ်အရ ချိတက်ရာတွင်-

၁။ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုလင်းဖြူသန့်နှင့်ကချင်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။ ဘရူနိုင်းနိုင်ငံ
၂။ ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းရတီမြတ်နှင့် ကယားပြည်နယ် Cheers ကျောင်းသူအဖွဲ့။ ကမ္ဘောဒီးယားနိုင်ငံ
၃။ မန္တလေးတိုင်းဒေသကြီးမှ မပိုးအိထွန်းနှင့် ကရင်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။ လာအိုနိုင်ငံ
၄။ စစ်ကိုင်းတိုင်းဒေသကြီးမှ မကြည်တြာဗိုလ်နှင့် ချင်းပြည်နယ် Cheers ကျောင်းသူအဖွဲ့။ အင်ဒိုနီးရှားနိုင်ငံ
၅။ ပဲခူးတိုင်းဒေသကြီးမှ မအိစက်မွန်နှင့် မွန်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။ မလေးရှားနိုင်ငံ
၆။ တနင်္သာရီတိုင်းဒေသကြီးမှ မဆွေဆွေအောင်နှင့် ရခိုင်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။ ဖိလစ်ပိုင်နိုင်ငံ
၇။ မန္တလေးတိုင်းဒေသကြီးမှ မခင်ဦးသာနှင့် ရှမ်းပြည်နယ် Cheers ကျောင်းသူအဖွဲ့။ စင်ကာပူနိုင်ငံ
၈။ ကရင်ပြည်နယ်မှ မနန်းထက်ထက်အောင်နှင့် တနင်္သာရီတိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။ ထိုင်းနိုင်ငံ
၉။ မွန်ပြည်နယ်မှ မမိကျော့ကျော့ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။ တီမောလက်စ်တေနိုင်ငံ
၁၀။ ရန်ကုန်တိုင်းဒေသကြီးမှ မမြတ်ကျော့ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။ ဗီယက်နမ်နိုင်ငံ
၁၁။ ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြာသီရိကိုနှင့် ဧရာဝတီတိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။ မြန်မာနိုင်ငံတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းသင်အခြေခံဥပဒေဆိုင်ရာခုံရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	အမျိုးအမည်		အရေအတွက်
(က)	Desktop Computer Core 15	-	12 Units
(ခ)	Laptop Computer Core 15	-	2 Units
(ဂ)	Projector(Panasonic PT-LB3EA)	-	1 Unit
(ဃ)	Memory Stick(Apacer)8 GB	-	5 Units
(င)	Head Phone(Sonic)	-	12 Units
(စ)	Amplifier	-	1 Set
(ဆ)	Digital Multifunction Copier	-	1 Unit

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်းလျှောက်ထားနိုင်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ
(ဂ) **တင်ဒါသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၄)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ နေပြည်တော်

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၂၆၃နှင့် ၀၆၇-၄၃၀၂၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စက်ကိရိယာများဝယ်ယူရေးအဖွဲ့



အမည်မှန်

ညောင်တုန်းမြို့၊ (၁)ရပ်ကွက်၊ ၃၉ လမ်းနေ ဦးဟန်ညွန့်၏သမီး ကျွန်မ မမြဝတ်ရည်ဟန်အား မမြတ်ဝတ်ရည်ဟန် ၁၄/ညတန(နိုင်)၁၂၂၇၀၆ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မမြတ်ဝတ်ရည်ဟန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
မွန်ပြည်နယ်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မီးစက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) 150 KV တစ်လုံးနှင့်ဆက်စပ်ပစ္စည်းများ

၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၉-၁၂-၂၀၁၃ရက်မှ ၂၀-၁၂-၂၀၁၃ရက်အထိ ၉း၃၀နာရီမှ ၁၅း၀၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပြီး ၂၇-၁၂-၂၀၁၃ရက်(သောကြာနေ့) ၉း၃၀နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး(အောင်ဆန်းခန်းမ)တွင် တင်ဒါဖွင့်ပွဲပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး
မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၁၄၈၁၊ ၀၅၇-၂၇၃၀၃

ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကချင်ပြည်နယ်၊ နောင်မွန်းမြို့ရှိ နောင်မွန်း လေယာဉ်ပြေးလမ်းပေ(၄၀၀၀×၁၀၀)အား ကျောက်ကတ္တရာခင်း တည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် မြေသားလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၃ရက်

၄။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၁-၂၀၁၄ရက် ၁၆း၃၀နာရီ

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့

၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄နှင့် ပူတာအိုလေဆိပ်ရုံး၊ ဖုန်း-၀၉-၈၄၀၀၁၅၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အမည်ပြောင်း

ဦးကိုကိုအောင်၏သား အထက(၄)အလုံ၊ သူငယ်တန်း(C)မှ မောင်မင်းဟိဏ်းခန့်အား မောင်စုအောင်ပြည့်လျှံဟုခေါ်ဆိုပါရန်။

မောင်စုအောင်ပြည့်လျှံ

ပျောက်ဆုံးကြောင်း

ကျွန်တော် သွင်မောင်မောင် ၁၂/ဗဟန(နိုင်)၀၀၂၁၇၁၏မြန်မာနိုင်ငံကူးလက်မှတ် သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၅၈၁၁၁

လူကုန်ကူးမှုအဓိပ္ပာယ်ဖွင့်ဆိုချက်ပါ 'ပြည့်တန်ဆာပြုခြင်း' ဖွင့်ဆိုချက်

ဇော်မျိုးမိုး

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃(က)မှာ လူကုန်ကူးမှုအဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဆရာများရဲ့ သင်ကြားချက်အရ အပိုင်းသုံးပိုင်းခွဲခြားထားတယ်လို့ မှတ်သားရပါတယ်။ အဲ့ဒီအပိုင်း သုံးပိုင်းကိုတော့ နည်းလမ်း၊ လုပ်ဆောင်ချက်နဲ့ ရည်ရွယ်ချက်ဆိုပြီး ခွဲခြားပြောလေ့ရှိကြပါတယ်။

နည်းလမ်းလို့ဆိုရာမှာ ပုဂ္ဂိုလ်တစ်ဦးဦးက အခြားသူတစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်းနဲ့ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်တဲ့သူရဲ့ သဘောတူညီချက်ရဖို့ ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းဆိုပြီး နည်းလမ်းခြောက်ခုပါဝင်တာ တွေ့ရပါတယ်။ ဆိုလိုတာက လူကုန်ကူးသူ လူပွဲစားတွေဟာ အထက်မှာ ဖော်ပြထားတဲ့နည်းလမ်းခြောက်ခုထဲက တစ်ခုခုကိုအသုံးပြုရမှာ ဖြစ်ပါတယ်။

လုပ်ဆောင်ချက်(ပြုလုပ်မှု)ကို ဖွင့်ဆိုရာမှာတော့ သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းဆိုပြီး ကိုးချက်ပါဝင်ပါတယ်။ လူကုန်ကူးမှုရဲ့ သဘောအရ တစ်နေရာကနေ တစ်နေရာကို ပို့ဆောင်ပေးရတာကြောင့် ဒီအချက်ကိုးချက်ကတော့ ပြည့်စုံတဲ့ ပြဋ္ဌာန်းချက်တွေပဲ ဖြစ်ပါတယ်။

အထက်ကပြောခဲ့တဲ့ နည်းလမ်းနဲ့လုပ်ဆောင်ချက် (ပြုလုပ်မှု)တွေဟာ ဘာအတွက်လဲဆိုရင် တတိယအပိုင်းဖြစ်တဲ့ "ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ" ဆိုတဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ပဲ ဖြစ်ပါတယ်။ "ခေါင်းပုံဖြတ်ခြင်းရဲ့ အဓိပ္ပာယ်ကိုတော့ ပုဒ်မ ၃(က) ရှင်းလင်းချက်(၁)မှာ ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းချက်က ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားတာကြောင့် ရှင်းလင်းသွားအောင် တစ်ချက်ချင်း ရေးပြလိုက်ပါတယ်။

ခေါင်းပုံဖြတ်ခြင်းဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးက အခြားသူတစ်ဦးတစ်ယောက်အား

(၁) ပြည့်တန်ဆာပြုခြင်း၊
(၂) အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုခြင်း၊
(၃) အဓမ္မအလုပ်ခိုင်းစေခြင်း၊
(၄) အဓမ္မဝန်ဆောင်မှု ပေးစေခြင်း၊
(၅) ကျွန်ပြုခြင်း၊
(၆) ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊
(၇) ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊
(၈) သူတစ်ပါးခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းပြုရာမှရရှိသော ငွေကြေးအကျိုးအမြတ်တစ်စုံတစ်ရာကို လက်ခံရယူခြင်း သို့မဟုတ် လက်ခံရန် သဘောတူခြင်းဟု ဖော်ပြထားပါတယ်။

ဒီနေရာမှာ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်နှစ်ခုပြောဖို့ ကျန်ခဲ့ပါတယ်။ တစ်ခုကတော့ လူကုန်ကူးမှုကျူးလွန်ရာမှာ ကာယကံရှင် (လူကုန်ကူးခံရသူ)ရဲ့ သဘောတူမှု/မတူမှုကို ထည့်သွင်းစဉ်းစားဖို့မလိုပါဘူး။ နောက်တစ်ချက်ကတော့ လူကုန်ကူးခံရသူဟာ ကလေးသူငယ် (အသက် ၁၆ နှစ် မပြည့်သေးသူ) ဖြစ်မယ်ဆိုရင် လူကုန်ကူးမှုမြောက်ဖို့ အင်္ဂါရပ်သုံးရပ်မှာ နည်းလမ်းကို ထည့်သွင်းစဉ်းစားဖို့မလိုခြင်းပဲ ဖြစ်ပါတယ်။

ဆိုလိုတာကတော့ လူပွဲစားတစ်ဦးက ၁၆ နှစ်အောက် အမျိုးသမီးငယ်တစ်ဦးကို ခေါ်ဆောင်လာပြီးတော့ သူ့ရဲ့ဖောက်သည် အမျိုးသားတစ်ဦးထံ ကာမဆက်ဆံဖို့ လွှဲပြောင်းပေးတယ်။ ပြီးတော့ အဲဒီဖောက်သည်က ပေးတဲ့ငွေကို တချို့တစ်ဝက်ကို အမျိုးသမီးငယ်ကိုပေးပြီး ကျန်တာကို သူကယူတယ်ဆိုရင်ပဲ လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အကျုံးဝင်သွားပြီ ဖြစ်ပါတယ်။ (ပြည့်တန်ဆာအဖြစ် စေခိုင်းရာမှ ရရှိတဲ့ငွေ/ အကျိုးအမြတ်တစ်စုံတစ်ရာကို လက်ခံရယူခြင်းဆိုတဲ့အချက်ကို ကျူးလွန်ရာ ရောက်လို့ပါပဲ)

ပြည်တွင်းလူကုန်ကူးမှုတွေမှာ အဖြစ်များတဲ့ "ပြည့်တန်ဆာအဖြစ် စေခိုင်းမှု" နဲ့ ပတ်သက်ပြီး "ပြည့်တန်ဆာပြုခြင်း" ဆိုတဲ့ ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ ၃ (က) ရှင်းလင်းချက် (၂) ကို လေ့လာထားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မတူညီတဲ့ပြဋ္ဌာန်းချက်များ ပါဝင်နေတာကြောင့် ဖြစ်ပါတယ်။

ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၃ ရှိ ပြည့်တန်ဆာကိစ္စ အလို့ငှာ မြူခေါ်သွေးဆောင်ခြင်းကို ဖွင့်ဆိုရာမှာ အများပြည်သူနဲ့ဆိုင်တဲ့နေရာ၊ ထိုနေရာကနေ မြင်သာ ကြားသာတဲ့ အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ်အတွင်းမှ ပြည့်တန်ဆာကိစ္စအလို့ငှာ နှုတ်၊ ကိုယ်အမူအရာများနဲ့ ဟိရိဩတ္တပ္ပကင်းပြီး မိမိကိုယ်ကာယကို လှစ်ပြခြင်း၊ အာရုံစွဲငြိစေဖို့ အားထုတ်ခြင်း၊ ပြည့်တန်ဆာကိစ္စအတွက် တစ်ဦးတစ်ယောက်ကို မြူခေါ်သွေးဆောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် အနီးအနားရစ်ဝဲခြင်း လုပ်မယ်ဆိုရင် သွေးဆောင်တယ်လို့ သတ်မှတ်ပါတယ်။

ပုဒ်မ ၆ "ပြည့်တန်ဆာဖြစ်မြောက်အောင်ပြုခြင်း" ကို ဖော်ပြရာမှာ အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာလုပ်ဖို့ ပြည့်တန်ဆာအိမ်ကို သွေးဆောင်ပြီး ပို့မယ်ဆိုရင် အဲဒီသွေးဆောင်သူကို ငွေဒဏ်၊ အလုပ်နဲ့ ထောင်ဒဏ် တစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပို စီရင်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃ (က) ရှင်းလင်းချက် (၂) အရ "ပြည့်တန်ဆာပြုခြင်း" အဓိပ္ပာယ်ကို ဖွင့်ဆိုရာမှာ

(၁) ငွေကြေးအကျိုးအမြတ် သို့မဟုတ် အဖိုးစားနားတစ်ခုခုအတွက်
(၂) ကာမစပ်ယှက်ရန် သို့မဟုတ်
(၃) ကာမရာဂစိတ်ပေါ်ပေါက်ရန်အလို့ငှာ
(၄) ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက
(က) တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊
(ခ) အသုံးပြုခြင်း
(ဂ) ဆက်ဆံခြင်း သို့မဟုတ်
(ဃ) အစီအစဉ်ချမှတ် ဆောင်ရွက်ခြင်းကိုဆိုသည်လို့ပြဋ္ဌာန်းထားပါတယ်။

ယခင်ပြဋ္ဌာန်းခဲ့တဲ့ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေအရ ပြည့်တန်ဆာပြုခြင်းဆိုရာမှာ ကာမစပ်ယှက်ခြင်းအတွက် ရည်ညွှန်းသော်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှာတော့ ကာမစပ်ယှက်ရန်သာမက ကာမရာဂစိတ်ပေါ်ပေါက်စေဖို့ တစ်စုံတစ်ရာပြုလုပ်ခြင်းဟာလည်း ပြစ်မှုမြောက်တယ်လို့ သတ်မှတ်မှာဖြစ်ပါတယ်။

ဥပမာအားဖြင့် အမျိုးသမီးတစ်ဦးကို စည်းရုံးသွေးဆောင်ခေါ်ယူခဲ့ပြီး ဖျော်ဖြေရေးနေရာတစ်ခုမှာ ကာမရာဂစိတ် ပေါ်ပေါက်စေနိုင်တဲ့ ဝတ်စားဆင်ယင်မှုတွေဝတ်ပေးတယ်။ အဲဒီနည်းနဲ့ ဖောက်သည်တွေကို မြူဆွယ်ပြီး အကျိုးအမြတ်ရယူတယ်ဆိုရင် ကာမစပ်ယှက်ခြင်းမပြုသည့်တိုင် ရရှိတဲ့ အကျိုးအမြတ်တစ်စုံတစ်ရာကို လက်ခံရယူမယ် ဒါမှမဟုတ် လက်ခံဖို့ သဘောတူမယ်ဆိုရင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ပြစ်မှုမြောက်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ စည်းရုံးသွေးဆောင် ခေါ်ယူခြင်းဆိုတဲ့ နည်းလမ်း၊ ဖျော်ဖြေရေးနေရာသို့ ပို့ဆောင်ခြင်းဆိုတဲ့ လုပ်ဆောင်ချက်၊ ကာမရာဂစိတ်ပေါ်ပေါက်စေဖို့ မြူဆွယ်စေပြီး အကျိုးအမြတ် တစ်စုံတစ်ရာ ရယူခြင်းဆိုတဲ့ ခေါင်းပုံဖြတ်ခြင်းစတဲ့ လူကုန်ကူးမှုအင်္ဂါရပ်သုံးခုမှာ အကျုံးဝင်သွားခြင်းကြောင့်ပါပဲ။

ဒါ့ကြောင့် ပြည့်တန်ဆာကိစ္စအလို့ငှာ ပြည့်တန်ဆာအိမ်သို့ ပို့ဆောင်ပြီး ပြည့်တန်ဆာအဖြစ် ခိုင်းစေမှသာ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၆ အရ ပြစ်မှုမြောက်သော်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦးက အခြားတစ်ဦးတစ်ယောက်ကို စည်းရုံးသွေးဆောင်ပြီး ဖျော်ဖြေရေးနေရာ တစ်ခုခုသို့ ပို့ဆောင်က ပြည့်တန်ဆာအဖြစ် မစေခိုင်းဘဲ ဖောက်သည်များရဲ့ ကာမရာဂစိတ်ပေါ်ပေါက်စေဖို့ တစ်စုံတစ်ရာပြုလုပ်ခြင်းဖြင့်ရရှိတဲ့ အကျိုးအမြတ်ကိုယူမယ်၊ ယူဖို့သဘောတူမယ်ဆိုရင် လူကုန်ကူးမှုမြောက်ကြောင်း သတိပြုဖို့လိုမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

ရရှိတဲ့ အကျိုးအမြတ်တစ်စုံတစ်ရာကို လက်ခံရယူမယ် ဒါမှမဟုတ် လက်ခံဖို့ သဘောတူမယ်ဆိုရင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ ပြစ်မှု မြောက်တယ်လို့ ဆိုရမှာဖြစ်

ရေဘေးဒုက္ခသည် ဝန်ထမ်းမိသားစုဝင်များအား KMA ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေပေးအပ်

တောင်ငူ ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် အောက်တိုဘာ ၂၉ ရက်က ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကြောင့် ရေဘေးအန္တရာယ်ကျရောက်ခဲ့ကြသည့် တောင်ငူ တော်ဝင်ကေတုမတီဟိုတယ်မှ ဝန်ထမ်းမိသားစု ၁၄ စုနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် ကျောင်းသားတစ်ဦးတို့အား KMA ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် တောင်ငူကြီးခန်းမ၌ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် KMA ဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် ဆရာဦးလှမြင့်က အမှာစကားပြောကြား၍ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ စီနှင့်တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားအတွက် ငွေကျပ် ၅၀၀၀၀ ကို CEO ဆရာ ဦးလှမြင့်နှင့်ဟိုတယ်မန်နေဂျာ ဒေါ်သန္တာအောင်တို့က ပေးအပ်လိုက်ရာ ရေဘေးဒုက္ခသည်များကိုယ်စား ဦးမြင့်ဌေးနှင့် ကျောင်းသားမိဘ ဦးချစ်ဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ (၁၁၅)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါအမျိုးအစားမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

NISSAN AD VAN (2008 Model) 5 Nos

၂။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၂၀-၁၂-၂၀၁၃ရက် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း(အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်မှုကော်မတီ) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၄တို့သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

ဂန္တဝင်ရွှေပုံ Travels & Tours Nov/Dec ခရီးစဉ်များ

ငန်ဂေါဘတ်+ဖူးခက်	၁၀.၅ သိန်း	ငန်ဂေါဘတ်	၆.၅ သိန်း	ဂျပန်	၂၉ သိန်း
မလေးရှား+စင်ကာပူ	၁၂.၅ သိန်း	စင်ကာပူ	၈.၅ သိန်း	ရုရှား	၄၂ သိန်း
ကမ္ဘောဒီးယား+ဗီယက်နမ်	၁၅.၅ သိန်း	ဗုဒ္ဓဂယာ	၁၀ သိန်း	ထိုင်ဝမ်	၂၂ သိန်း
ငန်ဂေါဘတ်+ကမ္ဘောဒီးယား	၉.၅ သိန်း	ဘာလီ	၁၈ သိန်း	ဩစတြေးလျ	၄၂ သိန်း
ပီကင်း + ရှန်ဟိုင်း + ကွမ်ဆင်း	၁၇ သိန်း	ဟောင်ကောင်	၂၀ သိန်း	ဥရောပ (၇) နိုင်ငံ	၄၇ သိန်း
မလေးရှား+စင်ကာပူ+ငန်ဂေါဘတ်	၁၅ သိန်း	ကိုရီးယား	၂၀ သိန်း	အင်္ဂလန်၊ စကော့တလန်	၄၈ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၆ သိန်း	ကမ္ဘောဒီးယား	၇.၅ သိန်း	အမေရိကန်	၄၈ သိန်း/ ၆၂ သိန်း/ ၇၃ သိန်း

... Corporate ...

No.67, Baho Rd. Sanchaung Ph: 01-519292, 519293, 519360, 500191, 510218 Call Center : 1875
E/1, 35 Rd. Bet 72x73 St. Mandalay Ph: 09-31693339 Hot Line: 09-73003772

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ဇင်သန့် (ဘ) ဦးတင်ရွှေ ပတ်စ်ပို့(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၁၅၁၁၇၊ ၀၉-၅၀၉၃၀၅၆



အမှတ် ၁၄၈၊ တတိယထပ်(ဝဲ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးမြသန်း၏

ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

၁။ ၇-၁၂-၂၀၁၃ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ ဦးမြသန်း ၁၂/ကတတ(နိုင်)၀၁၆၉၈၄၏ ကြေညာချက်တွင် ဖော်ပြထားသော အချက်အလက်များအားလုံးမှန်ကန်ခြင်းမရှိပါ။ ဦးမြသန်းဖော်ပြထားသည့်အတိုင်း ၂၀၁၃ ခုနှစ် အောက်တိုဘာလဆန်းပိုင်းတွင် ဦးကျော်သူသန်းသည် ရန်ကုန်တွင် နေထိုင်ခြင်းမရှိဘဲ အဝေးတွင်ရောက်ရှိနေသည့်အတွက် ဖခင်ဦးမြသန်းအပေါ် မည်သို့မျှ ရန်သူသဖွယ် ရိုင်းစိုင်းစွာပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက်နာကျင်အောင် ပြုစုဆောင်ရွက်ရန် အကြောင်းမရှိပါ။ မည်သည့်အခါကမျှလည်း ထိုသို့ပြုမူဆောင်ရွက်ခဲ့ခြင်းမျိုး မရှိခဲ့ပါ။
၂။ ကျွန်ုပ်၏မိတ်ဆွေသည် မိဘအပေါ်သားသမီးကျင့်ဝတ်နှင့်အညီ နေထိုင်ဆက်ဆံပြုမူဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အမွေခံသားအဖြစ်မှ စွန့်လွှတ်ရန်အကြောင်းမရှိပါ။ အမွေခံသားအဖြစ် အပြီးအပိုင် စွန့်လွှတ်ကြောင်းကြေညာခဲ့သည်မှာလည်း ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်းကို အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဒေါ်ကြူကြူဝေ LL.B.,LL.M — **တရားလွှတ်တော်ရှေ့နေ**
ဦးမောင်မောင် B.A(Law).,LL.B — **တရားလွှတ်တော်ရှေ့နေ**
ဒေါ်တင်ဇာလွင် LL.B — **အထက်တန်းရှေ့နေ**

အမှတ် ၅၆၁၊ ပထမထပ်၊ အခန်း(၄)၊ M.A.C Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ်၃၄၊ အိတ်ချ်၊ ပထမထပ်နှစ်ခန်းတွဲဖြစ်သည့် Asia Tours Myanmar Co.,Ltd. & Khine Property Co.,Ltd. တို့ ရုံးခန်းဖွင့်လှစ်တည်ရှိရာသည် ကုမ္ပဏီတည်ထောင်သူဒေါ်ဝင်းဝင်းခိုင် ၆-၁၂-၂၀၁၃ ရက် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်းနှင့် ၆-၁၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ တွင် မဥမ္မာတင် ၁၂/ကမတ(နိုင်)၀၄၁၉၆၈၏ ကြေညာချက်နှင့်ပတ်သက်၍ ၇-၁၂-၂၀၁၃ ရက်တွင် မဥမ္မာတင်မှ မြန်မာ့အလင်းသတင်းစာတိုက်သို့ ၆-၁၂-၂၀၁၃ ရက်စွဲပါ ကြေညာချက်အား ရုပ်သိမ်းပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းခိုင်
၁၂/ဥကမ(နိုင်)၁၀၃၆၂၆
အမှတ် ၃၄-အိတ်ချ်၊ ဒုတိယထပ်(နှစ်လွှာတွဲ)၊ အလံပြဘုရားလမ်း၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

ပြည်တွင်းသတင်း

သခွားမွှေးစိုက်ရာတွင် အသုံးပြုသည့် ဝါးခြမ်းစိတ်လုပ်ငန်းဖြင့် အလုပ်အကိုင်များစွာရရှိနေ

ကျောက်ဆည်မြို့နေ ရဲစုရပ်ကွက်ရှိ ဝါးဆိုင်တစ်ဆိုင်တွင် သခွားမွှေးစိုက်ရာတွင် သခွားမွှေးစတင်ပျိုးထောင်ရန် အလမ်းရရှိနေပြီး ရောင်းအားကောင်းသော ဈေးကွက်ရရှိနေကြောင်း သိရသည်။

အပင်ပေါက်ကို လိုရာဘက်သို့ထိန်းပေးသည့် ဝါးခြမ်းစိတ်များ ရောင်းအားကောင်းသဖြင့် အနီးအနားရှိ ကျေးရွာများမှ ကလေးလူကြီးများ နေ့စဉ် လူဦးရေ ၁၀၀ နီးပါး အလုပ်အကိုင်အခွင့်

အဆိုပါ ဝါးခြမ်းများပြုလုပ်ရာတွင် ဝါးလုံးကို စက်ဖြင့်အရှည် ၈ လက်မခန့်ဖြတ်ပြီး ဓားဖြင့် ဝါးခြမ်းစိတ်ကလေးများဖြစ်အောင် ပြုလုပ်ကာ လက်နှစ်ဖက်ဆုပ်စာ အစည်းများ စည်းကြရသည်။ ထိုအစည်း တစ်စည်းပြီးလျှင် လုပ်အားခအနေဖြင့် ငွေကျပ် ၈၀ ရရှိပြီး တစ်ဦးလျှင် အနည်းဆုံး ငွေကျပ် ၂၀၀၀ အထက် ဝင်ငွေရရှိကြောင်း သိရသည်။

ဝယ်ယူကြ

ဝါးခြမ်းစိတ်များကို သခွားမွှေးပျိုးထောင်ရာတွင် ပျိုးပင် အိတ်များထဲမှ ပျိုးပင်များကို မိမိတို့လိုရာသို့ ရောက်ရှိအောင် ပြုလုပ်ခြင်း၊ ပျိုးပင်များ ခါးကျိုးမသွားအောင် ထိန်းမတ်ခြင်းများအတွက် အသုံးပြုကြသည်။ ထိုဝါးခြမ်းစိတ်များကို သခွားမွှေးစိုက် မြန်မာတောင်သူများက အသုံးနည်းပြီး တရုတ်စိုက်ပျိုးရေးလုပ်ကိုင်သူများက တစ်ဦးလျှင် အနည်းဆုံး ငွေကျပ် ၁၅ သိန်း၊ သိန်း၂၀ ဖိုးအထိ ဝယ်ယူကြကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မြန်မာ့ရိုးရာအိမ်တွင်းလက်မှုပညာ ရွှေပွားစက္ကူလုပ်ငန်း

စစ်ကိုင်းမြို့နယ် ဒေါင်းမကျေးရွာတွင် တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေကြသော မြန်မာ့ရိုးရာလက်မှုပညာ လုပ်ကိုင်နေသော ဦးမောင်သန်း-ဒေါ်စန်းမူတို့၏ သီတာအောင် ရွှေပွားစက္ကူလုပ်ငန်းသို့ သွားရောက်လေ့လာရာတွင် လုပ်ငန်းပိုင်ရှင် ဦးမောင်သန်းက "ဒီရွှေပွားစက္ကူလုပ်ငန်းကို မိဘများလက်ထက်မှ လက်ဆင့်ကမ်းအမွေအနေနဲ့ လုပ်ကိုင်ခဲ့တာပါ" ဟု ပြောပြသည်။

လာရောက်ကြည့်ရှု

ဒီရွှေပွားစက္ကူလုပ်ငန်းဟာ စက်မပါဘဲ မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ မြန်မာ့ရိုးရာ အိမ်တွင်းလက်မှုပညာဖြစ်လို့ နှစ်စဉ်မြန်မာနိုင်ငံကို လာရောက်ကြတဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်များအဖွဲ့ လာရောက်ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ယူသွားကြပါတယ်။

ဝယ်ယူ

ရွှေပွားစက္ကူ ပြုလုပ်နည်း အဆင့်ဆင့်ကိုရှင်းပြရာမှာ ရွှေပွားစက္ကူပြုလုပ်ဖို့ မြင်ဝါး(ဝါးသန့်)ကို တစ်လုံး ငွေကျပ် ၅၀၀ နှုန်းဖြင့် ပြင်ဦးလွင်မြို့နယ် အုန်းကျောရွာမှ ဝယ်ယူရတယ်။ ဝယ်ယူရရှိတဲ့ မြင်ဝါးအကြောပယ်ပြီး အဆစ်မှ ဖြတ်တောက်၍ အိုးထဲထည့်

ပြီး ထုံးရေစိမ်ထားရတယ်။ သုံးနှစ်ပြည့်မှ စဉ့်အိုးထဲမှဝါးကို ဖော်ယူဆေးကြောပြီး မီးနဲ့နှစ်ရက်ပြုတ်ရတယ်။ အဲဒီကနေဝါးကို အမျှင်လေးများဖြစ်အောင် တင်းပုတ်နဲ့ ထုရတယ်။ အဲဒီနောက် နေလှန်းပြီးရတဲ့ပျော့ဖတ်ကို ၂၅ ကျပ်သားစီ ချိန်တွယ်ပြီး စက္ကူကားချပ်မှာ ရေစစ်ပြီး တစ်နာရီလောက် နေလှန်းထားပြီးမှ ခြောက်လက်မအရွယ် ဖြတ်တောက်ကာ ရေပြန်စိမ်ရတယ်၊ နောက်ဆုံး ရွှေပွားစက္ကူပြုလုပ်မယ့် ဝါးပျော့ဖတ်ကလေးများ လေမတိုက်၊ နေပူမခံနိုင်တဲ့အတွက် မြေအောက်ခန်း၊ မြေတိုက်ထဲမှာ အမျိုးသမီးအလုပ်သမားခြောက်ဦး ရွှေပွားစက္ကူဖြစ်မယ့် ပျော့ဖတ်စက္ကူကို ပါးလာအောင် အသားတင်းပုတ်နဲ့ ထုပေးရတယ်။ လိုအပ်တဲ့ အနေအထားရောက်တဲ့အခါ အဆင့်မီတဲ့ ရွှေပွားစက္ကူဖြစ်လာတယ်။ အမျိုးသမီး အလုပ်သမားများမှာ ရွက်စားအလုပ်သမားများဖြစ်ပါတယ်။ တစ်ဦးကို တစ်နေ့ လုပ်အားခ ငွေကျပ် ၃၅၀၀ ရတယ်။

မြေတိုက်ထဲကထွက်လာတဲ့ ရွှေပွားစက္ကူကို အရွက်ရေ ၁၁၅၀ စီထုပ်ပိုးပြီး မန္တလေးမြို့ မျက်ပါးရပ်မှာရှိတဲ့ ဖောက်သည်များဖြစ်တဲ့ ရွှေဆိုင်းများကိုတစ်ထုပ်လျှင် နှစ်သိန်းငါးသောင်းဖြင့် ရောင်းချရတယ်။ ရွှေကုန်သည်များက ဝယ်ယူရရှိတဲ့ ရွှေပွားစက္ကူကို ရွှေအစစ်ခေါက်ရွှေနဲ့ ရွှေပြားခတ်ပြီး နှစ်လက်မအရွယ်ပြုပြင်၍ ဘုရား၊ စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များကို ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ဝယ်ယူရကြောင်း သိရသည်။

ဘုရား၊ စေတီ၊ ပုထိုးဗုဒ္ဓရုပ်ပွားတော်များမှာ ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ပြုလုပ်သော မွန်မြတ်သော ကုသိုလ်လည်းရ၊ ဝမ်းလည်ဝသော မြန်မာ့ရိုးရာ လက်မှုပညာလုပ်ငန်းဖြစ်၍ မြန်မာတစ်မျိုးသားလုံးက မတိမ်ကော မပျောက်ပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ကြောင်း တင်ပြလိုက်ရပါသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၈၅၀၀-၆၁၉၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၄၅၀၀-၆၁၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၃-၉၉၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၈၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂-၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၅-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၇-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၃၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၃၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၃၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်းယဉ်အသစ်	တစ်အိတ်	၂၂၀၀၀-၂၄၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၂
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၁၁၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၅၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၇၀-၇၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၃၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၃၀၀-၃၈၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လွှတ်တော်ရုံးနှင့်ပြည်သူ့လွှတ်တော်ရုံးအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့တွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) ကွန်ပျူတာအပါအဝင်နှင့် ရုံးသုံးစက်ကိရိယာ (၈)မျိုး

(ခ) ရုံးသုံးပရိဘောဂ (၁၂)မျိုး

၂။ **တင်ဒါပုံစံများ ရောင်းချမည့်ရက်/အချိန်** - ၁၂-၁၂-၂၀၁၃ ရက် (၀၉:၃၀)နာရီမှ ၂၃-၁၂-၂၀၁၃ ရက် (၁၂:၀၀)နာရီအထိ (ရုံးဖွင့်ရက်များ)

၃။ **တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံး၊ နေပြည်တော်

၄။ **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်၊ အချိန်/နေရာ** - ၂၃-၁၂-၂၀၁၃ရက် (၁၃:၀၀)နာရီ ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံး၊ နေပြည်တော်

၅။ တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၅၀၀၀ိ/ (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၉၄၃၃၊ ၀၆၇-၅၉၁၁၇၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့
လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးယောနန်၏ ပတ်စ်ပို့နံပါတ် M 994375 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၄၇၀၀၀၀၇၄

ပျောက်ဆုံးကြောင်း

ကျွန်မ မဉမ္မာခိုင်၏နိုင်ငံကူးလက်မှတ် အမှတ် A 027105 သည် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၉၀၁၂၂**

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးကျော်စိုး၏သမီး ဒဂုံတက္ကသိုလ် ၂၀၀၄ ပညာသင်နှစ် ၃စီး-၃၃၃၉ ဖြင့် အောင်မြင်ခဲ့သူ မမိုးမိုးနှင်း(ခ) မနှင်းအိဖြူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

ရန်ကုန်ဆိပ်ကမ်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ/အလုပ်ရုံများသို့ ညပိုင်းသတ်မှတ်ချိန်များတွင် Container များနှင့် General Car go များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။

တင်ဒါပုံစံထုတ်ပေးရက် - ၁၁-၁၂-၂၀၁၃ရက်
တင်ဒါပိတ်ရက် - ၁၆-၁၂-၂၀၁၃ရက်

အိတ်ဖွင့်တင်ဒါပုံစံနှင့် ပတ်သက်သည့် စည်းကမ်းအချက်အလက်များအား ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၀၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၂၂၆ နှင့် ၀၆၇-၄၀၅၃၂၃ တို့သို့ အသေးစိတ် မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း



DIAMOND LAMP Car Rental

ဖုန်း - ၀၉-၄၂၀၁၃၆၀၂၇၊ ၀၁-၈၅၀၀၃၈၃

မြို့တွင်း၊ မြို့ပြင်ငှားသည်။

ရော်ဘာခြံရောင်းရန်ရှိ

သိမ်ဇရပ်မြို့၊ ဓမ္မဒူတဘုန်းကြီးကျောင်းအနီးရှိ ရော်ဘာခြံ ၂၀ ဧက၊ မျိုးသန့် အပင် ၄၅၀၀၊ သုံးနှစ်သားရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၉၉၉၇

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးထွန်းသောင်း(ခ)ဦးလှသောင်း (ဘ)ဦးမောင်စိန် ၉/ညဥန(နိုင်)၀၉၁၆၉၅ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)၏ စာအုပ်သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။) **ဖုန်း-၀၉-၅၀၁၃၅၄၈**





ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သရုပ်ပြလှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူ

နေပြည်တော် ဒီဇင်ဘာ ၁၀

တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး လုပ်ငန်းမှ မိသားစုဝင်ငွေ တိုးတက်ရရှိရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ နေပြည်တော် အဆိုပါဝန်ကြီးဌာနရှိ တစ်ဖက်ပိတ်ဆည်အတွင်း လှောင်အိမ်စနစ်ဖြင့် တီလားပီးယားသရုပ်ပြ မွေးမြူထားမှုကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဒီဇင်ဘာ ၉ ရက် နံနက် ၇ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံများအတွင်း ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူနိုင်သည့် တီလားပီးယား လှောင်အိမ်စနစ်မွေးမြူခြင်းသည် ရင်းနှီးစိုက်ထုတ်မှု အနည်းဆုံးဖြင့် အကျိုးအမြတ်များစွာရရှိသည့် မွေးမြူမှုဖြစ်ကြောင်း၊ ရေအနက် ၃ ပေမှ ၄ ပေရှိသော မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံများအတွင်း ၁၀ ပေပတ်လည် လှောင်အိမ်တစ်ခုလျှင် ငွေကျပ်သုံးသောင်းခန့်ဖြင့် တည်ဆောက်မွေးမြူသွားနိုင်ကြောင်း၊ မွေးမြူကာလ လေးလအတွင်း သုံးလက်မအရွယ် ငါးဖျံမှ ၂၅ ကျပ်သားကျော်ကြီးထွားနိုင်ကြောင်း၊ လှောင်အိမ်လေးခု တစ်ယူနစ်မွေးမြူပါက ရင်းနှီးမတည်ငွေတစ်သိန်းကျော်ဖြင့် အကျိုးအမြတ်များစွာရရှိနိုင်သည့် ငါးမွေးမြူမှုစနစ်တစ်ခုဖြစ်သဖြင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ မိသားစုအပိုဝင်ငွေရရှိရေးအတွက် ထိရောက်သော ငါးမွေးမြူမှုလုပ်ငန်းဖြစ်သဖြင့် ကျယ်ကျယ်ပြန့်ပြန့်မွေးမြူမှုပညာပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့

မန္တလေး ဒီဇင်ဘာ ၁၀

၁၃၇၅ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ (ရန်ကုန်)သို့ မတက်ရောက်နိုင်သူ စစ်ကိုင်း၊ မန္တလေးဒေသမှ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ၄၂ လမ်းနှင့် ၈၁ လမ်းထောင့်ရှိ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံး၌ ကျင်းပသည်။

ဈေးဦးစွာ မဟာအောင်မြေမြို့နယ်စာရေးဆရာအသင်းနာယက ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးရိုန် (မောင်စိုးထိုက်-သုံးဆယ်)က အခမ်းအနားကျင်းပရခြင်းနှင့် လှူဒါန်းငွေအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကန်တော့ပစ္စည်းနှင့် ကန်တော့ငွေ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီကို တာဝန်ရှိသူများက ပေးအပ်ကန်တော့သည်။

ယခုကျင်းပသည့် အခမ်းအနားတွင် ကန်တော့ခံသူများမှာ ဆရာကြီး ဦးကျောင်း(ချစ်လှ) စစ်ကိုင်း၊ ဆရာကြီး ဦးသန်းဖေ(ဘုတလင်)၊ ဆရာကြီး ဦးစန်းမောင်(မုံရွာ-စန်းမောင်)၊ ဆရာကြီး ဦးအေးဖေအေး(မုံရွာ)၊ ဆရာကြီး ဦးကျော်မြင့်(ကျော်ကျော်ဥက္ကံ)၊ ချမ်းအေးသာစံ ဆရာကြီးဦးသန်းထွန်း (သတင်းထောက်) ကျောက်ဆည်၊ ဆရာကြီး ဦးညွန့်လွင်(ခ) ဦးသန်းမောင် (ရမည်းသင်း)၊ ဆရာကြီးဦးမြသောင်း(မြသောင်း-မြောက်ပြင်)၊ ချမ်းအေးသာ ဆရာကြီးဦးအောင်သူ (သံမဏိမောင်အောင်)အောင်မြေသာစံတို့ ဖြစ်ကြသည်။

ခင်ခင်ဝင်း(ပညာရေး)

ကလေးမြို့ယာဉ်အန္တရာယ်ကင်းဝေးရေး လက်ကမ်းစာစောင်များဖြန့်ဝေ

ကလေး ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လမ်းဆုံမီးပွိုင့်တွင် နယ်မြေခံရဲများနှင့်ယာဉ်ထိန်းများပူးပေါင်းကာ မီးပွိုင့်ဖြတ်ကူးအသုံးပြုနည်းနှင့် လူကူးမျဉ်းကျားအတွင်း လမ်းဖြတ်ကူးတတ်စေရေးအတွက် ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ယာဉ်မောင်းသူများကို မီးပွိုင့်ကြည့်ပုံနည်းလမ်းများ၊ ရပ်မျဉ်းတွင်ရပ်ရမည့်ပုံစံများ၊ လမ်းဖြတ်ကူးမှုပုံစံများကို လက်တွေ့ကူညီ ဆောင်ရွက်ပေးခဲ့ကာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။**(အောက်ပုံ)**

ကလေးမြို့ လမ်းဆုံမှ မီးပွိုင့်ကို နိုဝင်ဘာ ပထမပတ်အတွင်း စတင်တပ်ဆင်ခဲ့ပြီး ယိုးဒယားနိုင်ငံမှ မှာယူခဲ့ခြင်းဖြစ်ကြောင်း၊ မီးပွိုင့်တပ်ဆင်ခအဖြစ် ဝါ၊ စိမ်း၊ နီနှင့် ဆိုလာဘုတ်အတွက် ကျပ်သိန်း ၆၀၊ စက္ကန့်တံအတွက် ငွေကျပ် ၁၄၈၈၈၀၀ ဖြစ်ကြောင်း မြို့နယ်အထောက်အကူပြုကော်မတီ ဦးအေးချိုက ပြောသည်။

အရေးယူဆောင်ရွက်

ကလေးမြို့ မီးပွိုင့်တွင် လမ်းစည်းကမ်း လိုက်နာမှုမရှိသောယာဉ်များ တွေ့ရှိပါက ပညာပေးကာလ ပြီးဆုံးလျှင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းဝင်းက ပြောပြသည်။

သျှင်နေမင်း

ဂန္ဓမာဈေးဝယ်စင်တာ အလှပြင်ခန်းမအတွင်းမီးလောင် အမျိုးသားသုံးဦး အမျိုးသမီးလေးဦးသေဆုံး

ရန်ကုန် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၁၀ ရက် နံနက် ၁ နာရီခန့်က မရမ်းကုန်းမြို့နယ် အမှတ် (၈) ရပ်ကွက် ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ Gandamar Whole Sale ဈေးဝယ်စင်တာ သုံးလွှာရှိ အကျယ်အဝန်းပေ(၅၀×၃၀) အုတ်ကွပ်မိုး၊ အုတ်ကွပ်ကာ၊ ကွန်ကရစ်ခင်း (Venus Garden Spa) အလှပြင်ခန်းမအတွင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ **(ဝဲပုံ)**အလုပ်သမား အမျိုးသား သုံးဦး၊ အမျိုးသမီးလေးဦးတို့ အခန်းတွင်း၌ မီးလောင်အသက်ဆုံးရှုံးခဲ့ရသည်။

မီးလောင်မှုသတင်းအား မီးသတ်တပ်ဖွဲ့ ပြည်သူတစ်ဦး၏သတင်းပေးပို့ချက်အရသိရှိရပြီး မီးငြိမ်းသတ်ရေးယာဉ်၂၄ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီးနှင့် အထောက်အကူပြုယာဉ်များက စုပေါင်းငြိမ်းသတ်ရာ နံနက် ၁ နာရီ ၄၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး ၁ နာရီ ၅၇ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိပ်ခန်းအတွင်း လျှပ်စစ်မီးပူ ဖွင့်ထားမိခဲ့ရာမှ အနီးရှိမွေ့ယာသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်ဟု မီးသတ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မီးလောင် သေဆုံးသူများမှာ ကိုအာချိုင်(ခ) ကိုစိုးမြင့် (၂၂ နှစ်) မိုးညှင်းမြို့၊ ကိုအတိုင်း(ခ) ကိုသန်းဇော်ဦး (၂၃ နှစ်) လားရှိုးမြို့၊ ကိုအခွိုင်(ခ) ကိုသန်းဇော် (၁၈ နှစ်) ဟိုပင်မြို့၊ မသရဖီ (၁၇ နှစ်) ဗဟန်းမြို့နယ်၊ မသီသီဝင်း (၂၅နှစ်) ဘိုကလေးမြို့၊ မကြာညိုဖော (၂၇ နှစ်) မအူပင်မြို့၊ မစန်းစန်းသွယ် (၂၃နှစ်) သာကေတမြို့နယ်နေသူတို့ဖြစ်သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ပိုင်ရှင်အား စုံစမ်းဆဲဖြစ်ပြီး မန်နေဂျာ ကိုထွန်းထွန်းနိုင် (၃၃ နှစ်)ကို မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အရေးယူထားသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-နေလင်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရွှေနေချုပ်၊ ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ်အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု(International Jurists Award-2013)ကို ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဗျာပုံခရိုင်ဥပဒေအရာရှိနှင့်
ခရိုင်အတွင်းရှိဥပဒေအရာရှိများ



ဂယာရွှေတိုး

(ဗွား၊မွှင့်၊ ဗောဓ၊ စ)(၇)ရက်ခရီး (၇-၅) သိန်း 22.12.2013

(၁၅)ရက်ခရီး စဉ်များ 2014 - Jan-05 Jan-26
Feb-09 Mar - 02 Mar-23 Apr-13

Yangon Hot Lines : 221586 , 222527 , 09 73196436
Mandalay Hot Lines : 09 33274747 , 0940258204 8

အထူးဝမ်းမြောက်စွာ ဆုမွန်ကောင်းတောင်းခြင်း

ကိုဥက္ကာဆန်းဆင့် Managing Director (*Myanmar Image Co.,Ltd.*) ၏ချစ်ဇနီး မခင်လဲ့ပြည့် Director(*Shwe Pale Thwe General Trading Co.,Ltd.*) မှ ၉-၁၂-၂၀၁၃ (တနင်္လာနေ့)တွင် စိတ်ငြိမ်းသဘောဆေးရုံ၌ သားဦးရတနာလေးကိုအောင်မြင်စွာမွေးဖွားခြင်းအားကုမ္ပဏီဝန်ထမ်းများမှ အထူးဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာပြီး အသိဉာဏ်ပညာနှင့် ပြည့်စုံသော သားကောင်းရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

Director ဦးဆွေမြင့်အောင်နှင့် Myanmar Image Co.,Ltd မှ ဝန်ထမ်းများ
ရွှေပီးကွက် ဆန်စက်မှ ဝန်ထမ်းများ
အမေကြီးချက်တဲ့ ရွှေပီးကွက်ဆန် ရောင်းဝယ်ရေးမှ ဝန်ထမ်းများ

နိုင်ငံတကာအားကစားသတင်း

အကောင်းဆုံး ဘောလုံးသမားဆု

စီရိုနယ်ဒို၊ ဖရန့်ရစ်ဘာရီနှင့် မက်ဆီတို့သည် ၂၀၁၃ ခုနှစ် Ballond'or ဆုအတွက် သုံးဦးဆန်ခါတင်ရွေးချယ်လိုက်သည်။

ယင်းတို့ သုံးဦးအား ၂၃ ဦးအနက်မှ ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ရေပန်းစား

အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆုကို ဇန်နဝါရီ ၁၃ ရက်တွက် ရွေးချယ်မည်ဖြစ်သည်။ ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီသည် ၎င်းဆုကို လေးနှစ်ဆွတ်ခူးထားသည်။ သို့ရာတွင် စီရိုနယ်ဒိုသည် ယင်းဆုကို ဆွတ်ခူးရန် ရေပန်းစားနေသည်။

အမျိုးသမီး အကောင်းဆုံး ဘောလုံးသမားသုံးဦး ဆန်ခါတင် ရွေးချယ်ထားမှုမှာ နာဒင်းအိန်ဂျလာ (ဂျာမနီ)၊ မာတာ (ဘရာဇီး) နှင့် ဝမ်ဘက် (အမေရိကန်)တို့ ဖြစ်သည်။

● ကောင်းမြတ်သူ-စုစည်းသည်

ဆွမ်ဆီးနှင့် ဟားလ်စီးတီးတစ်မှတ်စီယူ

ဆွမ်ဆီးနှင့်ဟားလ်စီးတီးတို့ ဒီဇင်ဘာ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ယင်းပွဲတွင် ဟားလ်စီးတီးအသင်းမှ ဒန်နီဂရာဟမ်က ပွဲပေါင်း ၃၀ ဂိုးမိုးခေါင်မှုကို အဆုံးသတ်လိုက်သည်။ ဆွမ်ဆီးတို့ ပထမပိုင်းတွင် ဟားလ်စီးတီး၏ ဖိကစားခြင်းကို ရင်ဆိုင်ခဲ့ရသည်။ ဂရာဟမ်က ပွဲစပြီး ကိုးမိနစ်တွင် အာမက်၏ ဖြတ်တင်ဘောမှ သွင်းယူခဲ့သည်။ သို့သော် အိမ်ရှင် ဆွမ်ဆီးအတွက် ချေပဂိုးကို ချီကို ဖလောရက်စ်က ရှီးဗရီး၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ဆွမ်ဆီးသည် အမှတ်ပေးဇယားနံပါတ် ၁၀ တွင် ရပ်တည်နေဆဲဖြစ်သည်။ ဟားလ်စီးတီးကအဆင့် ၁၂ တွင်ရှိနေဆဲဖြစ်သည်။

တိုက်ဂါးဝုဒ်ကျင်းပိုကစားပြီးရှုံးနိမ့်

ကမ္ဘာကျော် ဂေါက်သီးကစားသမားတိုက်ဂါးဝုဒ်သည် ကယ်လီဖိုးနီးယား၌ ကျင်းပသော ***World Challenge*** *ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ဂျက်ဂျွန်ဆင်ကိုရှုံးနိမ့်ပြီး ဖလားလက်လွတ်ခဲ့ရသည်။ ယင်းတို့ နှစ်ဦးသည် လျှော့ရိုက်ချက်တူညီနေသဖြင့် ကျင်းပိုကစားခဲ့ရသည်။*

၎င်းတို့သည် ၁၃ ချက်စီလျှော့ရိုက်ပြီး ရမှတ်ချင်းတူနေသဖြင့် ကျင်းပိုကစားခဲ့ရသည်။

ကျင်းပိုကစားခဲ့ရာတွင် ဂျွန်ဆင်က အနိုင်ရရှိသွားခဲ့သည်။

လုံးချင်း (7.5)ထပ်တိုက်နှင့်မြေရောင်းမည်

Junction Square အနီး

(8000) သိန်း

တစ်လ (၈၀၀) သိန်း

(၁၀) လ ပေးသွင်းရုံဖြင့်

ဓါတ်လှေခါးပါ (၇.၅)ထပ်

တိုက်သစ်နှင့်မြေ

ပိုင်ဆိုင်နိုင်မည့်

အခွင့်အရေး

25ft x 50ft

09-33339193,421037101,31258312

ချန်ပီယံလိဂ် ပွဲစဉ်နှင့် ရပ်တည်မှု (သီဟ)

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်-၆ — ဒီဇင်ဘာ ၁၂

အေစီမီလန်	- အိုင်းယက်စ်	နံနက် ၂း၁၅	(ပထမကျော့ ၁-၁)
အက်သလက်တီကို	- **ပေါ်တို**	နံနက် ၂း၁၅	(ပထမကျော့ ၂-၁)
ဩစတြီးယားဝီအန်	- **ဇင်းနစ်**	နံနက် ၂း၁၅	(ပထမကျော့ ၀-၀)
ဘာစီလိုနာ	- ဆဲလ်တစ်	နံနက် ၂း၁၅	(ပထမကျော့ ၁-၀)
ချယ်လ်ဆီး	- စတူအာဘူခါရက်	နံနက် ၂း၁၅	(ပထမကျော့ ၄-၀)
မာဆေး	- **ဒေါ့မွန်**	နံနက် ၂း၁၅	(ပထမကျော့ ၀-၃)
နာပိုလီ	- **အာဆင်နယ်**	နံနက် ၂း၁၅	(ပထမကျော့ ၀-၂)
ရှောလ်ကေး	- ဘေဆယ်	နံနက် ၂း၁၅	(ပထမကျော့ ၁-၀)

ချန်ပီယံလိဂ် ၃၂ သင်း ပွဲစဉ်-၅ အပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
အုပ်စု E						
၁	ချယ်လ်ဆီး	၅	၃	၀	၂	၉
၂	ဘေလ်ဆယ်	၅	၂	၂	၁	၈
၃	ရှော်လ်ကေး	၅	၂	၁	၂	၇
၄	စတူအာဘူခါရက်	၅	၀	၃	၂	၃
အုပ်စု F						
၁	အာဆင်နယ်	၅	၄	၀	၁	၁၂
၂	ဒေါ့မွန်	၅	၃	၀	၂	၉
၃	နာပိုလီ	၅	၃	၀	၂	၉
၄	မာဆေး	၅	၀	၀	၅	၀
အုပ်စု G						
၁	အက်သလက်တီကို	၅	၄	၁	၀	၁၃
၂	ဇင်းနစ်	၅	၁	၃	၁	၆
၃	ပေါ်တို	၅	၁	၂	၂	၅
၄	ဩစတြီးယားဝီအန်	၅	၀	၂	၃	၂
အုပ်စု H						
၁	ဘာစီလိုနာ	၅	၃	၁	၁	၁၀
၂	အေစီမီလန်	၅	၂	၂	၁	၈
၃	အိုင်းယက်စ်	၅	၂	၁	၂	၇
၄	ဆဲလ်တစ်	၅	၁	၀	၄	၃

ဒီဇင်ဘာ ၁၀ ဂိုးရလဒ်

ဆွမ်ဆီး ၁-၁ ဟားလ်စီးတီး

သမီးငယ် အိမ့်ချမ်းမြေ့မင်းအတွက် မွေးနေ့ဆုမွန်

၁၁-၁၂-၂၀၁၃ ရက်မှာ ကျရောက်တဲ့ သမီးငယ် အိမ့်လေးရဲ့ (၈)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်(၁၀၀)တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံခြင်းများကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

ဖေဖေ ဗိုလ်ကြီးမင်းညိုဦး-မေမေ ဒေါ်အေးမြင့်ကြည်

မမ-ပွင့်နေခြည်မင်း

စိုက်ပျိုးရေးဦးစီးဌာန

မြေပဒေသာဥယျာဉ်(ပညာပေးဇုန်)တွင်

အခြေခံစိုက်ပျိုးနည်းပညာပေး

ရက်တိုသင်တန်းများဖွင့်လှစ်မည်

၁။ **ပန်းမန်စိုက်ပျိုးနည်း**	- ၁၇-၁၂-၂၀၁၃ ရက်မှ	၁၉-၁၂-၂၀၁၃ ရက်အထိ
၂။ **ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း**	- ၂၆-၁၂-၂၀၁၃ ရက်မှ	၂၈-၁၂-၂၀၁၃ ရက်အထိ
၃။ **သစ်သီးဝလံနှင့်ကိုင်းကူးကိုင်းဆက် စိုက်ပျိုးနည်း**	- ၇-၁-၂၀၁၄ ရက်မှ	၉-၁-၂၀၁၄ ရက်အထိ

ဆက်သွယ်ရန်-ခြံဦးစီးမှူးရုံး၊ မြေပဒေသာဥယျာဉ်၊ ဖုန်း-၀၁-၅၄၉၇၃၀

အစွမ်းထက် သံပရာသီး

နေရာတိုင်းတွင် လွယ်လွယ်ကူကူ ရနိုင်ပြီး အသုံးတည့်လှသော အသီးတစ်မျိုးမှာ သံပရာသီးဖြစ်ပါသည်။ သံပရာသီးသည် လေကိုနိုင်ပြီး နှုတ်ကိုမြိန်စေသည်။ ဝမ်းမီးကိုတောက်စေပြီး ဝမ်းတွင်းရှိ အန္တရာယ်ပြုသော ပိုးများကို ဖျက်ဆီးနိုင်သော အစွမ်းသတ္တိရှိသည်။ များများစားလျှင် ရင်ပူစေသည်။

သံပရာသီးတွင် ဗီတာမင်အေ၊ ဗီတာမင်စီအပြင် ရက်တီနော်၊ ကယ်ရိုတင်း၊ လူတင်၊ ကယ်စီယမ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ ဘီတာခရစ်ပတိုဇန်သင်း၊ ဇီဇန်သင်း၊ ဖောလိတ်၊ ကိုလင်း၊ ဖော့စ်ဖရပ်စ်၊ ပရိုတိန်းစသည်ဖြင့်များစွာပါဝင်သည်။

အစွမ်းထက်

သံပရာသီးသည် မျက်နှာတစ်ခြမ်း လေဖြတ်ထားသူများ၊ သွေးပေါင်ချိန် တက်တတ်သူများ၊ ရင်တုန်တတ်သူများသည် သံပရာသီးကို ဆောင်ထားသင့်ပါသည်။ ကင်ဆာရောဂါ၊ အဆုတ်နာရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ အဆစ်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ အစာမကြေ ရင်ပြည့်ရင်ကယ်ရောဂါ၊ သလိပ်ကပ်ရောဂါတို့အတွက် ကုသရာတွင် အထောက်အကူဖြစ်စေပါသည်။

အသုံးဝင်

ဇလုံတစ်ခုထဲတွင် ရေနွေးပူပူထည့်ပြီး သံပရာသီးတစ်စိတ်ညှစ်ကာ အဝတ်များကို ၁၀ မိနစ် ခန့်စိမ်ထားပြီးမှ ပုံမှန်အတိုင်း ဆပ်ပြာတိုက် လျှော်ဖွပ်ပါက အဝတ်များကို ပိုမိုဖြူဖွေး တောက်ပြောင်စေနိုင်သည်။ သံပရာသီးအလုံးလိုက်ကို ရေနွေးပူပူတွင် တစ်နာရီခန့်စိမ်၍ အရည်ညှစ်ယူလျှင် ကုန်စင်အောင် ညှစ်ယူနိုင်သည်။ သံပရာချဉ်ကို ထမင်းစားတိုင်းစားသုံးပေးပါလျှင် သရက်ရွက်ကြီးသောရောဂါနှင့် လေကြောင့်ဖြစ်သော သွက်ချာပါဒ၊ လေငန်း၊ လေထိုးလေအောင့် အစာအိမ်ရောဂါ မှန်သမျှကို ကာကွယ်နိုင်သော အာဟာရတစ်မျိုးဖြစ်သည်။

သံပရာစေ့

သံပရာစေ့ကိုကြိတ်ကာ ချက်တွင်အုံပြီး ဆန်ဆေးရည် အနည်းငယ်ဆွတ်ဖျန်းပေးပါက ဆီးရွှင်စေပါသည်။ သံပရာအစေ့ကို ဝါးစားပါက လတ်တလော သွေးတိုးနေသည်ကို လျော့ကျစေနိုင်သည်ဟု ဆိုကြသည်။

သံပရာခွံ

သံပရာသီးအစိမ်း၏ အခွံကို စားသုံးခြင်းဖြင့် လေနာရင်နာ ပျောက်ကင်းစေကြောင်း သိရသည်။ သံပရာသီးအခွံနှင့် ဆားကိုရော၍ သွားများကို တိုက်ပေးခြင်းဖြင့် သွားများကို ဖြူစင်တောက်ပစေပြီး ခံတွင်းနံ့မကောင်းခြင်းများကို ပျောက်ကင်းစေပါသည်။ ယားနာ၊ ပွေးနာနှင့် အရေပြားတွင် အမည်းကွက်များ ဖြစ်ပေါ်ခြင်းအတွက် သံပရာခြမ်းဖြင့် ပွတ်တိုက်

ကာ ကာကွယ်ပေးနိုင်သည်။ အမျိုးသမီးများအတွက် သံပရာသီးအခွံကို ခေါင်းလျှော်ရည်တွင် ထည့်ကာ ခေါင်းလျှော်ပါက ဗောက်ကင်းစင်စေပါသည်။ နှုတ်ခမ်းကွဲခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဦးရေပြားယားယံခြင်းနှင့် တတောင်ဆစ်မည်းခြင်းများအတွက်လည်း အသုံးဝင်သည်။ သံပရာခွံကို ရေခဲသေတ္တာထဲတွင် ထည့်ထားခြင်းဖြင့် အနံ့အသက်များကို ကင်းစေပါသည်။ အရည်ညှစ်ပြီးသော သံပရာခွံကို ခွက်တစ်လုံးတွင်ထည့်၍ ရေနွေးလောင်းထည့်ပြီး သံပရာရေနွေးကြမ်းအဖြစ် သောက်သုံးနိုင်သည်။

သံပရာခေါက်

သံပရာခေါက်ကို ရေနှင့်ကြိုချက်၍ နံနက်၊ ညတစ်ကြိမ်စီ သောက်သုံးပေးခြင်းဖြင့် အဖျားရောဂါပျောက်ကင်းစေကြောင်း သိရသည်။

သံပရာရည်

သံပရာရည် အေးအေးကို သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှု လျော့ကျခြင်း၊ အသည်းကို သန့်စင်ပေးခြင်း၊ ကိုယ်အလေးချိန်ကို လျော့ကျစေခြင်း၊ မောပန်းနွမ်းနယ်မှုကို ပြေပျောက်စေခြင်း၊ အစာကို ကြေညက်စေခြင်းနှင့် ဇီဝရုပ်ဖြစ်ပျက်မှုကို အားကောင်းစေခြင်း ဖြစ်ပေါ်စေပါသည်။ သံပရာရည်များစွာ သောက်သုံးခြင်းဖြင့် အစားအစာတွင် ပါဝင်သော ကယ်စီယမ်၊ ပရိုတိန်းနှင့် ဆားဓာတ်ပမာဏများကို လျှော့ချပေးနိုင်ကြောင်းသိရသည်။

သံပရာဖျော်ရည်ချိုချိုသောက်သုံးခြင်း၊ သံပရာရည်နှင့် ဆားမီးဖုတ်ကို လျက်ပေးခြင်းဖြင့် နှလုံးတုန်ခြင်း၊ ရင်ခုန်ခြင်း၊ မူးဝေမောပန်းခြင် များကို သက်သာပျောက်ကင်းစေသည်။ သံပရာရည်တွင် သကြားအနည်းငယ်ထည့်၍ သောက်သုံးပေးခြင်းဖြင့် သွားဖုံးသွေးယိုခြင်း၊ ဝမ်းဗိုက်အတွင်း ပူလောင်ခြင်း၊ အဆီများ၍ ချောင်းဆိုးခြင်း၊ သည်းခြေအားနည်းခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အရက်မဖြစ်သော အဆိပ်၊ မြွေဆိပ်နှင့် ဘိန်းမူးလွန်နာစသည်များကို သက်သာပျောက်ကင်းစေကြောင်း သိရသည်။ ထမင်းစားပြီးနောက် ပျို့အန်တတ်လျှင် လတ်ဆတ်သောသံပရာရည်ကို သောက်သုံးသင့်ပါသည်။ နေ့စဉ်သောက်သုံးခြင်းဖြင့် အထိုင်အထတွင်ဖြစ်တတ်သော မူးဝေခြင်း၊ မိုက်ခနဲဖြစ်ခြင်းများကို သက်သာစေသည်။ သံပရာရည်နွေးနွေးကို ပျားရည်နှင့် ရောစပ်ကာ တစ်နေ့ နှစ်ကြိမ် လျက်ပေးပါကလည်း ချောင်းနာခြင်းကို ပျောက်စေသည်။

သံပရာရည်နှင့် ပျားရည်ရောသောက်ခြင်းဖြင့် သွေးလည်ပတ်မှုကို ကောင်းစေရုံသာမက ချွေးထွက်ခြင်းကိုလည်း သက်သာစေကြောင်း သံပရာသီးနှင့်ပတ်သက်၍ မှတ်သားမိသမျှ ဝေမျှလိုက်ပါသည်။

လပြည့်သော်တာ

ဆောင်းပါးနှင့်သတင်း

အာဆီယံမီဒီယာကျင့်ဝတ်များ သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာတို့နှင့်ပတ်သက်၍ အာဆီယံမီဒီယာကျင့်ဝတ်များကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံမီဒီယာကျင့်ဝတ်ဆိုင်ရာဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် မူကြမ်းအဆင့် သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

ပုံနှိပ်မီဒီယာကဏ္ဍအတွက် ဆောင်ရွက်သင့်သည့် အာဆီယံမီဒီယာကျင့်ဝတ်(၁၁)ချက်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(က) အာဆီယံမီဒီယာသည် ပွင့်လင်းမှု၊ မျှတမှု၊ ရိုးသားမှု၊ မှန်ကန်မှု၊ တိကျမှု၊ ယုံကြည်နိုင်မှု၊ တာဝန်ရှိမှုတို့ ရှိသင့်သည်။

(ခ) အာဆီယံမီဒီယာသည် ဘက်မျှသောလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တန်းတူညီမှုတို့ကို အများပြည်သူ၏ အခွင့်အရေးနှင့်အညီ အသိပေးသင့်သည်။

(ဂ) အာဆီယံမီဒီယာသည် ကွဲပြားခြားနားသော ယဉ်ကျေးမှု၊ နိုင်ငံရေးစနစ်၊ လူမျိုးနှင့် ဘာသာရေးတို့တွင် လေးစားမှုရှိသင့်သည်။

(ဃ) အာဆီယံမီဒီယာသည် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသည့် တန်ဖိုးသတ်မှတ်ချက်များကို လိုက်နာသင့်သည်။

(င) အချက်အလက်ပေးပို့ချက်နှင့် ခွဲခြမ်းစိတ်ဖြာခြင်း သို့မဟုတ် ထင်မြင်ယူဆချက်အကြားတွင် ကောင်းမွန်စွာရှင်းလင်းသင့်သည်။

(စ) အာဆီယံမီဒီယာ၏ အစီရင်ခံချက်သည် စီးပွားရေးပေါင်းစည်းရေးကဲ့သို့သော အာဆီယံအသိုက်အဝန်း၏ ဦးစားပေးလုပ်ငန်းအတွက် အထောက်အပံ့ဖြစ်သင့်သည်။

(ဆ) အာဆီယံမီဒီယာသည် နက်နက်နဲနဲနားလည်မှုပေးနိုင်ရန် ပိုမိုပွင့်လင်းသည့် ဆက်သွယ်ရေးလမ်းကြောင်းများရှိသင့်သည်။

(ဇ) ဝေဖန်မှုနှင့် အမြင်အမျိုးမျိုးအတွက် သည်းခံပါ။

(ဈ) မီဒီယာသမားသည် ၎င်း၏အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်များထမ်းဆောင်စဉ် သက်ဆိုင်ရာ အဖွဲ့အစည်းမှ ရရှိသင့်သည်မှအပ အခြားသောဆု သို့မဟုတ် ငွေကြေးရှာဖွေခြင်း၊ လွှမ်းမိုးခံရခြင်း၊ မျှော်လင့်ခြင်း မရှိသင့်ပါ။

(ည) အာဆီယံမီဒီယာသည် အကြံဉာဏ်နှင့် စာများ ခိုးယူသုံးစွဲမှုမှ ရှောင်ကြဉ်သင့်သည်။

(ဋ) အာဆီယံမီဒီယာသည် အမှန်ပြန်လည်ဖော်ပြမှုကို ကြောင်းကျိုးညီညွတ်သည့်အချိန်အတွင်းနှင့် လိုအပ်ပါက ထင်ရှားသောနေရာတွင် ခွင့်ပြုပေးသင့်သည်။

ရုပ်သံလွှင့်မီဒီယာ ကဏ္ဍအတွက် ဆောင်ရွက်သင့်သည့် အာဆီယံမီဒီယာကျင့်ဝတ်(၉)ချက်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(က) အာဆီယံရုပ်သံလွှင့်မီဒီယာသည် အာဆီယံအသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် တာဝန်ရှိသည်။

(ခ) အာဆီယံနိုင်ငံများရှိ ရုပ်သံလွှင့်မီဒီယာ၏ လွတ်လပ်မှုနှင့် အခြေခံစည်းမျဉ်းများကို ကာကွယ်ရန်။

(ဂ) အာဆီယံအသိုက်အဝန်းအတွင်း လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများကို မြှင့်တင်ပေးရန်။

(ဃ) အာဆီယံနိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ ဘာသာရေးတန်ဖိုးထားမှုများကို ကာကွယ်သကဲ့သို့ အာဆီယံအကျိုးစီးပွားကိုလည်း ကာကွယ်ရန်။

(င) ရိုးသားမှု၊ တိကျမှု၊ တာဝန်ခံမှုစသည့် စာနယ်ဇင်းသမား၏ မီဒီယာကျင့်ဝတ်အတိုင်း ရုပ်သံလွှင့်သူ၏ အခြေခံစည်းမျဉ်းကိုလည်းမြှင့်တင်ရန်။

(စ) အာဆီယံမီဒီယာ၏ ရုပ်သံလွှင့်သူသည် အာဆီယံအသိုက်အဝန်း၏ ယုံကြည်မှုရရှိအောင်ဆောင်ရွက်ရန်။

(ဆ) လျှို့ဝှက်ထားမှုကို ကာကွယ်ရန်နှင့် သတင်းအရင်းအမြစ်နှင့် နိုင်ငံအဆင့်လျှို့ဝှက်ချက်များကို ကာကွယ်ရန်။

(ဇ) အာဆီယံနိုင်ငံတစ်နိုင်ငံချင်းစီ၏ မီဒီယာအကြား ဆက်သွယ်ဆက်ဆံမှု ခိုင်မြဲစေရန်။

(ဈ) ရွေးကောက်ပွဲဆိုင်ရာ၊ ပြစ်မှုရေးရာ၊ အရေးပေါ်ကိစ္စ၊ စစ်မက်ရေးရာ၊ ကလေးများကာကွယ်ရေး၊ ဘာသာရေးကိစ္စများပါဝင်သည့် ရုပ်သံလွှင့်ကိစ္စတွင် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒေသတွင်းမီဒီယာများအတွက် အနာဂတ်၌ မီဒီယာကျင့်ဝတ်ဆိုင်ရာများ တိုးတက်လာအောင် တန်ဖိုးရှိသော အဖြေရှာမှုများ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ထိုသို့အဖြေထုတ်နိုင်ခဲ့မှုအပေါ် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက စီမံချက်ဆက်လက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **(၀၀၉)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 20/21/22/23 HPGE/2013-2014

(က) ဓာတ်အားပေးစက်ရုံသစ်များအတွက်
I. Com TM-800 Mobile Terminal (5) Sets
Hand Set (20) Sets
(ခ) တီကျစ်အတွက် High Pressure Water Jet Pump (1) No
(ဂ) Single Cab (Ford Brand) (5) Nos
(ဃ) SUVs (Ford Brand) (1) No

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်ကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ပစ္စည်းကိရိယာများစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကွန်ပျူတာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၈-၁-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေသန့်ဆိုင်ရာ အရန်ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိနိုင်ရန်အတွက် ကုမ္ပဏီများမှ Open Tender တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၃-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၄၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၂-၂၀၁၃ ရက် (၁၆:၃၀)နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၃၀-၁၂-၂၀၁၃ ရက် (၁၃:၀၀)နာရီ
ရုံးအမှတ် ၄၀၊ နေပြည်တော်၊
ဆောက်လုပ်ရေးဝန်ကြီးဌာန
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်-
ရုံးအမှတ် ၄၀၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၅၉၀၅၀၉၊ ၀၆၇-၅၉၀၄၄၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်)နှုန်းဖြင့်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၆-၁၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၉-၁-၂၀၁၄ရက် ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ
ကားကြီးရပ်နားကွင်းနှင့် စားသောက်ဆိုင်အား ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းပိုင်ဆိုင်သည့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ ကားကြီးရပ်နားကွင်းနှင့် စားသောက်ဆိုင်တို့ကို ငှားရမ်းမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂိုလကလုပ်ငန်းရှင်များမှ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၃:၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး သံမဏိစက်ရုံများကြီးကြပ်ရေးဌာန (ရုံး-၄၁၊ နေပြည်တော်)နှင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တို့တွင် ထုတ်ယူနိုင်ပါသည်-
(က) **ဈေးနှုန်းတင်သွင်းလွှာများ** - ၁၃-၁၂-၂၀၁၃ ရက် (သောကြာနေ့)မှ
စတင်ထုတ်ယူနိုင်မည့်ရက် ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့)အထိ ရုံးချိန်အတွင်း
(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)
၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါ အောက်ဖော်ပြပါတယ်လီဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
ဖုန်း-၀၆၇-၄၀၈၃၄၅ (သံမဏိစက်ရုံများကြီးကြပ်ရေးဌာန)၊ ဖုန်း-၀၆၆-၃၀၄၇၅၊ ၃၀၄၇၆ (အမှတ်-၁၊ သံမဏိစက်ရုံ၊ မြင်းခြံ)

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကမ္ဘာ့ယာဉ်အန္တရာယ်ကင်းရှင်းရေးအချက်အလက်၁၀ချက်အား မထသ(ဗဟို)မှ ထုတ်ပြန်

WHO ၏ ၂၀၁၃ ခုနှစ် မတ်လကဖော်ပြသောကမ္ဘာ့ယာဉ်အန္တရာယ်ကင်းရှင်းရေးအချက်အလက် (၁၀) ချက်ကို မထသ(ဗဟို)မှ ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်များအတွင်း

(၁) ကမ္ဘာပေါ်တွင် နှစ်စဉ် ၁ ဒသမ ၂၄ သန်း ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးနေသည်။ ဆယ်ကျော်သက် ၁၅ နှစ်မှ ၄၄ နှစ်အထိ ၅၉ ရာခိုင်နှုန်း သေဆုံးလျက်ရှိသည်။

(၂) ဝင်ငွေနည်းသော တိုင်းပြည်များနှင့် ဝင်ငွေအလယ်အလတ်တိုင်းပြည်များသည် ယာဉ်တိုက်မှုသေဆုံးမှုအားလုံး၏ ၉၂ ရာခိုင်နှုန်းရှိသည်။ ၎င်းတိုင်းပြည်များတွင် ကမ္ဘာ့ယာဉ်အရေအတွက်၏ ၅၃ ရာခိုင်နှုန်းသာရှိသည်။

(၃) အားနည်းဒဏ်ရာရလွယ်သော လမ်းအသုံးပြုသူများ ဖြစ်ကြသည့် ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးနင်းသူများနှင့်ဆိုင်ကယ်စီးနင်းသူများသည် ယာဉ်တိုက်သေဆုံးသောအရေအတွက်၏ ထက်ဝက်ရှိနေသည်။ (ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးနင်းသူများ၊ ဆိုင်ကယ်စီးသူများနှင့်ပါရှိသော ခရီးသည်များကိုပါ သိမ်းကျုံးပြီး အားနည်းသော လမ်းအသုံးပြုသူများဟု ခေါ်ဆိုခြင်းဖြစ်သည်။) ယာဉ်တိုက်သေဆုံးရခြင်းများ၏ အမျိုးအစားနှင့် ဝင်ငွေနည်းတိုင်းပြည်များသည် ဝင်ငွေများ တိုင်းပြည်များထက် သေဆုံးမှုများသည်။

(၄) မြန်ရှိန်နှုန်းကို လျှော့ချနိုင်မှုသည် ယာဉ်အန္တရာယ်ကြောင့် သေဆုံး ဒဏ်ရာရသူများ ဒဏ်ရာလျော့ကျဆင်းစေပါသည်။ ကမ္ဘာ့လူဦးရေ၏ ၃၉ ရာခိုင်နှုန်းဖြစ်သည့် ၂ ဒသမ ၆၇ ဘီလီယံသာရှိသော နိုင်ငံ ၅၉ နိုင်ငံတွင် မြို့တွင်းယာဉ်မောင်းရန် မြန်ရှိန်နှုန်းကို ၁ နာရီ ၅၀ ကီလိုမီတာ သို့မဟုတ် ပို၍ အရှိန်နည်းပြီး ဒေသအာဏာပိုင်များက သတ်မှတ်စေပါသည်။

(၅) အရက်သောက်ပြီး ယာဉ်မောင်းနှင်ခြင်းသည် ယာဉ်တိုက်မှုဖြစ်ပေါ်ခြင်းကို တိုးမြှင့်စေပါသည်။ သွေးအတွင်းအရက်ပါဝင်မှု (BAC) ၀ ဒသမ ၀၅ g/ dl နှင့် အထက်ဖြစ်သည်နှင့် ယာဉ်တိုက်မှုတိုးမြင့်လာသည်။ ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၆ရာခိုင်နှုန်းဖြစ်သော ၄ ဒသမ ၅၅ ဘီလီယံရှိသည့် နိုင်ငံပေါင်း ၈၉ နိုင်ငံတွင် အရက်သောက်ပြီး ယာဉ်မမောင်းရ ဥပဒေပြဋ္ဌာန်းပြီး WHO က ထုတ်ပြန်သည့် (BAC) ၀ ဒသမ ၀၅ g/dt (အချို့နိုင်ငံများ ၎င်းနှုန်းထက်နည်းပြီးသတ်မှတ်ပါသည်) နှင့် ပိုများလျှင် ဥပဒေအရအရေးယူပါသည်။

(၆) မော်တော်ဆိုင်ကယ် စီးနင်းရာတွင် အရည်အချင်းအဆင့်ပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းကြောင့် ဆိုင်ကယ်တိုက်မှုဖြစ်လျှင် ၄၀ ရာခိုင်နှုန်းသေဆုံးမှုလျော့ကျစေပါသည်။ အရည်အချင်းပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းကြောင့် ၇၀ ရာခိုင်နှုန်းဒဏ်ရာရရှိမှုလျော့ကျစေပါသည်။ ကမ္ဘာ့လူဦးရေ၏ ၇၇ ရာခိုင်နှုန်းသော နိုင်ငံပေါင်း ၉၀ တွင် ဆိုင်ကယ်စီးသူအားလုံး ဆိုင်ကယ်စီးဦးထုပ် စနစ်တကျဆောင်းရန် ဥပဒေများ ထုတ်ပြန်ထားပါသည်။ ၎င်းနိုင်ငံများသည် ဆိုင်ကယ်အင်ဂျင်ပါဝါ မည်မျှပင်ရှိစေ စံချိန်သတ်မှတ်ထားသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် ဖော်ပြထားသည်။

(၇) ထိုင်ခုံ ခါးပတ်ပတ်ထားခြင်းသည်ယာဉ်တိုက်မှုဖြစ်ရာတွင် သေဆုံးစေမှုကို လျော့ကျစေသည်။ ရှေ့ထိုင်ခုံများတွင်စီးနင်းသည့် ယာဉ်မောင်းနှင့် ခရီးသည်များအတွက် ၄၀ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ သေဆုံးစေခြင်းမှ ကာကွယ်သည်။ နောက်ခန်းတွင်ရှိသော ခရီးသည်များ ထိုင်ခုံခါးပတ် ပတ်ထားခြင်းကြောင့် ၂၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ သေဆုံးခြင်းကို လျော့ကျစေသည်။ ကမ္ဘာတွင် ၁၁၁ နိုင်ငံဖြစ်သော ကမ္ဘာ့လူဦးရေ ၆၉ ရာခိုင်နှုန်းတွင်ပြည့်စုံသော ထိုင်ခုံခါးပတ်ဥပဒေများ သတ်မှတ်ပြီး ကားစီးနင်းသူအားလုံး ထိုင်ခုံခါးပတ် ဝတ်ဆင်ရန် ထုတ်ပြန်ထားသည်။

(၈) ကလေးငယ် ခါးပတ်ပါထိုင်ခုံနှင့် ကလေးထိုင်ခုံများ အသုံးပြုခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်လျှင် ၅၄ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ သေဆုံးမှု လျော့နည်းစေပါသည်။ ကမ္ဘာ့တိုင်းပြည်များ၏ တစ်ဝက်ကျော်သည် ကားများတွင် ကလေးများစီးနင်းပါက ကလေးထိုင်ခုံ အသုံးပြုရန် ဥပဒေထုတ်ပြန်ထားပါသည်။

(၉) ယာဉ်တိုက် ဒဏ်ရာရသူများအား ဆေးရုံမရောက်မီ ပြည့်စုံကောင်းမွန်သော လျင်မြန်စွာ ရှေးဦးပြုစုပေးခြင်းဖြင့် ဒဏ်ရာရသူအသက်ပေါင်းများစွာ ကယ်တင်နိုင်သည်။ ကမ္ဘာ၏ ၁၁၁ နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသားအရေးပေါ် ဖုန်းနံပါတ်များရှိပြီး ၎င်းတို့အထဲမှ ၅၉ နိုင်ငံသာ အရေးပေါ် လူနာတင်ယာဉ်များရှိကာ ဒဏ်ရာရသူ၏ ၇၅ ရာခိုင်နှုန်းကျော် လူနာများကို ဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

(၁၀) ၂၀၀၇ခုနှစ် ကတည်းက ကမ္ဘာ့နိုင်ငံပေါင်း ၈၈ နိုင်ငံတွင် ယာဉ်တိုက်သေဆုံးမှုများလျော့နည်းကျဆင်းလာသည်။ ဤအချက်သည် လုံလောက်သော ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု တိုးတက်လျှင် သေဆုံးဒဏ်ရာရမှု လျော့နည်းသည်ကို ဖော်ပြသော လမ်းညွှန်မှုပင်ဖြစ်ပါသည်။ သို့ရာတွင် ၈၇ နိုင်ငံတွင် ယာဉ်တိုက်ခိုက်သေဆုံးမှုများ ပိုမိုတိုးပွားနေသဖြင့် ကမ္ဘာ့ယာဉ်အန္တရာယ်ကြောင့်သေဆုံးကိန်းဂဏန်းများ ပြောင်းလဲမှုမရှိသေးပါ။ မော်တော်ယာဉ် ဥပဒေများ ပြောင်းလဲ တိုးမြှင့်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ ဖမ်းဆီးအရေးယူမှုများ မပြတ်ဆောင်ရွက်ခြင်းနှင့် အားနည်းဒဏ်ရာရလွယ်သော လမ်းအသုံးပြုသူများ ခြေကျင်လျှောက်သူ၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်စီးနင်းသူ၏ သေဆုံးမှုကို လျော့ကျရေးဦးတည်လုပ်ဆောင်ရပါမည်။

ကမ္ဘာ့ယာဉ်အန္တရာယ် ကင်းရှင်းရေး အချက်အလက် ၁၀ ချက်ကို ဒီဇင်ဘာပထမအပတ်က ပြုလုပ်ခဲ့သော မထသ(ဗဟို)နှင့် မီဒီယာတွေ့ဆုံပွဲတွင် မထသ(ဗဟို)မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

[redacted] စိုးဝင်း(SP)

ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် အကျဉ်းထောင်စစ်ဆေး

လားရှိုး ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် လားရှိုးခရိုင် တရားသူကြီး၊ မြို့နယ်တရားသူကြီးများနှင့်အတူ ဒီဇင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲက လားရှိုးအကျဉ်းထောင်အတွင်းရှိ အကျဉ်းသူများနှင့်အတူပါလာသော ရင်ခွင်ပိုက်ကလေးငယ် ၅၈ ဦးတို့အတွက် စောင်နှင့် အစားအစာများ စုစုပေါင်းငွေကျပ် ၂၉၀၀၀၀ ကျော်တန်ဖိုးရှိပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ လားရှိုးအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးနှင့်အကျဉ်းထောင်ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်က ယခုကဲ့သို့ လှူဒါန်းရခြင်းမှာ နိုဝင်ဘာ ၂၀ ရက်က လားရှိုးမိုတယ်၌ကျင်းပသော ကလေးသူငယ်တရားစီရင်ရေးနှင့် ဆက်စပ်နှီးနွယ်သည့်အဖွဲ့အစည်းများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အကျဉ်းသူမိခင်များနှင့်အတူပါလာသော ရင်ခွင်ပိုက်ကလေးငယ်များကို ထောင်ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့က မိမိတို့အစီအစဉ်ဖြင့် စောင့်ရှောက်လျက်ရှိသည်ဟုသိရပြီး နိုဝင်ဘာ ၂၁ ရက်က လားရှိုးအကျဉ်းထောင်ကို စစ်ဆေးရာ၌လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ထောင်အတွင်းရောက်ရှိနေကြရရှာသော ရင်ခွင်ပိုက်ကလေးငယ် ၅၈ ဦးကို တွေ့ရှိခဲ့ရသည့်အတွက် နောင်အနာဂတ် သားကောင်းများဖြစ်ကြသော ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတို့အတွက် စောင့်ရှောက်ရန် တစ်ထောင့်တစ်နေရာမှ ပါဝင်၍ ကူညီသောအနေဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်ဟု သိရသည်။ **နေမျိုးနွယ်**

သံတောင်၌ သန်းခေါင်စာရင်းအကြောင်း ဟောပြော

သံတောင်ကြီး ဒီဇင်ဘာ ၁၀

သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သော သန်းခေါင်စာရင်းအကြောင်းဟောပြောပွဲကိုစီမံချက်ရေးဆွဲပြီး ကောက်ကွက်ပါအတိုင်း ဟောပြောဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၃ရက် မွန်းလွဲ ၁ နာရီက သံတောင်ကြီးမြို့ ပသိချောင်းခန်းမ၌လည်းကောင်း၊ ဒီဇင်ဘာ ၄ရက် မွန်းလွဲ ၁နာရီတွင် သံတောင် အထက ကျောင်းခန်းမ၌လည်းကောင်း ကျင်းပသည်။ အဆိုပါဟောပြောပွဲတွင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးမျိုးတင့်က သန်းခေါင်စာရင်းအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစောတီမသေက သန်းခေါင်စာရင်းဥပဒေအကြောင်း၊ သံတောင်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်စိန်သန်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မိုင်းအသိ မိုင်းသတိ အကြောင်းများကို ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဟောပြော

တန့်ယန်း ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကကြီးမှူး၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲက အမှတ်(၆)ရပ်ကွက်၌ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအိုက်ညော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုင်းထွန်းကျော်၊ အမှတ်(၆)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းဂျော်နီတို့က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကောက်ယူမည့်အစီအစဉ်များ၊ ကောက်ကွက်များအကြောင်းတို့ကို အသိပညာပေးဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ Epson Dot Matrix Printer နှင့် Scanner တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၁၉-၁၂-၂၀၁၃ ရက် နံနက် ၁၁ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၅၂၂သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်ရုံငှားရမ်းရန်/အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းအား ပယ်ဖျက်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်းရှိ တာယာထုတ်လုပ်သည့် အမှတ် (၂၁)အကြီးစားစက်ရုံ(သထုံ)နှင့်အမှတ် (၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းခြင်း/အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ၃၁-၈-၂၀၁၃ရက်နှင့် ၂-၉-၂၀၁၃ရက်များတွင် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖိတ်ခေါ်ခဲ့ပါသည်။

ဖိတ်ခေါ်ခြင်းအတွက် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်၊ Wide River Co.,Ltd. နှင့်အောင်ထက်မြက်ကုမ္ပဏီလီမိတက်တို့မှ အဆိုပြုလွှာများတင်သွင်းခဲ့ရာ တိုက်ရိုက်နှိုင်းယှဉ်ဆောင်ရွက်ရန် အခက်အခဲရှိသဖြင့် စက်မှုပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များအပြင် စည်းကမ်းချက်များကိုပါ သတ်မှတ်၍ ဒုတိယအကြိမ် အဆိုပြုလွှာများကို ၁၂-၁၁-၂၀၁၃ရက် နောက်ဆုံးထား တင်သွင်းရန် ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအကြိမ်အဆိုပြုလွှာကို Wide River Co.,Ltd. နှင့် အောင်ထက်မြက်ကုမ္ပဏီလီမိတက်တို့မှ တင်သွင်းခဲ့သော်လည်း ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဆက်လက်ပါဝင်ယှဉ်ပြိုင်ရန် လက်လျှော့ရပါကြောင်း တင်ပြလာပါသည်။

နိုင်ငံပိုင်စက်ရုံကြီး (၂)ရုံအားနှစ်ရှည်ငှားရမ်းရာတွင် နိုင်ငံတော်အကျိုးစီးပွားအတွက် စက်ရုံများ၏ နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသောကြောင့် အဆိုပါစက်ရုံ (၂)ရုံအား ငှားရမ်းခြင်း/ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ဖိတ်ခေါ်ခဲ့သော တင်ဒါကို ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါထပ်မံခေါ်ယူမည့် အစီအစဉ်ရှိပါက ဆက်လက်အသိပေးကြေညာသွားပါမည်။

အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

တရားသင်တန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝမှတ်တိုင်အနီး၊ ပစ်တိုင်းထောင်မိသားစုဓမ္မာရုံတွင် (စနေ+တနင်္ဂနွေ-နံနက် ၈း၀၀ နာရီမှ ၁၁း၀၀ နာရီ)အထိနှင့် (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ စနေ ဓမ္မာရုံတွင် (စနေ+တနင်္လာ-မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၃၀ နာရီ)အထိ လယ်တီအဘိဓမ္မာ+မဟာပဋ္ဌာန်း(အခြေခံ)သင်တန်းကို ထားဝယ်ဆရာကြီး ဦးချမ်းသာ(အဘိဓံသ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)က ၁၄-၁၂-၂၀၁၃ ရက်မှ ၁၆-၃-၂၀၁၄ ရက်အထိ ပို့ချသင်ကြားပေးမည်ဖြစ်ပါ၍ ဖုန်း-၀၉-၄၅၀၀၅၈၅၀၂၊ ၀၁-၈၁၀၀၂၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံကျောင်းဌာနခွဲအောက်ရှိ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံတွင် ဆောက်လုပ်မည့် အောက်ပါအဆောက်အအုံအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	ရေချိုးခန်းရေအိမ်ဆောက်လုပ်ခြင်း ပေ (၃၀×၂၀×၁၀) RC	၆

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၁၉-၁၂-၂၀၁၃ ရက် နံနက် ၁၁ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၅၂၂သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်

မန္တလေးနည်းပညာတက္ကသိုလ်
မြတ်ဆရာကန်တော့ပွဲဖိတ်ကြားလွှာ

မန္တလေးနည်းပညာတက္ကသိုလ်တွင် ၁၉၉၈-၂၀၀၅ အတွင်း တက်ရောက်ခဲ့ကြသော ပေါင်းကူး/စံပြအင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းသား သင်တန်းသူများ၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲကို ၂၈-၁၂-၂၀၁၃ရက် (စနေနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အလှူငွေများကို ကမ္ဘောဇဘဏ် (မင်္ဂလာဈေးဘဏ်ခွဲ၊ မန္တလေး) Account No-0411220004569 သို့ဖြစ်စေ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင်ဖြစ်စေ ထည့်ဝင်နိုင်ပါသည်။

ရန်ကုန်	-	ဒေါက်တာဖြိုးသူဇာသိမ်း	ဖုန်း-၀၉-၅၁၂၄၆၂၁
နေပြည်တော်	-	ဒေါက်တာမေသန်းနိုင်	ဖုန်း-၀၉-၂၅၀၂၀၅၂၅၄
မန္တလေး	-	ဒေါက်တာရန်အောင်ဦး	ဖုန်း-၀၉-၅၃၂၂၉၄၅
		ဦးဇော်ထက်မြင့်	ဖုန်း-၀၉-၄၀၂၆၇၉၈၀၂
		ဒေါက်တာချောစုစုမွေး	ဖုန်း-၀၉-၄၀၂၅၉၁၉၀၄

ပင်လုံပြည်ထောင်စုကျောက်တိုင် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံတာဝန်ရှိသူများကို ရှင်းလင်းတင်ပြ

ပင်လုံ ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့နယ်ခွဲရှိ ပင်လုံစာချုပ်ကျောက်တိုင် (ပင်လုံပြည်ထောင်စုကျောက်တိုင်)အား ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ပင်လုံဒေသခံပြည်သူများအားအသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ပင်လုံကျောက်တိုင်၌ ကျင်းပသည်။

ပင်လုံကျောက်တိုင် ဘက်စုံပြုပြင်မွမ်းမံရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက ပြောကြားရာတွင် "ပင်လုံကျောက်တိုင် ဘက်စုံပြုပြင်မွမ်းမံရေးနှင့်ပတ်သက်၍ လွိုင်လင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီက ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းထားပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဘက်စုံပြုပြင်မွမ်းမံရေးကိစ္စဖြစ်ပေါ်လာပါကြောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီများမှလည်း အဆိုပြုပုံစံများ ပေးပို့ထားပါကြောင်း၊ ထိုလုပ်ငန်းများကိုဆောင်ရွက်ရန် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကက်ဘိနက်အစည်းအဝေး၌ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် စည်ပင်သာယာရေးကဏ္ဍ ပါဝင်သောကြောင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကို ပြည်နယ်ဝန်ကြီးချုပ်မှ တာဝန်ပေးခဲ့ပါကြောင်း၊ ယနေ့ဆောင်ရွက်မည့်လုပ်ငန်းတွင် ပထမအဆင့်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်မှ ငွေကျပ်သိန်း ၅၀၀ ကျော်နှင့် ပြည်နယ်စည်ပင်သာယာရေးရန်ပုံငွေကျပ် သိန်း ၅၀၀ ကျော်၊ စုစုပေါင်း ငွေကျပ် ၁၃၆၅ သိန်းဖြင့် လုပ်ငန်း (၁၅) မျိုးပါသည့် မြေယာပြုပြင်ခြင်း၊ ပန်းအလှစိုက်ပျိုးခြင်း၊ ရေမီးဆောင်ရွက်ခြင်း၊ ကျောက်တိုင်ရင်ပြင်ဂရင်းနိုက်ခင်းခြင်းများစသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ ၎င်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်လုပ်ငန်းများကိုလည်း တစ်နှစ်ပြီး တစ်နှစ် အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း"ဟု ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းထိုက်က လုပ်ငန်းများနှင့်ပတ်သက်၍ ခွဲဝေသုံးစွဲမည့် ငွေကြေးများကို ခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးသည်။ ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦး၊ ပင်လုံမြို့မိမြို့ဖ ဦးစိုင်းလုံ၊ လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အောက်ပုံ)**

မိုးလွင်ဦး(လွိုင်လင်)

ဖြူးမြို့ မြတ်ဒါနအလှူရှင်အဖွဲ့မှ အရဏ်ဆွမ်းလောင်းလှူပွဲနှင့် ဆင်းရဲနွမ်းပါးသူများကို ဆန်ပေးဝေလှူဒါန်း

ဖြူး ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ မြတ်ဒါနအလှူရှင်အဖွဲ့ကကြီးမှူး၍ ဖြူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ကျောင်းမှ သံဃာတော်အပါး ၅၈၀ တို့ကို အရဏ်ဆွမ်းလောင်းလှူပွဲနှင့် မြို့ပေါ်(၁၀)ရပ်ကွက်တို့မှ မရှိနွမ်းပါးသူ ၆၀၀ တို့အား တစ်ဦးလျှင် ဆန်သုံးပြည် လှူဒါန်းပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီက ဖြူးမြို့ ဆွမ်းလောင်းမဏ္ဍပ်ရုံ၌ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အလှူဒါနပြုပွဲတွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်မြတ် အပါး ၅၈၀ တို့ကို အရဏ်ဆွမ်းလောင်းလှူခြင်း၊ နံနက်၆နာရီမှစ၍လာရောက်ကြသော ပြည်သူများအား စတုဒိသာ ခေါက်ဆွဲကြော်ကျွေးမွေးလှူဒါန်းကြပြီး မြို့ပေါ်(၁၀)ရပ်ကွက်တို့မှ ဆင်းရဲနွမ်းပါးသူ ၆၀၀ တို့ကို တစ်ဦးလျှင် ဆန်သုံးပြည်စီ ပေးဝေလှူဒါန်းကြသည်။ ထို့နောက် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းတို့မှ သံဃာတော်အရှင်သူမြတ်အပါး၅၈၀ ကျော်တို့ကို လက်ရှိလောင်းလှူနေကြသည့်အတိုင်း နေ့စဉ်အရဏ်ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇မိုင် ဦးကျော်လှလမ်း အမှတ် (၄-က)နေ ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) ဇနီးဒေါ်မလေးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ရာသက်ပန် ဆွမ်းပဒေသာပင် ငွေကျပ် ၃၅၀၀၀၀ ကို မြတ်ဒါနအလှူရှင် အဖွဲ့ ဥက္ကဋ္ဌ ဦးမြသန်းထံသို့ ပေးအပ်လှူဒါန်းသည်။

ယင်းကဲ့သို့ လှူဒါန်းပွဲဖြစ်မြောက်ရေးအတွက် ဖြူးမြို့နေ ဦးမြသန်း (ဒေါ်ရီရီဝင်း) မိသားစုနှင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များက စုပေါင်းထည့်ဝင် လှူဒါန်းကြခြင်းဖြစ်ကြောင်းသိရသည်။ **ဖြူးမြင့်ဦး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နှစ်ရက်ခန့်ရွာနိုင်သည်။

ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှ အပူချိန်ခန့်သာရှိမည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင်ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏ အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ မချမ်းဘော၌ကျင်းပ

မချမ်းဘော ဒီဇင်ဘာ ၁၀

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ အားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီက ကျင်းပရာ မြို့မဈေးလမ်းဆုံမှ စတင်တာထွက်သည်။

အဆိုပါလူထုလမ်းလျှောက်ပွဲသို့ မချမ်းဘောမြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်ဦး Nဖုန်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်(၄)ရပ်ကွက်မှ ပြည်သူများစုစုပေါင်း ၃၂၈ ဦးတို့သည် မြို့မဈေးလမ်းဆုံမှ ပူတာအိုမြို့နယ် နမ်ပါကျေးရွာအထိ အသွားအပြန် လေးမိုင်ခန့် လမ်းလျှောက်ပွဲ ဆင်နွှဲကြပြီး မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

ဘိုကလေးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း
ဆဌမအကြိမ် အာစရိယပူဇော်ပွဲ

ဘိုကလေးမြို့၊အထက(၂)တွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများက ဦးဆောင်၍ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၄ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ပူဇော်ကန်တော့ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသော တပည့်ကျောင်းသား ကျောင်းသူဟောင်းများသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

၁။ ဦးတင်ထွဋ် ဖုန်း-၀၉-၈၅၉၅၁၃၄

၂။ ဦးသံချောင်း ဖုန်း-၀၉-၄၂၂၄၇၈၇၅၅

၃။ ဦးမြင့်ဟန် ဖုန်း-၀၉-၄၂၂၄၄၉၅၁၅

၄။ ဦးငွေအောင် ဖုန်း-၀၉-၄၂၂၄၄၉၅၃

၅။ ဒေါ်နီလာအောင် ဖုန်း-၀၉-၄၅၀၀၆၃၄၂၄

၆။ ဒေါ်ဖြူဖြူထွန်း ဖုန်း-၀၉-၈၅၉၅၆၈၈

ဆဌမအကြိမ် အာစရိယပူဇော်ပွဲ
ကျင်းပရေးအဖွဲ့
ကျောင်းသား ကျောင်းသူဟောင်းများ
အထက(၂) ဘိုကလေးမြို့

(အဝေးရောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအတွက် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းရှိ ဘိုကလေးမြို့နယ်အသင်းတိုက်ရှေ့မှ ကြိုဆိုရေးမော်တော်ယာဉ်အား ၃-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတိတိအချိန်တွင် ထွက်ခွာပေးပါမည်။)

ကျစွာရန်အောင်မြင် မဟာစည်သာသနာ့ရိပ်သာ ရဟန်းတော်များ
ပရိဝါသ်ဆောက်တည်ပွဲနှင့်ဝိပဿနာတရားစခန်းပွဲ

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အရှေ့(၁၂)မိုင်အကွာရှိ ကျစွာရန်အောင်မြင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်၍ ယခုနှစ် ဒသမအကြိမ်မြောက် ရဟန်းတော်များ ပရိဝါသ်ဆောက်တည်ပွဲနှင့် ဝိပဿနာတရားစခန်းပွဲကို ကြို့ပင်ကောက်မြို့၊ ဇောတိရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ကမ္ဘာ့ငြိမ်းချမ်းရေးဓမ္မဒူတ (U.S.A)India, မဟာစည် ဦးသျှောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနက ကျေးဇူးရှင်ဆရာတော်ကြီးကိုယ်တိုင် ဦးစီးလျက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၆ရက်) ၆-၁-၂၀၁၄ရက်မှ (ပြာသိုလပြည့်ကျော် ၅ရက်) ၂၀-၁-၂၀၁၄ရက်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ ပရိဝါသ်ဆောက်တည် တရားအားထုတ်လိုကြသော ရပ်ဝေးရပ်နီးနေ ရဟန်းတော်များအား ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

မှတ်ချက် ။ ။ပရိဝါသ်ပွဲနှင့်တရားစခန်းဝင်လိုသူ ရဟန်းတော်များသည် (၁၃၇၅ခုနှစ် ပြာသိုလဆန်း၄ရက်) ညနေ ၄နာရီအရောက်ကြို့ပင်ကောက်မြို့၊ ဇောတိရိပ်သာကျောင်းတိုက်သို့ ကြရောက်ကြပါရန်-

ပရိဝါသ်ဆောက်တည်ပွဲနှင့် ဝိပဿနာတရားစခန်းပွဲဖြစ်မြောက်ရေးအဖွဲ့
ဇောတိရိပ်သာကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့
ဖုန်း-၀၅၃-၅၀၀၅၁၊ ၀၉-၅၃၁၀၄၂၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၁၉၅၆ JLM M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထွေး ၅/ကလတ(နိုင်)၁၅၈၅၉၈ကက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

တမာကုန်းတောင်ကျောင်း၊ ဝမ်းတွင်းမြို့နယ်
ရဟန်းတော်များပရိဝါသ်ဆောက်တည်ပွဲနှင့် ဝိပဿနာတရားစခန်းပွဲ

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာ၊ တမာကုန်းတောင်ကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်၍ ယခုနှစ် ဒသမအကြိမ်မြောက် ရဟန်းတော်များ ပရိဝါသ်ဆောက်တည်ပွဲနှင့် ဝိပဿနာတရားစခန်းပွဲကို ကြို့ပင်ကောက်မြို့၊ ဇောတိရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ကမ္ဘာ့ငြိမ်းချမ်းရေးဓမ္မဒူတ (U.S.A) India, မဟာစည် ဦးသျှောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနက ကျေးဇူးရှင်ဆရာတော်ကြီးကိုယ်တိုင်ဦးစီးလျက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) ၂၂-၁၂-၂၀၁၃ရက် (ပြာသိုလဆန်း ၆ရက်) ၆-၁-၂၀၁၄ရက်အထိ ၁၅ ရက်တိုင်တိုင် ၎င်းကျောင်းတိုက်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ပရိဝါသ်ဆောက်တည် တရားအားထုတ်လိုကြသော ရပ်ဝေးရပ်နီးနေ ရဟန်းတော်များအား ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

မှတ်ချက် ။ ။ပရိဝါသ်ပွဲနှင့် တရားအားထုတ်လိုသောရဟန်းတော်များသည် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) ညနေ ၄နာရီအရောက် တမာကုန်းကျေးရွာ၊ တမာကုန်းတောင်ကျောင်းသို့ ကြွရောက်ကြပါရန်-

ပရိဝါသ်ဆောက်တည်ပွဲနှင့်ဝိပဿနာတရားစခန်းပွဲဖြစ်မြောက်ရေးအဖွဲ့
တမာကုန်းကျောင်းတိုက်၊ တမာကုန်းကျေးရွာ၊ ဝမ်းတွင်းမြို့နယ်၊
ဖုန်း-၀၆၄-၅၀၀၈၅၊ ၀၉-၆၅၂၀၃၉၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၁၆၄၈ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုဝေ ၉/ပကခ(နိုင်)၀၃၀၅၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှမ်းပြည်နယ် တောင်ကြီးတွင်
ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူရေးသင်တန်းဆင်း

တောင်ကြီး ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများလုံးဝပပျောက်ရေးအတွက် စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဆေးဝါးများကို အရှိန်အဟုန်မြှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးလျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ဘိန်းစိုက်ပျိုးပပျောက်ရေးအတွက်၊ ဘိန်းခင်းများကို ပြည်သူနှင့် ပူးပေါင်း၍ ရှာဖွေဖျက်ဆီးခြင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအတွက် UNODC နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြည်နယ်အနေဖြင့် ပြုလုပ်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၃-၂၀၁၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်အတွင်း UNODC နှင့် ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းတိုင်းတာရေးရက်တိုသင်တန်းများကို ဒီဇင်ဘာ ၄ ရက်မှစတင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊(မြောက်ပိုင်း) လားရှိုးနှင့်(အရှေ့ပိုင်း)ကျိုင်းတုံတို့တွင် သုံးနေရာခွဲဖွင့်လှစ်ပေးခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတွင် ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး၊ မြေစာရင်းတို့မှ သင်တန်းသား ၄၈ ဦးနှင့် ကယားပြည်နယ်မှ သင်တန်းသား ကိုးဦး စုစုပေါင်း သင်တန်းသား ၅၇ ဦးအား လေးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့သည်။ ထိုသို့စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးပြီးနောက် ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့ ရဲသူရခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး(ကိုယ်စား) ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဦးစီး(ပထမတန်း) ဒုတိယရဲမှူးကြီးလှိုင်တင့်က တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းတက်ရောက်ခဲ့မှုအပေါ် ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

စက်သုံးဆီအရည်အသွေးနှင့်
ဂါလန်၊ လီတာအတိုင်းအတာများစစ်ဆေးရန်ပြည်သူများမျှော်လင့်

ဖာန်းမော် ဒီဇင်ဘာ ၁၀

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် လောင်စာဆီပန့်အရောင်းဆိုင် ရှစ်ဆိုင်ရှိသည်။ လောင်စာဆီတွင်အနည်များပါခြင်း၊ အရည်အသွေးမကောင်းခြင်းတို့ကြောင့် စက်အင်ဂျင်များပျက်စီးချွတ်ယွင်းစေပြီး ဂါလန်၊ လီတာ အတိုင်းအတာမပြည့်သဖြင့် ပြည်သူများထိခိုက်နစ်နာလျက်ရှိသည်။

"တစ်ဂါလန်ကို ၄ ဒသမ ၁၆ လီတာနဲ့သတ်မှတ်တယ်။ ဓာတ်ဆီတစ်ဂါလန်ငွေကျပ် ၄၂၀၀၊ ဒီဇယ်တစ်ဂါလန်ငွေကျပ် ၄၂၀၀၊ ပရီမီယံနှင့်အောက်တိန်း တစ်ဂါလန်ငွေကျပ် ၄၃၀၀ စီ ဈေးနှုန်းရှိတယ်"ဟု ပန့်ဆိုင်မှရောင်းသူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

လောင်စာဆီပန့်ဆိုင်များပေါ်လာသော်လည်း အချို့ဆိုင်များက ဂါလန်လီတာပြည့်ပြီး အချို့ဆိုင်များက မပြည့်ကြောင်း ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ပြည်သူများက ပြောသည်။

လောင်စာဆီများ သတ်မှတ်သည့်အရည်အသွေး စံချိန်စံညွှန်းကိုက်ညီစေရန် ဂါလန်၊ လီတာအတိုင်းအတာများမှန်ကန်မှုရှိစေရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ တာဝန်ရှိသူများက စက်သုံးဆီအရောင်းပန့်ဆိုင်များကို စစ်ဆေးရန် ပြည်သူများ၏ ဆန္ဒထုတ်ဖော်ချက်များကို တင်ပြလိုက်ရပါသည်။ **ဆီမီးခုံ-နန်းရီ**

ကွန်ကရစ်ကျောက်တိုင်အသစ်များ
အစားထိုးလဲလှယ်စိုက်ထူဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ်အုပ်ချုပ်ရေးမှူးရုံး လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၏ ဦးဆောင်စီမံမှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများကြီးကြပ်၍ လျှပ်စစ်ကျွမ်းကျင်လုပ်သားအဖွဲ့သည် မြို့ပြလှပဖွံ့ဖြိုးတိုးတက်၍ ပြည်သူများလည်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဟောင်းနွမ်းနေသော ဓာတ်အားလိုင်းကြိုးနှင့်ဓာတ်တိုင်များအစား ဓာတ်အားလိုင်းကြိုးအသစ်နှင့် ကွန်ကရစ် ကျောက်တိုင်ဓာတ်တိုင်အသစ်တို့ဖြင့် အစားထိုးလဲလှယ်တပ်ဆင် စိုက်ထူခြင်းလုပ်ငန်းများကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ပါ မနားဘဲ နေ့စဉ် ဆောင်ရွက်ပေးခဲ့သည်။ ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ဒလမြို့ ဗညားဒလရပ်ကွက် ဗိုလ်ချုပ်(၁)လမ်း၌ လျှပ်စစ်ကျွမ်းကျင်လုပ်သားအဖွဲ့က ကိုးမီတာရှည် ကွန်ကရစ်ကျောက်တိုင် ၁၀ တိုင်စိုက်ထူခဲ့ကြောင်းနှင့် ကနောင်လမ်းမကြီးနှင့် ဦးအောင်ဇေယျ ၁၅ လမ်းတို့တွင်လည်း အလားတူ စိုက်ထူပေးခဲ့သဖြင့် ရပ်ကွက်ပြည်သူများ ဝမ်းသာပျော်ရွှင်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **သန်းငွေး(ဒလ)**

အပူပိုင်းဒေသ စိမ်းစိုဖို့
သစ်တောသစ်ပင်တွေ စိုက်ကြစို့

စာအုပ်စာစောင်လှူဒါန်းပွဲနှင့်
စာဖတ်ရိုန်မြှင့်တင်ရေးဆုချီးမြှင့်ပွဲကျင်းပ

ဝိုင်းမော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး စာအုပ်စာစောင်လှူဒါန်းပွဲနှင့် စာဖတ်ရိုန်မြှင့်တင်ရေးဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအလုပ်အမှုဆောင် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင် ဦးစီးအရာရှိ ဦးဘောမ်သိန်းက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းသော သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်တင်က လက်ခံယူသည်။ ထို့နောက် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးဆုရရှိသူများအား ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးထိန်လင်းအောင်ကလည်းကောင်း၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်းကလည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့မိမြို့ဖ ဦးကြည်ထွန်းကလည်းကောင်း၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယမြို့နယ်ပညာရေးမှူး ဦးလှညွှန့်ကလည်းကောင်း၊ အခြေခံပညာ မူလတန်းအဆင့် စာဖတ်ရိုန်စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများအား မြို့မိမြို့ဖ ဦးကျော်ငြိမ်းကလည်းကောင်း၊ အခြေခံပညာ မူလတန်းအဆင့်ပုံပြောပြိုင်ပွဲဆုရရှိသူများအား ဆရာမကြီးဒေါ်ချစ်တင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘုရားကြီးဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပဲခူး ဒီဇင်ဘာ ၁၀

ပဲခူးမြို့နယ် ဘုရားကြီးမြို့ စည်ပင်သာယာဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၄ ရက်က ဈေးလမ်းထိပ်၌ ကျင်းပသည်။ သရုပ်ပြလေ့ကျင့်ရာသို့ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်၊ ဒုတိယဦးစီးမှူး(ဈေး)ဦးခိုင်လျှန်းထန်၊ ဈေးတာဝန်ခံနှင့် ဈေးဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများပါဝင်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။**(အပေါ်ပုံ) (၁၂၁)**

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာနေ
(ဦးအိမ်ကြီးမောင်-ဒေါ်ခင်ကြည်)တို့၏သား

မောင်အောင်နိုင်ဝင်း B.A (History)

Thai Sawat Import Export Co., Ltd.

Cheung Hing & Company

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်း၊ အမှတ် ၇၀ နေ
ဒေါက်တာမြင့်ဦး(ဂျီပီ)-ဒေါ်ပြုံးပြုံးကြည်တို့၏ သမီးကြီး

မပွင့်ဦးမွန် IDCS, BE (E.C), MPA

Indonesian International School Yangon

တို့၏ ၁-၁၂-၂၀၁၃ရက်တွင် Park Royal Hotel ရတနာခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ပါမောက္ခ ဒေါက်တာဦးမျိုးညွန့် (ဦးလှထွန်း-Hospice ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ အတိုင်ပင်ခံရောဂါဗေဒပါရဂူ) နှင့်ဇနီး ဒေါ်သွဲ့သွဲ့ကြည် (ဒါရိုက်တာ Worldwide Infinity Myanmar Co.,Ltd.)တို့ကိုလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဦးစိုးဝင်း(ဒါရိုက်တာ Pacific Timber Enterprise Co.,Ltd)နှင့်ဇနီး ဒေါ်အေးမာလာတို့ကိုလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာဆင်မြန်းပေးသော ကိုမျိုးဇော်ဦး-မယဉ်ယဉ်ခိုင် (ဆုဆုစံ-သတို့သမီးဝတ်စုံနှင့်လက်ဝတ်ရတနာဆိုင်)တို့နှင့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်ခဲ့သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးကြပါသော အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်အောင်နိုင်ဝင်း-မပွင့်ဦးမွန်

ရွှေဘုန်းပွင့်စေတီတော် (၃၄)ကြိမ်မြောက်
အသံမစဲအဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၃၄)ကြိမ်မြောက် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ၆-၁-၂၀၁၄ ရက်မှ ၁၅-၁-၂၀၁၄ရက်အထိ ၁၀ရက်တိုင်တိုင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ လှူဒါန်းလိုသူများ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့.

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ် (၁၃၂၆၊၁၃၂၇၊၁၃၄၂၊၁၃၄၃၊၁၃၄၄၊၁၃၂၃) အမည်ပေါက်ဦးမြကြီး၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးမောင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၁၇၈၀က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီးမြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။

09 31589922
09 31268183

ဒုတိယအကြိမ် မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ၁၉၈၅ခုနှစ်တွင် စတင်တက်ရောက်ပြီး မည်သည့်နှစ်တွင် ကျောင်းပြီးသူဖြစ်စေ၊ မည်သည့်နှစ်တွင် စတင်တက်ရောက်သည်ဖြစ်စေ ၁၉၉၂ခုနှစ်တွင် ကျောင်းပြီးခဲ့ကြသော သူငယ်ချင်းတွေအားလုံး ကျောင်းသားဘဝကို ပြန်လည်တမ်းတသတိရကြရင်း ဆုံတွေ့ကြရအောင် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန် - ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၆ နာရီ

နေရာ - Western Park Royal (Kandawgyi)

မှတ်ချက် - သီးခြားဖိတ်စာမပို့ပါ၊ လက်မှတ်မရောင်းပါ(F.O.C) လက်ဆောင်ပစ္စည်းလဲလှယ်မဲဖောက်မည့်အစီအစဉ်ရှိပါသဖြင့် သင့်တော်ရာ လက်ဆောင်ပစ္စည်းယူလာခဲ့ကြပါ။

တက်ရောက်မည့်သူများ အောက်ပါကိုယ်စားလှယ်များကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

(၁) စိုင်းအောင်နိုင် ဖုန်း-၀၉-၅၀၀၄၉၆၃၊ (၂) ဝင်းကြိုင် ဖုန်း-၀၉-၈၅၀၁၇၄၂၊ (၃) အောင်နိုင်မိုး ဖုန်း-၀၉-၄၃၁၂၆၁၆၄၊ (၄) အေးချမ်းအောင် ဖုန်း-၀၉-၅၁၀၀၂၈၃၊ (၅) နီလာသိန်း ဖုန်း-၀၉-၇၃၀၂၆၇၄၉၊ (၆) မိုးပပ ဖုန်း-၀၉-၇၃၀၀၉၃၈၃၊ (၇) လွင်လွင်ကြည် ဖုန်း-၀၉-၅၀၄၆၇၄၉၊ (၈) အေးအေးသန်း ဖုန်း-၀၉-၅၁၆၂၄၁၄၊ (၉) မီမီအောင် ဖုန်း-၀၉-၅၁၂၈၉၁၆၊ (၁၀) ခင်အေးမော် ဖုန်း-၀၉-၅၀၀၂၅၇၅

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၉၆၄)၊ အမည်ပေါက် ဦးကြည်ဝင်း ၁၂/သလန(နိုင်)၀၆၆၁၄၀၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးတင်ရှိန်၁၂/လမတ(နိုင်)၀၂၄၇၀၄က မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီးမြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နယ်သတင်းနှင့်ဆောင်းပါး

အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင်အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမတွင် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ၁နာရီက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုမှ ကမ္ဘာ့ခုခံအား ကျဆင်းမှုနှင့် ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံအသီးသီးတို့တွင် ဒီဇင်ဘာလ ၁ရက်ကို သတ်မှတ်ကာ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ရမှာ ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြောက်ပိုင်းခရိုင်တွင် ခုခံအားကျကာလသားရောဂါတိုက်ဖျက်အဖွဲ့ခေါင်းဆောင် ဒေါက်တာပြည့်စုံက AIDS နှင့် ခုခံအား ကျဆင်းမှုရောဂါ၊ ကာလသားရောဂါတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများ၊ ကျန်းမာရေး ဝန်ကြီးဌာနအပြင် နိုးနွယ်ဝန်ကြီးဌာန၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး၊ AIDS ရောဂါ တားဆီးကာကွယ်ရေးအတွက် ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးရှိ ကျောင်းသား ကျောင်းသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ စာစီစာကုံးနှင့်ပန်းချီ၊ ကာတွန်းပြိုင်ပွဲများ၊ ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲများမှ ဆုရသူများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးအပ်ကြပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် ပေါ်အိုင်ရိုးကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မတည်ငွေကျပ်သိန်း၁၀၀လှူဒါန်း

ပျော်ဘွယ် ဒီဇင်ဘာ ၁၀

ပျော်ဘွယ်မြို့နယ် ဖောင်းတောကျေးရွာအုပ်စု ပေါ်အိုင်ရိုးကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးမိသားစုက ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မတည်အလှူငွေကျပ်သိန်း၁၀၀ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးတင်ဦးက "ပေါ်အိုင်ရိုးကျေးရွာမှာ စာသင်ကျောင်းမရှိတဲ့အတွက် ရွာက ကလေးတွေ တခြားရွာကို ကျောင်းသွားတက်ရတယ်။ အဲဒီတော့ ကလေးတွေဟာ ငယ်ရွယ်လွန်းတဲ့အတွက် ကျောင်းသွားကျောင်းပြန် ဒုက္ခရောက်ကြရတယ်။ကလေးတွေကို အဲဒီလို ဒုက္ခတွေနဲ့ ကင်းအောင် ကျေးရွာရှိ မိဘပြည်သူတွေနဲ့ တိုင်ပင်ပြီး ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်း ဖွင့်လှစ်ဖို့ တိုင်ပင်ပြီး အလှူငွေလှူဒါန်းတာပါ" ဟု ပြောသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်အောင်ဆန်း၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးအောင်လွင်၊ မြို့မိမြို့ဖ ဦးဘညွန့်တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် မိဘပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီကြစေလိုကြောင်း၊ လာမည့်စာသင်နှစ်တွင် နိုင်ငံတော်အသိအမှတ်ပြုစာသင်ကျောင်းဖြစ်ရန် ပညာရေးဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးကအလျားပေ၁၀၀ရှိကျောင်းဆောင်သစ်ဆောက်လုပ်ရန်မတည်ငွေကျပ်သိန်း၁၀၀ကိုပေးအပ်လှူဒါန်းရာ ဖောင်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးမောင်မောင်၊ ပေါ်အိုင်ရိုးကျေးရွာခွဲအုပ်ချုပ်ရေးမှူး ဦးဝင်းဘိုတို့က လက်ခံယူကြောင်း သိရသည်။

(အပေါ်ပုံ) မင်းမင်းထွေး

တနင်္သာရီ ဒီဇင်ဘာ ၁၀

တနင်္သာရီမြို့၌ ဒေသခံပြည်သူများအား အိမ်အကြောင်းနှင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြော

၂၀၁၄ခုနှစ်တွင် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ရရှိရန် ရည်ရွယ်လျက် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လဝက ဦးစီးဌာနနှင့် ပြန်/ဆက် ဦးစီးဌာနတို့ပူးပေါင်း၍မြို့နယ်အတွင်းကျေးရွာအုပ်စုအသီးသီးရှိ ဒေသခံပြည်သူများအား အိမ်အကြောင်းနှင့် လူဦးရေသန်းခေါင်စာရင်းဆိုင်ရာကောက်ယူခြင်း၊ စာရင်းကောက် ဆရာ ဆရာမများမှ မေးမြန်းမည့်မေးခွန်းများနှင့်ပတ်သက်သည့်အချက်အလက်များကြိုတင်သိရှိနိုင်စေရန်အတွက် အသိပညာပေး ဟောပြောပွဲများကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက တမုတ်ချိုးကျေးရွာအုပ်စု- တမုတ်ချိုးကျေးရွာ ဓမ္မရက္ခိတ ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်၌ ကျင်းပသည်။

ထို့အတူ ၎င်းအဖွဲ့သည် ယင်းနေ့မွန်းလွဲ ၂ နာရီမှ ၂နာရီခွဲတွင် အနောက်မော်တုန်းကျေးရွာအုပ်စု- နန်းစိမ့်ပြင်ရွာ မူ/လွန်ကျောင်းတွင် ဘာသာရေးဆရာများ၊ NGO အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများအင်အား ၁၃၀ခန့်အား အိမ်အကြောင်းနှင့်လူဦးရေသန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဆက်လက် ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးတင်ဌေးက ယခုလို ကျေးရွာအရောက်ဒေသခံပြည်သူများအားရှင်းလင်းပြောကြားကြောင်း သိရသည်။

(နန်းသာရီ-ထိန်ဝင်း)

စတုဘုမ္မိက ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့်တရားစခန်းဖွင့်ပွဲ

သဃ်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ ဇ/မြောက်ရပ်ကွက်၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရ သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယနှင့် တပည့်သာဝကများစုပေါင်း၍ စတုဘုမ္မိကနိကာယ နှစ်ပတ်လည်သံဃာ့အစည်းအဝေးသို့ ကြွရောက်တော်မူကြသော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဆရာတော်ကြီး (၇၅)ပါးတို့အား ပူဇော်ပွဲနှင့် ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၁၅ရက် ညနေ ၃း၀၀နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ လှူဒါန်းပူဇော်ကြမည့် အလှူရှင်များနှင့် ယောဂီများ အချိန်မီ ကြွရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၇၁၈၂၉(ရိပ်သာ)၊ ၀၉-၄၂၀၃၉၇၄၆ ဦးဝင်းကြိုင်၊ ဖုန်း-၀၉-၄၂၀၂၃၉၈၀ ဒေါ်ခေမာစာရီတို့နှင့် ဆက်သွယ်နိုင်ပါသည်။

စတုဘုမ္မိက သာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့

ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဉာဏ်ထွန်း TKA-046450 နှင့် ဒေါ်ဌေးဌေးမော်(ခ)မခိုင် ၁၂/သကတ(နိုင်)၀၄၉၃၅၁တို့သည် လက်ထပ်ပေါင်းသင်းခဲ့သော်လည်း အိမ်ထောင်သက်တမ်းတစ်လျှောက်လုံးတွင် ဇနီးဖြစ်သူဒေါ်ဌေးဌေးမော်(ခ)မခိုင်သည် ကျွန်ုပ်မိတ်ဆွေ၏စကားကို မနာခံခြင်း၊ မိမိသဘောအလျောက် အကြိမ်ကြိမ်အခါခါ အိမ်ပေါ်မှဆင်းသွားခြင်း၊ များစွာကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင်ပြုလုပ်ခြင်းတို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ဇနီးဖြစ်သူ ဒေါ်ဌေးဌေးမော်(ခ)မခိုင်အပေါ် သားမယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သည့်အတွက် ယနေ့မှစ၍ဇနီးအဖြစ်မှစွန့်လွှတ်ပြတ်စဲကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဌေးဌေးမော်(ခ)မခိုင်နှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမဆို လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် မေးမြန်းစုံစမ်းခြင်းမပြုလုပ်ပါရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မာမာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)
ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)
ပုသိမ်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၄

ဒေါ်အုန်းကြည်(ခ)ဒေါ်အေးအေးလွင် **နှင့်** ၁။ ဦးသိန်းမြင့်
၂။ ဒေါ်ခင်ဌေးရီ(ခ)ဒေါ်ဌေးဌေး
၃။ ဦးအောင်သန်းထွန်း

တရားလို **တရားပြိုင်များ**

ယခင်ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီး၊ အမှတ် ၉၁၂၊ ယခု လိပ်စာမသိနေ (၁)ဦးသိန်းမြင့်၊ (၂)ဒေါ်ခင်ဌေးရီ(ခ)ဒေါ်ဌေးဌေး၊(၃)ဦးအောင်သန်းထွန်းတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်အုန်းကြည်(ခ)ဒေါ်အေးအေးလွင်က ဆန်ဖိုးငွေ ၅၂၉၀၀၀၀ိ/(ငွေကျပ်ငါးရာနှစ်ဆယ့်ကိုးသိန်းတိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသဖြင့် သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်အေး)
ခရိုင်တရားသူကြီး
ပုသိမ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

Power Construction မှဆောက်လုပ်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း (အတွင်းလမ်းသွယ်)၊ အမှတ် (၂၂/B)၊ နှစ်ခန်းတွဲခြောက်ထပ်တိုက်၏ အကျယ်အဝန်းပေ (၁၈×၅၀)ရှိ ခြောက်လွှာ(တိုက်၏မျက်နှာချင်းဆိုင်ဘက်မှကြည့်လျှင် ယာဘက်အခြမ်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းအောင် ၁၂/ဗဟန(နိုင်)၀၈၅၁၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောစိုင်းဦး (စဉ်-၄၁၈၀၁)
ဥပဒေဘွဲ့ LL.B၊ အထက်တန်းရှေ့နေ
အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်၃၁၄ အမည်ပေါက် ဦးမြင့်မောင် TME-၀၁၅၂၄၄ ၏ မြေကွက်ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဦးတင်ရှိန် ၁၂/လမတ(နိုင်) ၀၂၄၇၀၄ မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၆၆၆ အမည်ပေါက် ဒေါ်ကာလီမား၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူဒေါ်မိုးမိုးစိုး ၁၂/သလန(နိုင်)၁၁၀၉၃၃မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီးမြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့်ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဌာနဆိုင်ရာနှင့်လူမှုရေး စီးပွားရေးကြော်ငြာ

မြစ်ကြီးနားတက္ကသိုလ်
(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့(မိုးညှင်းဒီဂရီကောလိပ် အပါအဝင်) စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အစီအစဉ်

ပထမရက် ပထမပိုင်း (၁၄-၁-၂၀၁၄) ရက် နံနက် ၉:၀၀နာရီ
- မဟာသုတေသနဘွဲ့ - မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ
- ‌ - ရူပဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ
- ဝိဇ္ဇာဘွဲ့ - မြန်မာစာ
- သိပ္ပံဘွဲ့ - ဓာတုဗေဒ(၃-ခ-၁ မှ ၈၀)

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

ပထမရက် ဒုတိယပိုင်း (၁၄-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ
- သိပ္ပံဘွဲ့ - ဓာတုဗေဒ(၃-ခ-၈၁ မှ ၁၇၇)
- ‌ - (ပြင်ပ ၁၃၇၊ ၁၃၈)
- ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(၃-အ-၁ မှ ၅၁)

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

ဒုတိယရက် ပထမပိုင်း (၁၅-၁-၂၀၁၄)ရက် နံနက် ၉:၀၀နာရီ
- မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ
- ဥပဒေပညာဘွဲ့ - ဥပဒေပညာ(၄-ဥ-၁ မှ ၄၇အထိ)
- ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(၃-အ-၅၂ မှ ၁၁၂)
- သိပ္ပံဘွဲ့ - ရူပဗေဒ (၃-ရူပ-၁ မှ ၂၇)

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

ဒုတိယရက် ဒုတိယပိုင်း (၁၅-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- မဟာသိပ္ပံဘွဲ့ - ရူပဗေဒ
- ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(၃-အ-၁၁၃မှ၁၆၃)
- ဥပဒေပညာဘွဲ့ - ဥပဒေပညာ
- ‌ - (၄-ဥ-၄၉ မှ၁၀၆)(ပြင်ပ၇၈၊၈၀)
- သိပ္ပံဘွဲ့ - ရူပဗေဒ (၃-ရူပ-၂၈ မှ ၆၂)

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ၊ အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

တတိယရက် ပထမပိုင်း(၁၆-၁-၂၀၁၄)ရက် နံနက် ၉:၀၀နာရီ
- မဟာသိပ္ပံဘွဲ့ - သင်္ချာ၊ ဘူမိဗေဒ
- ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(၃-အ-၁၆၄ မှ ၂၂၁)
- သိပ္ပံဘွဲ့ - သင်္ချာ (၃-သခ-၁ မှ ၈၉)

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

တတိယရက် ဒုတိယပိုင်း(၁၆-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- မဟာသိပ္ပံဘွဲ့ - ရုက္ခဗေဒ
- ဝိဇ္ဇာဘွဲ့ - သမိုင်း
- သိပ္ပံဘွဲ့ - ရူပဗေဒ(၃-ရူပ-၆၃ မှ ၁၃၆)
- ‌ - အဏုဇီဝဗေဒ

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

စတုတ္ထရက် ပထမပိုင်း(၁၇-၁-၂၀၁၄)ရက် နံနက် ၉:၀၀နာရီ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ဒဿနိကဗေဒ
- သိပ္ပံဂုဏ်ထူးဘွဲ့ - ဇီဝဓာတုဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ
- သိပ္ပံဘွဲ့ - သင်္ချာ (၃-သခ-၉၀ မှ ၁၆၆)
- ဝိဇ္ဇာဘွဲ့ - စိတ်ပညာ

} အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

စတုတ္ထရက် ဒုတိယပိုင်း(၁၇-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အင်္ဂလိပ်စာ
- သိပ္ပံဘွဲ့ - ရူပဗေဒ(၃-ရူပ-၁၃၇ မှ ၁၆၃)
- ‌ - ဘူမိဗေဒ(၃-ဘ-၁ မှ ၂၂)
- ဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

ပဉ္စမရက် ပထမပိုင်း(၁၈-၁-၂၀၁၄)ရက် နံနက် ၉:၀၀နာရီ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - သမိုင်း၊ စိတ်ပညာ
- ဝိဇ္ဇာဘွဲ့ - ပထဝီဝင်(၃-ပ-၁ မှ ၃၉)
- သိပ္ပံဘွဲ့ - ဘူမိဗေဒ
- ‌ - (၃-ဘ-၂၃ မှ ၇၇)(ပြင်ပ ၃၄၊၄၀)
- ‌ - သတ္တဗေဒ

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

ပဉ္စမရက် ဒုတိယပိုင်း(၁၈-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- သိပ္ပံဂုဏ်ထူးဘွဲ့ - ဓာတုဗေဒ
- ဝိဇ္ဇာဘွဲ့ - ပထဝီဝင်(၃-ပ-၄၀ မှ ၈၇) (၁-ဂုဏ်-ပ-၁)
- သိပ္ပံဘွဲ့ - ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

ဆဋ္ဌမရက် ပထမပိုင်း(၁၉-၁-၂၀၁၄)ရက် နံနက် ၉:၀၀နာရီ
- သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ
- ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ
- သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - ဓာတုဗေဒ(၃-ခ-၁ မှ ၄၇)

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီ

- သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - သင်္ချာ (၃-သခ-၁ မှ ၄၂)
- ဝိဇ္ဇာဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - ပထဝီဝင်

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

ဆဋ္ဌမရက် ဒုတိယပိုင်း(၁၉-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- သိပ္ပံဂုဏ်ထူးဘွဲ့ - သင်္ချာ
- ဝိဇ္ဇာဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - သမိုင်း
- သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - ဓာတုဗေဒ(၃-ခ-၄၈ မှ ၁၂၉)
- ‌ - သင်္ချာ (၃-သခ-၄၃ မှ ၇၃)

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

သတ္တမရက် ပထမပိုင်း(၂၀-၁-၂၀၁၄)ရက် နံနက် ၉:၀၀နာရီ
- သိပ္ပံဂုဏ်ထူးဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ
- သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - သင်္ချာ (၃-သခ-၇၄ မှ ၁၄၃)
- ‌ - (၁-ဂုဏ်-သခ-၉)
- ‌ - ရူပဗေဒ (၃-ရူပ-၁ မှ ၇၃)

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

သတ္တမရက် ဒုတိယပိုင်း(၂၀-၁-၂၀၁၄)ရက် မွန်းလွဲ ၂:၀၀နာရီ
- သိပ္ပံဂုဏ်ထူးဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - သင်္ချာ၊ ရုက္ခဗေဒ
- ဝိဇ္ဇာဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - မြန်မာစာ
- သိပ္ပံဘွဲ့ - ရူပဗေဒ(၃-ရူပ-၇၄ မှ ၁၃၇)
- ‌ - (၁-ဂုဏ်-ရူပ-၁၊ ၁၆၊ ၂၄)
- (မိုးညှင်းဒီဂရီကောလိပ်) - ရုက္ခဗေဒ၊ သတ္တဗေဒ

} အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့်အတူ ဘွဲ့နှင်းသဘင် တက်ရောက်ယူမည့် သူများသည် ဘွဲ့ဝတ်စုံများကို ဘွဲ့ကြေးငွေသွင်းပြေစာနှင့်အတူ ၇-၁-၂၀၁၄ ရက်မှ ၉-၁-၂၀၁၄ ရက်အထိ နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီအထိ မြစ်ကြီးနားတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ယူနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်နှင့် ဧည့်လက်မှတ်များကို ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ရက်များတွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။

(မောင်မောင်)
ဌာနမှူး၊ သင်တန်းရေးရာဌာန
မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့

စက်မှုဝန်ကြီးဌာန
အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ)၊ ရော်ဘာပစ္စည်းစက်ရုံခွဲ (ရွှေဟင်္သာလမ်း) ရန်ကုန်တွင် အသုံးပြုရန် လိုအပ်သော အောက်ပါကုန်ကြမ်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ဇက်ကရိန်းသားရေ	၁၁၄၆၆ စ/ပေ
(ခ)	Steel Cap	၃၂၇၆ ရံ
(ဂ)	Bonding Agent	၃၉၃ Kg
(ဃ)	Local Glue	၂၉၅ ဂါလန်
(င)	အခြားကုန်ကြမ်းပစ္စည်းများ အမယ်	၁၅ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၉-၁၂-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်ဈေးနှုန်းတင်ဒါများကို ၂၃-၁၂-၂၀၁၃ ရက် ၁၃:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်-

အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
စက်မှုဝန်ကြီးဌာန
ရုံးအမှတ် (၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၈

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(၁၂)ကြိမ်မြောက်

ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘွဲ့သင်တန်းအောင်မြင်ပြီးသူများကို ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

အပ်နှင်းမည့်ဘွဲ့များ-
- (က) မဟာဝါဏိဇ္ဇဗေဒဘွဲ့ — ၂၀၁၂-၂၀၁၃ ပညာသင်နှစ်
- (ခ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) (မန္တလေးတက္ကသိုလ်(MBA) သင်တန်းအမှတ်စဉ်(၁)အပါအဝင်)
- (ဂ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)
- (ဃ) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ၊ စာရင်းအင်းပညာ) ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်သူများအပါအဝင်) — ၂၀၁၂-၂၀၁၃ ပညာသင်နှစ်

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်မည့်ရက် - ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့)

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက် - ၂၅-၁-၂၀၁၄ ရက် (စနေနေ့)နှင့် ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်နေရာ - မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

ဘွဲ့လျှောက်လွှာလက်ခံမည့်ရက် - ၂-၁၂-၂၀၁၃ ရက်မှ ၁၄-၁-၂၀၁၄ ရက်အထိ

မှတ်ချက်။ ။ ရပ်ဝေးမှ လျှောက်ထားလိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

အသေးစိတ်အချက်အလက်များကို မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဖုန်း-၀၆၄-၃၉၂၇၈ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(အေးဇော်)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

မေမြို့ စက်မှုလက်မှုအထက်တန်းကျောင်း
တတိယအကြိမ် အာစရိယပူဇော်ပွဲ

မေမြို့ စက်မှုလက်မှုအထက်တန်းကျောင်း တတိယအကြိမ် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့တွင် ၃-၁-၂၀၁၄ရက် (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ အထက်မြန်မာပြည် ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ လိုက်ပါနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း သွားရောက်မည်ဖြစ်ပါ၍ အသိပေးကြေညာအပ်ပါသည်။ လိုက်ပါမည့်သူများအနေဖြင့် ၂၀-၁၂-၂၀၁၃ ရက် (သောကြာနေ့) နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင် မပျက်မကွက် စာရင်းပေးရန် အသိပေးအပ်ပါသည်။

အစီအစဉ်

၁။ ၁-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ည ၈ နာရီတွင် ပစိဖိတ်ဟိုတယ် (မန္တလေးဘူတာကြီးရှေ့) မှန်လုံကားဖြင့် ထွက်ခွာပါမည်။

၂။ ၂-၁-၂၀၁၄ ရက် နေ့ပိုင်း ရန်ကုန်ဘုရားဖူးအစီအစဉ်

၃။ ၃-၁-၂၀၁၄ ရက် ကန်တော့ခံပြီးနေ့ပိုင်း ရန်ကုန်ဘုရားဖူး

၄။ **စာရင်းပေးသွင်းနိုင်ရန် ဖုန်းနံပါတ်**

(က) ဦးမြင့်ဆွေ ဖုန်း-၀၉-၄၇၀၆၃၀၇၄၊ ၀၉-၂၅၆၀၂၁၂၉၂

(ခ) ဦးအောင်စိုးမြင့် ဖုန်း-၀၉-၂၀၂၂၂၆၁၊ ၀၉-၄၀၂၅၅၅၄၇၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၂၆၊ အခန်း ၁၂ ကို မူလအမည်ပေါက် ပိုင်ရှင် ဦးစိုးတင့်ထံမှစာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးခင်အောင်မြင့် ၁၂/ရကန (နိုင်)၀၅၃၄၆၆- ဒေါ်မူမူ ၁၂/ရကန(နိုင်) ၀၅၁၇၃၀က ပိုင်ရှင်အမည် ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၂၀၊ အခန်း ၁၄ ကို မူလအမည်ပေါက် ပိုင်ရှင် ဒေါ်မြကြည် ထံမှစာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ဝင်းမင်းသန်း ၅/ရဘန(နိုင်)၀၀၉၆၉၉ က ပိုင်ရှင်အမည် ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၂၈၊ အခန်း ၁၁ကို မူလအမည်ပေါက် ပိုင်ရှင် ဒေါ်ဝင်းမင်းသန်း ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးခင်အောင်မြင့် ၁၂/ရကန (နိုင်)၀၅၃၄၆၆- ဒေါ်မူမူ ၁၂/ရကန(နိုင်) ၀၅၁၇၃၀ တို့က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ခ)၊ မြေကွက်အမှတ် ၄၇၄-က၊ မြေကွက်တည်နေရာအမှတ် ၁၃၆၊ ၄၇၄/က၊ ခ-၁၁လမ်း၊ မြို့သစ်(ခ)၊ အင်းစိန်မြို့နယ် ဦးဝင်းလှိုင်၊ ဦးစိန်ဝင်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းလှိုင်၊ ဦးစိန်ဝင်းတို့ကွယ်လွန်သဖြင့် ဒေါ်အေးရီ၁၂/အစန(နိုင်)၀၃၇၉၆၆၊ ဒေါ်ခင်မမ ၁၂/အစန(နိုင်) ၀၃၉၀၇၃တို့က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးကြည်မြင့်-ဒေါ်မေမေသက်တို့၏ သားထွေး

မောင်သက်နိုင်စိုး

(B.Sc) Physics, (IMT CD-29/CE-27)
3 rd Engineer (A.P. Moller Maersk)

နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်နေ
ဦးအောင်မြင့်(အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-
ဒေါ်ချိုချို(ခ)ဒေါ်ထားထားမြင့်တို့၏ တစ်ဦးတည်းသောသမီး

မအေးပြည့်စုံ

B.A (English) Y.U.F.L, M.A (TEFL)
Head of School (BRAINWORKS Preschool, TAMWE)

တို့၏ ၇-၁၂-၂၀၁၃ရက်တွင် Sedona Hotel (Grand Ballroom)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်နီနီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးခင်မောင်မြင့် (ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဦးအောင်သန်းဦး (ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်သန်းသန်းအေး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီချင်းအားသီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်ဧည့်ခံပေးပါသော ရောင်စဉ်လှိုင်းတီးဝိုင်းနှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မယမင်းမြင့်စိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် မလင်းလက်မြင့်စိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မမျိုးသက်ခိုင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်နေမောင်မောင်ဝင်းနှင့် မောင်အောင်ပြည့်ဖြိုး၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မနန်းခင်လေးဆွေနှင့် Ms. Wu Qiong @Veronica တို့အားလည်းကောင်း၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးပါသော ဦးစိုင်းစံပွင့်-ဒေါ်နန်းမေသိန်းကြည်(ခမ်းလီစိန်ရွှေရတနာဆိုင်)၊ မင်္ဂလာပန်းအလှဆင်မြန်းပေးပါသော ကိုခင်မောင်ဝင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှဆင်ပေးပါသော လင်းလင်း(Make-up Artist)နှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲမှတ်တမ်းတင်ရိုက်ကူးပေးပါသော 7 Picture၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုံဖိတ်စာအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း အထူးပင် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်နိုင်စိုး-မအေးပြည့်စုံ

မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း စတုတ္ထ (၃)နှစ်သက်တမ်း အလုပ်အမှုဆောင်ရွေးချယ်မည်

မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ စတုတ္ထ (၃)နှစ်သက်တမ်း၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၉ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းရုံးတည်ရှိရာ မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ အဆိုပြုလွှာများတင်သွင်းကြပါရန် အကြောင်းကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းရုံးခန်း ဖုန်း-၀၁-၆၄၄၄၁၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

၁၉၇၄-၁၉၈၂ ခုနှစ် ဆေးတက္ကသိုလ်(၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် သူငယ်ချင်းများ မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

မြတ်ဆရာပူဇော်ပွဲ		**သူငယ်ချင်းများမိတ်ဆုံစားပွဲ**	
နေ့ရက်	- ၂၁-၁၂-၂၀၁၃ ရက် (စနေနေ့)	**နေ့ရက်**	- ၂၁-၁၂-၂၀၁၃ ရက် (စနေနေ့)
အချိန်	- နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ	**အချိန်**	- ညနေ ၆နာရီမှ ည ၉နာရီအထိ
နေရာ	- ကန်တော်ကြီး၊ကရဝိက်ခန်းမ(ဒက္ခိဏဆောင်)	**နေရာ**	- Western Park Royal (မြေပဒေသာကျွန်း)

အကြောင်းကြောင်းကြောင့် ဖိတ်စာမရောက်ရှိခဲ့ပါလျှင်လည်း မပျက်မကွက်ကြွရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၁၉၇၄-၁၉၈၂ ဆေးတက္ကသိုလ်(၂) ကျောင်းသား ကျောင်းသူဟောင်းများ

အထက တန့်ဆည်မြို့ မြတ်ဆရာပူဇော်ပွဲ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့မှ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက်(၆၀)အထက် ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် နံနက် ၉နာရီမှစတင်၍ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အောက်ပါဖုန်းနံပါတ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အထက(တန့်ဆည်) ဆရာမကြီး ဒေါ်ဝင်းမြ ဖုန်း-၀၇၅-၄၉၁၂၇၊ ဦးလွင်ကျော်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၃၉၅၉၇၊ ၀၇၅-၄၉၂၉၀၊ ဦးမြင့်ထွန်း(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၇၅-၄၉၀၉၅၊ ၀၉-၄၀၂၆၄၇၄၂၀၊ ဦးစိန်မင်း(ဘဏ္ဍာရေး) ဖုန်း-၀၉-၄၀၀၄၂၈၅၉၃၊ ဦးအုန်းမြ(ဘဏ္ဍာရေး) ဖုန်း-၀၇၅-၄၉၅၈၀၊ ဦးကိုကို(ရန်ကုန်) ဖုန်း-၀၉-၅၁၃၄၆၀၄၊ ၀၉-၇၃၁၄၆၄၇၃၊ ကိုစိုင်း(နေပြည်တော်) ဖုန်း-၀၉-၈၃၀၀၇၆၁

ကျင်းပမည့်ရက် - ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - အထက(တန့်ဆည်ကျောင်းခန်းမ)

အသက်(၆၀)အထက် ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အထက(တန့်ဆည်)သို့ ဆက်သွယ်ကြပါရန် လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့၊ အထက(တန့်ဆည်)

ကချင်ပြည်နယ် ဒေသကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

၁၉၇၆ မှ ၁၉၈၂ ခုနှစ် ကချင်ပြည်နယ်ဒေသကောလိပ်တွင် ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို မြစ်ကြီးနားမြို့တွင် ကျင်းပမည်ဖြစ်ပါ၍ ဂါရဝတရားအဓိကထား၍ စေတနာသဒ္ဓါထက်သန်စွာ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။ ဘဏ်စာရင်းအမှတ် AGD Bank (Myitkyina) Account No.3081220004048

Email: Ksregionalcollege@gmail.com Fax: 074-23434 Blog URL: http:// ks-regionalcollege.bolgspot.com

ဆက်သွယ်ရန်-

ရန်ကုန်
၁။ ဒေါ်အေးမြင့်ကြည် ဖုန်း-၀၉-၅၁၂၈၇၆၈
၂။ ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၁၁၆၉၀၅၀
၃။ ဒေါ်နုနုဝင်း ဖုန်း-၀၉-၅၁၄၆၄၈၅
၄။ ဒေါ်ခင်မိုးခိုင် ဖုန်း-၀၉-၅၁၆၃၅၈၂
၅။ ဦးစံသိန်း ဖုန်း-၀၉-၅၁၃၁၁၃၂
၆။ ဒေါ်စမ်းစမ်းရီ ဖုန်း-၀၉-၅၁၇၄၁၆၅

မိုးညှင်း
၁။ ဦးဝင်းမြင့်ဦး ဖုန်း-၀၉-၈၆၁၄၅၅၁
၂။ ဦးရွှေတင်(ဖိုးတီ) ဖုန်း-၀၉-၄၇၀၂၄၅၄၆
၃။ ဦးတင်ဝင်းတိုး ဖုန်း-၀၉-၄၀၀၄၃၉၂၄၀

မိုးကောင်း
၁။ ဒေါ်ခင်ဝင်းမြင့် ဖုန်း-၀၉-၄၀၁၅၈၉၆၆၂
၂။ ဦးမောင်မော်ယဉ် ဖုန်း-၀၇၄-၄၀၃၈၆
၃။ ဒေါ်ခင်နွဲ့နှောင်း ဖုန်း-၀၇၄-၄၀၈၂၇

မန္တလေး
၁။ ဒေါက်တာအောင်ရဲ ဖုန်း-၀၉-၆၈၁၃၉၈၈
၂။ ဦးမြင့်စိုး ဖုန်း-၀၉-၂၀၁၇၇၀၄
၃။ ဦးထွန်းလင်း ဖုန်း-၀၉-၂၀၀၄၆၁၆
၄။ ဒေါ်ခင်ခင်အေး ဖုန်း-၀၉-၄၃၀၀၂၂၃၈
၅။ ဦးညွန့်မောင် ဖုန်း-၀၉-၆၅၀၄၃၀၇
၆။ ဒေါ်သိန်းကြည် ဖုန်း-၀၉-၂၄၀၀၄၀၈၃

ဗန်းမော်
၁။ ဦးဝင်းဇော် ဖုန်း-၀၉-၄၇၀၂၅၉၁၂
၂။ ဒေါ်ရွှယ်အောင်း ဖုန်း-၀၇၄-၅၀၉၂၈
၃။ ဒေါ်ဆွေဆွေသန်း ဖုန်း-၀၉-၄၉၂၇၀၇၃၀

ဟိုပင်
၁။ ဦးတင်ငြိမ်း ဖုန်း-၀၉-၄၃၂၀၅၄၃၉
၂။ ဒေါ်သင်းသင်းထွန်း ဖုန်း-၀၇၄-၆၂၀၉၃

နေပြည်တော်
၁။ ဦးမင်းလွင် ဖုန်း-၀၉-၅၁၁၄၈၀၊ ၀၉-၅၁၅၉၁၂၀
၂။ ဦးဘသန်း ဖုန်း-၀၉-၅၁၁၃၂၇၇
၃။ ဒေါ်ဝါဝါနိုင် ဖုန်း-၀၉-၂၁၃၂၁၁၉

စစ်ကိုင်း
၁။ ဦးခင်မောင်ဝင်း(ချစ်ဖူး) ဖုန်း-၀၇၂-၂၁၄၁၉

နမ္မား
၁။ ဦးခင်မောင်ဌေး ဖုန်း-၀၉-၄၄၀၀၀၆၉၅၉
၂။ ဦးဝင်းကိုကို(ဖိုးကို) ဖုန်း-၀၉-၆၄၁၀၁၀၉

ဖားကန့်
၁။ ဒေါက်တာခင်မောင်အေး (ဆိုင်းတောင်) ဖုန်း-၀၉-၄၀၂၆၀၂၆၇၉
၂။ ဦးဖိုးဆေး ဖုန်း-၀၉-၄၀၀၀၆၃၇၂
၃။ ဒေါက်တာမာအောင် ဖုန်း-၀၇၄-၇၀၅၁၆
၄။ ဦးဝင်းဖေ(မဟူရာ) ဖုန်း-၀၉-၄၀၀၀၁၃၀၂၆

ရွှေကူ
၁။ ဦးဇော်မင်း ဖုန်း-၀၉-၄၀၀၀၄၃၈၉၈
၂။ ဦးအောင်လင်းကို ဖုန်း-၀၇၄-၅၂၅၁၃

ကချင်ပြည်နယ်ဒေသကောလိပ်(၁၉၇၆-၁၉၈၂)
ဒုတိယအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

Hotel Office Tower၊ ဆေးခန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်လိုသူများ

ဗိုလ်မြတ်ထွန်းလမ်းကျယ် ပေ(၅၀×၆၀) ရောင်းမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၀၃၉၇၇၅ (ရုံးချိန်အတွင်း)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပုလဲမြို့နယ်တရားမရုံးတော်၌
နေရာ - ရွှေရတုခန်းမ၊ အထက၊ အင်းတော်မြို့

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

ကိုကျော်သူရ (ရန်ကုန်) ဖုန်း-၀၉-၅၀၁၉၃၃၂၊ ကိုဇော်မျိုးမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၀၂၂၃၈၂၊ ကိုမိုးဇော်ဦး (မန္တလေး) ဖုန်း-၀၉-၂၀၀၂၃၄၅၊ ကိုဇော်မိုးအောင် (မန္တလေး) ဖုန်း-၀၉-၂၁၃၀၅၆၆၊ ကိုအောင်ဝင်းမြင့်(အင်းတော်) ဖုန်း-၀၉-၄၀၀၄၂၈၉၇၈၊ မငြိမ်းငြိမ်းအိ (အင်းတော်) ဖုန်း-၀၉-၇၃၂၂၆၇၂၁၊ မအေးပြည့်စုံ(အင်းတော်) ဖုန်း-၀၉-၇၃၀၈၂၉၁

အများသိစေရန်ပြန်လည်ရှင်းလင်းခြင်း

၂၄-၁၁-၂၀၁၃ရက်စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာစာအား ပြန်လည်ရှင်းလင်းအပ်ပါသည်။

ဒေါ်စန်းစန်းမြင့် ၁၂/လမန(နိုင်)၀၀၁၆၆၇သည် မိဘဆိုဆုံးမမှုအောက်တွင် ကောင်းမွန်စွာနေထိုင်ပြီး မိခင်ကြီးအားလည်း ကောင်းမွန်စွာ ပြုစုသူဖြစ်ပါသည်။ မိဘညီအစ်ကိုမောင်နှမများကိုလည်း စိတ်ဆင်းရဲအောင် လုံးဝပြုလုပ်ခြင်းမရှိဘဲ ကြော်ငြာစာထည့်သွင်းခြင်းသည် ဒေါ်စန်းစန်းမြင့်၏ ဂုဏ်သိက္ခာကိုကျဆင်းစေပါသဖြင့် အများသိစေရန် အဖြစ်မှန်ကို ရှင်းလင်းအပ်ပါသည်။ နောက်နောင်တွင် ဒေါ်စန်းစန်းမြင့်၏ ဂုဏ်သိက္ခာကို ကျဆင်းစေမည့်ဆောင်ရွက်မှုများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

ဒေါ်စန်းစန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊
၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ
အထက၊ ညောင်ပင်သာ၊ ဖြူးမြို့နယ်

အထက၊ ညောင်ပင်သာ(ယခင်အလက)၌ နှစ်နှစ် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားသော ဆရာကြီး/ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၆-၁-၂၀၁၄ရက်တွင် ပညာ့ဗိမာန်ခန်းမ အထက ညောင်ပင်သာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ အနေဖြင့် တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အောက်ပါပုဂ္ဂိုလ်များထံသို့ အလှူငွေထည့်ဝင်လှူဒါန်းပေးနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် လိပ်စာများမှာ-
ဦးမြင့်နိုင်ထွန်း ဖုန်း-၀၉-၅၃၉၀၁၆၈ ဒေါ်ရီဝင်း ဖုန်း-၀၉-၂၅၀၁၄၁၇၃၇
ဒေါ်ချိုချိုနိုင် ဖုန်း-၀၉-၅၃၉၀၂၀၄ ဦးလှအောင် ဖုန်း-၀၉-၄၉၄၃၇၀၁၃
ဦးသန်းလှိုင် ဖုန်း-၀၉-၄၂၈၁၃၂၁၉၃ ဦးကျော်နိုင် ဖုန်း-၀၉-၄၂၈၁၁၆၅၈၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိုးကုတ်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၈

မစန်းရင်	**နှင့်**	မကြီးကြီး
တရားလို		**တရားပြိုင်**

မိုးကုတ်မြို့၊ အောင်သုခရပ်အနောက်ပိုင်း၊ မိုးကုတ်မြို့နေ တရားပြိုင် မကြီးကြီး (ဘ)ဦးပေါလှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မစန်းရင်က ငွေကျပ် ၃၄၃၅၂၀၀ (ကျပ်သုံးဆယ့်လေးသိန်းသုံးသောင်းငါးထောင့်နှစ်ရာ) တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်မည့် တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
မိုးကုတ်မြို့နယ်တရားရုံး

တောင်ငူ အထက(၄) (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၄) (ယခင်ရှင်လုကာဒိုင်အိုစီဇင် အထက်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၁-၁၂-၂၀၁၃ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အထက(၄) ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးလှထွန်း ဖုန်း-၀၉-၄၂၈၁၁၂၁၅၀၊ ဒေါ်နုနု ဖုန်း-၀၉-၄၉၄၃၁၅၃၁၊ ဒေါ်စန်းစန်းကြည် ဖုန်း-၀၅၄-၂၃၁၆၈၊ ဒေါ်ခင်လှဝေ ဖုန်း-၀၅၄-၂၃၄၀၆၊ ဦးဘချစ် ဖုန်း-၀၉-၄၂၈၁၃၄၀၁၂၀၊ ဦးခင်ဝင်း ဖုန်း-၀၅၄-၂၅၀၁၄၊ ဒေါက်တာစန္ဒာဝင်း ဖုန်း-၀၉-၄၉၂၂၅၉၃၇၊ ဦးမျိုးမင်း ဖုန်း-၀၉-၅၃၅၁၆၄၁၊ ဦးမျိုးဟန် ဖုန်း-၀၉-၄၄၀၃၀၄၂၊ ဦးနေဝင်း ဖုန်း-၀၉-၅၁၀၅၀၄၉၊ ဒေါ်စန္ဒာမြူတေ ဖုန်း-၀၉-၇၃၀၉၁၀၄၃၊ ဒေါ်ချိုချိုမာ ဖုန်း-၀၉-၅၁၃၇၅၀၅၊ ဦးရဲနိုင် ဖုန်း-၀၉-၅၀၁၁၁၅၆၊ ဗိုလ်မှူးအောင်နိုင်(ငြိမ်း) ဖုန်း-၀၉-၅၁၃၅၈၇၈၊ ဦးစိုးနိုင် ဖုန်း-၀၉-၂၀၂၁၁၅၃၊ ဦးတင်မောင်လွင် ဖုန်း-၀၉-၆၈၀၀၄၇၇၊ ဦးအောင်စိုး ဖုန်း-၀၉-၄၃၀၄၆၁၈၉ နှင့် ကမ္ဘောဇဘဏ်၊ လမ်းမတော်ဘဏ်ခွဲ ရန်ကုန် A/C No. 0041220055771 မြန်မာ့စီးပွားရေးဘဏ်တောင်ငူမြို့။ A/C No.SN 0.42743 တို့မှ တစ်ဆင့်လှူဒါန်းနိုင်ပါသည်။

တိုက်ခန်းသစ်ရောင်းမည် (ပထမထပ်)

စမ်းချောင်းမြို့နယ်၊ လမ်းသန့်၊ ပေကျယ် ၁၂½ ×၅၀၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ အိပ်ခန်း(၁)၊ ကိုယ်ပိုင်(ရေ၊ မီး)၊ (ဝရန်တာ၊ ရေချိုးခန်း၊ မီးဖိုခန်း) ကြွေပြားခင်း/ကပ်၊ ပြင်ဆင်ပြီး အသင့်နေ တိုက်ခန်းသစ်၊ လူနေခွင့်ကျပြီး၊ ပွဲစားမလို။ **ငွေကျပ် သိန်း ၄၈၀** **ဖုန်း-၀၉-၇၃၁၅၆၄၉၄၊၀၉-၄၂၀၁၂၈၈၇၅**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅၃၊ မြေကွက်အမှတ် ၂၈၄၊ မြေကွက်တည်နေရာ အမှတ် ၂၈၄၊ ၁၅၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ထွေးစိန် အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဒေါ်ထွေးစိန်(မိခင်)နှင့် (ဖခင်) ဦးတင်၊ (အစ်ကို)ဦးမြင့်စိုး လူပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သွားသဖြင့် ဦးတင့်ဝေ ၁၂/မရက(နိုင်)၀၅၆၆၅၈ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၃၊မြေကွက်အမှတ် ၅၁၀/က၊ မြေကွက်တည်နေရာအမှတ် ၅၁၀/က၊ စံရိပ်ငြိမ်လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ဦးမောင်တိုး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်တိုးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်စမ်းစမ်းဝင်း ၁၂/ဒဂတ(နိုင်)၀၃၉၃၉၈ က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်နှင့် ကျမ်းကျိန်လွှာတို့ တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၉၅/ခ၊ မြေကွက်တည်နေရာအမှတ် ၉၅/ခ၊ အနော်မာအရှေ့ ၁ လမ်း၊ အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်နီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်နီ(မိခင်)နှင့် ဦးကျော်စင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်မိမာ ၁၂/ပဇတ(နိုင်)၀၂၂၄၄၃၊ (၂) ဦးမျိုးမြင့် ၁၂/သကတ(နိုင်)၀၄၇၅၃၃၊ (၃) ဒေါ်ဝါဝါချို ၁၂/သကတ(နိုင်)၁၁၀၈၂၃ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်သောပါကြီး **ဦးတင်ဇော်မြင့်** (ဒု-ညွှန်မှူး၊ စွမ်းအင်ဝန်ကြီးဌာန)နှင့် မေကြီး **ဒေါ်ဥဥခင်**တို့၏ ၁၁-၁၂-၂၀၁၃ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတု မင်္ဂလာရက်မြတ်မှသည် နှစ်(၁၂၀)တိုင် ဘဝနှင့်ဆန္ဒတစ်ထပ်တည်းကျ၍ အစဉ်ထာဝရ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ပျော်ရွှင်စွာဖြင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ချစ်သော မိသားစုနှင့်အတူ ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ချစ်သမီးများ
ဒေါက်တာ အိချောချောဇော်(ပင်လုံဆေးရုံကြီး)
မရွှန်းလဲ့လဲ့ဇော် (ဆေးတက္ကသိုလ်-၁)
မမေဥဥဇော် (Kaplan Higher Education Acadamy-S'pore)

မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်(၁၉၆၉-အဝင် ၁၉၇၄-ဘွဲ့ရ) သူငယ်ချင်းများ၏ နှစ်(၄၀)ပြည့် တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲ

၁။ မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်၌ ၁၉၆၉-အဝင် ၁၉၇၄-ဘွဲ့ရ ခုနှစ်အတွင်း ဆုံစည်း၍ ပညာသင်ကြားခဲ့ကြသော သူငယ်ချင်းများ၏ နှစ် ၄၀ ပြည့်တွေ့ဆုံပွဲ နှင့် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး ပျော်ပျော်ပါးပါးတွေ့ဆုံကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၁း၃၀ နာရီ
နေရာ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ပျဉ်းမနားမြို့

၂။ သူငယ်ချင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်။ အလှူငွေများ ထည့်ဝင်ရေးနှင့် အသေးစိတ်အစီအစဉ်များ သိရှိလိုပါက အောက်ဖော်ပြပါ သူငယ်ချင်းများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) ဦးမြင့်အောင် ဖုန်း-၀၉-၅၃၆၀၅၈၁
(၂) ဦးလှဝင်း ဖုန်း-၀၉-၂၀၂၅၃၃၈
(၃) ဦးမြရီ ဖုန်း-၀၉-၉၁၀၀၇၂၃၃
(၄) ဦးဆန်းအေး ဖုန်း-၀၉-၂၀၀၇၄၂၂
(၅) ဒေါ်စုစု ဖုန်း-၀၉-၉၁၀၁၃၈၇၁
(၆) ဒေါ်ဝဝမူ ဖုန်း-၀၉-၂၀၀၁၁၆၂

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက မန္တလေးမြို့၊ ၃၅ လမ်း၊ ကမ္ဘောဇဘဏ် အမှတ် ၁၀ ရှိ ငွေစာရင်းအမှတ် ၀၈၅၁၂၂၀၀၀၀၆၅၉ သို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ပါသည်။

တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ စိန်းပေါင်းရပ်ကွက်၊ ၃၈-၃၉ ကြား၊ ၈၂ လမ်း၊ အမှတ် ၅၄၈/အေတွင် နေထိုင်သူ ဦးမောင်အိုက်၏သမီး ဒေါ်မောက်ငင်း ၁၃/ကခန(နိုင်)၀၅၆၀၁၆နှင့်

အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၀×၃၁ လမ်းကြား၊ ၆၃ လမ်း၊ ခြံအမှတ် ၅ နေ ဦးအိုက်ဖ-ဒေါ်နန်းမြစိန်တို့၏သား၊ ဦးစိုင်းထွန်းထွန်း ၉/မရမ(နိုင်)၀၇၉၇၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၃)၊ ဦးပိုင် ၆၊ အကွက်အမှတ် (ဓဓ-၅)၊ ဦးပိုင် (၄+၅+၂၂+၂၃) နှင့် (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၈) ဦးပိုင်အမှတ် (၂၃+၂၄+၂၅) မြေကွက် (၈)ကွက်သည် ဦးအိုက်ဖနှင့် ဒေါ်နန်းမြစိန်တို့အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် နှစ်ဦးအတူ ကြိုးပမ်းရှာဖွေဖြစ်ထွန်းခဲ့သော ပစ္စည်းများဖြစ်ပြီး ဦးအိုက်ဖ အမည်ပေါက်ဂရန် မြေကွက်များသာဖြစ်ပါသည်။

ဦးအိုက်ဖမှာ ၄-၉-၂၀၀၇ ရက်က ကွယ်လွန်သွားခဲ့ရာ အဆိုပါ ဂရန်မြေကွက်(၈)ကွက် အပါအဝင် မြေကွက်များ၏ ပိုင်ဆိုင်မှု အဖိုးတန်စာရွက်စာတမ်း မူရင်းများ အားလုံးမှာ ကွယ်လွန်သူ ဦးအိုက်ဖ၏ ဒုတိယဇနီး ဒေါ်မောက်ငင်း၏ လက်ဝယ်တွင်ကျန်ရှိနေခဲ့ရာ အမွေမခွဲဝေရသေးသည့် အမွေဆိုင်ပစ္စည်းရပ်များဖြစ်၍ ဒေါ်နန်းမြစိန်နှင့် ၄င်း၏သားသမီးများရသင့်ရထိုက်သည့် အမွေဝေစုများကို ၁၅-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ ဒေါ်မောက်ငင်းအနေဖြင့် ခွဲဝေပေးပါရန် အသိပေး တောင်းဆိုအပ်ပါသည်။

ထို့ပြင် အဆိုပါ အမွေဆိုင်ဂရန်မြေကွက် (၈)ကွက်အား အမွေဆိုင်များ၏ ခွင့်ပြုချက်မရဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစိုင်းထွန်းထွန်း
၉/မရမ(နိုင်)၀၇၉၇၁၃
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းဝေ	**ဒေါ်နွယ်နွယ်ဝင်း**	**ဒေါ်ခင်သီဂီဦး**	
စဉ်-၆၂၈၂	**စဉ်-၈၀၃၈**	**စဉ်-၈၂၇၈**	
ဒေါ်ဝတ်ရည်ဝင့်	**ဒေါ်မာမာခိုင်ဝေ**	**ဒေါ်မိမိလှိုင်**	**ဒေါ်ဝါဝါကြိုင်**
စဉ်-၈၉၁၇	**စဉ်-၈၀၉၄**	**စဉ်-၈၈၉၃**	**စဉ်-၂၇၉၄၈**
ဒေါ်ကေဇင်မြင့်သူ	**ဒေါ်ကြင်ကြင်သန်း**	**ရှေ့နေကြီးများ**	
စဉ်-၃၃၂၆၈	**စဉ်-၃၇၉၃၀**		

(တ/၅) ၁၂၊ ၆၉ လမ်း၊ မြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၉၁၀၂၃၄၃၆

KBZ Bank(Account No.00730200701690301)

" အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "

(၁) ၃၀-၉-၂၀၁၃ (မြန်လည်ရောက်မည်)
(၂) ၁၄-၁၀-၂၀၁၃ (မြန်လည်ရောက်မည်)
(၃) ၂၈-၁၀-၂၀၁၃ (မြန်လည်ရောက်မည်)
(၄) ၁၁-၁၁-၂၀၁၃ (မြန်လည်ရောက်မည်)
(၅) ၂၅-၁၁-၂၀၁၃ (မြန်လည်ရောက်မည်)

Power Palace Hotel

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၄၄

ဦးဇော်ဝင်းနိုင် **နှင့်** (၁) ဒေါ်စမ်းစိမ့်စိမ့်စိုး
(၂) ဒေါ်ပပထွန်း
(၃) ဦးမောင်လှိုင်

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်စမ်းစိမ့်စိမ့်စိုး၊ ဒေါ်ပပထွန်း၊ ဦးမောင်လှိုင်၊ အမှတ် ၁၂၇၊ မြေညီ ၁၄လမ်း၊ ၆ရပ်ကွက်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်ခဲ့ဖူးသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၄၂ အရ တရားလို ဝယ်ယူလက်ရှိထားပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၃ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(လှဲလှဲအေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မဂျိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကာဒါန ကျောင်းအလှူ နိုးဆော်ခြင်း

(SLAB)

unarinda08@gmail.com

CROWN EDUCATION

SIM, Curtin, James Cook University

- (၁၀)တန်း / IGCSE ... American College Program
- ...
- American College Program ... SIM, JCU, Curtin ...

SEMINAR SESSION
Date : Dec 13 (Fri) - 2013
Time : 10:00 am - 2:00 pm
Venue : Summit Parkview Hotel

Call us : 01 527 838 - 09 732 732 77 - 09 730 74567

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

ဒိုက်ဦး ဆန်စပါး၊ ပဲအထူးဇုန်
ရန်ကုန်-မန္တလေးကားလမ်းမဘေး
ခြံမျက်နှာစာ ပေ ၃၀၀ x ပေ ၄၀၀၊
အုတ်ပတ်ကားအဆောက်အအုံ
ပေ ၂၀၀ x ပေ ၅၀
ဂရန်ရှိပြီး၊
ရေ၊ မီး အပြည့်အစုံ

စုံစမ်းရန်-ဖုန်း-၀၉-၄၅၀၀၄၉၀၀၁
၀၉-၄၂၈၁၄၈၇၄၄

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် ၁၊ မြေကွက်အမှတ် ၆၁၃ အမည်ပေါက် ဒေါ်တင်လှိုင် မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မင်းမင်းသွယ် ၇/တငန(နိုင်)၀၉၈၉၂၉ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ခ/၇၉၊ မြေကွက်တည်နေရာ အမှတ် ၁၃၊ မေတ္တာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအောင်ကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကြည် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သန်းအေး ၁၂/ဒပန(နိုင်)၀၅၂၀၂၄ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းမူရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အများသိစေရန်ကြေညာချက်

ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးဝိစာရလမ်းနေ ဦးအောင်သန်း(ကွယ်လွန်) ဇနီး ဒေါ်ဆန်းတင်(ကွယ်လွန်)တို့တွင် သားသမီးများဖြစ်ကြသော ကိုမြသောင်း၊ ကိုညိုဝင်း(ကွယ်လွန်) ကျန်ရစ်သူ သားသမီးနှစ်ဦး၊ ကိုခင်မောင်ဝင်းနှင့် သမီးမကြည်ကြည်သန်းတို့လေးဦးအနက် ကျွန်တော်သည် တတိယမြောက်သားဖြစ်ပြီး ၁၉၉၂ ခုနှစ်၊ ဩဂုတ်လတွင် မိခင်ဖခင်နှစ်ဦးစလုံး သက်ရှိထင်ရှားရှိစဉ်က မြေကွက်အမှတ်(၇၉)မြေကွက်နှင့် မြေပေါ်ရှိအိမ် ငါးပင်၊ လေးပင်၊ သွပ်မိုးနှစ်ထပ်အိမ်ကို စီမံခန့်ခွဲနိုင်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာအား မိဘနှစ်ပါးစလုံး လက်မှတ်ရေးထိုးပြီး လွှဲအပ်ခဲ့ပါသည်။ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားပြီဖြစ်၍ အဆိုပါမြေနှင့်အိမ်ကို သားသမီးလေးဦးတို့၏ အမွေပုံပစ္စည်းဖြစ်ပါ၍ သားသမီးလေးဦးစလုံး၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အမည်လွှဲပြောင်းခြင်း၊ မေတ္တာရှိပေးကမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်း၊ အကယ်၍ သားသမီးလေးဦးစလုံး၏ ခွင့်ပြုချက်မရရှိဘဲ အထက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုပြုလုပ်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးခင်မောင်ဝင်း	**ဦးစံရွှေ(L.L.B)**
အမှတ်-၃၃၇၊ သမာဓိ (၃)လမ်း၊	**အထက်တန်းရှေ့နေ(စဉ်-၂၇၀၃၄)**
၃၉-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)	**အမှတ် ၁၀၂/၂၁၊ ပဲခူးမြစ်လမ်း၊ စစ်တောင်းရိပ်မွန်၊**
မြို့နယ်။ ဖုန်း-၀၉-၄၂၁၁၃၀၃၃၄	**ဒဂုံဆိပ်ကမ်းမြို့နယ်။ ဖုန်း-၀၉-၃၁၃၅၃၄၄၂**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဗျ/၅၃၅၈ UP 2 LT(1)TON P/U ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၁၂/ဗဟန(နိုင်)၀၈၂၆၆၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇> ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th SEA Games Special

2013, December 11, Wednesday

ကွင်းသွင်းခြင်းခတ်အားကစားပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း ရွှေတံဆိပ်ဆွတ်ခူး

နေပြည်တော်　ဒီဇင်ဘာ　၁၀

ဆီးဂိမ်း အမျိုးသမီးခြင်းခတ်အားကစားပြိုင်ပွဲတစ်မျိုးဖြစ်သည့် ကွင်းသွင်း အခြေခံအဆင့်ခြင်းခတ်ပြိုင်ပွဲ(Hooptakaraw Preliminary)ကို ယနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည်။

ကွင်းသွင်းခြင်းခတ်ကစားခြင်းဆိုသည်မှာ ခြင်းခတ်ကစားသမားပြိုင်ပွဲဝင် ငါးဦးပါဝင်သည်။ ခြင်းခတ်ကစားသူများ၏အလယ်တည့်တည့် အမြင့် ၁၅ ပေခန့်တွင် ကွင်းသုံးကွင်းကို သုံးမြောင့်သဏ္ဌာန်ပူးတွဲလျက် ပိုက်များတပ်ဆင်ထားသည်။ ကစားသမားငါးဦးက အဆိုပါကွင်းသုံးကွင်းထဲသို့ ခြင်းလုံးဝင်အောင် ခတ်ကစားခြင်းဖြစ်သည်။ တစ်ကြိမ်ကွင်းထဲသို့ ခြင်းလုံးဝင်အောင်ကစားနိုင်လျှင် ရမှတ် ၁၀ မှတ်ရသည်။ ကစားချိန်မှာ နာရီဝက်ဖြစ်သည်။ နာရီဝက်အတွင်း ခြင်းလုံးအများဆုံးသွင်းနိုင်သည့်အဖွဲ့သည် အမှတ်အများဆုံးရသည်။

အဆိုပါခြင်းလုံးကစားရာတွင် ခြေခွင်၊ ခြေဖျား၊ ခေါင်း၊ ဒူး၊ ဖမျက်၊ နှစ်ထပ်ခြေဖျား၊ စလွယ်နှင့် ပခုံးတို့ဖြင့် ခြင်းလုံးကိုကွင်းထဲသို့ ဝင်အောင်ကစားနိုင်သည်။ ကွင်းထဲသို့ ခြင်းလုံးသွင်းရန် ၄င်းရှစ်မျိုးဖြင့် သွင်းနိုင်သည်။ သို့ရာတွင် တစ်မျိုးကို သုံးကြိမ်သာ အသုံးပြုသွင်းနိုင်သည်။

ယနေ့ပြိုင်ပွဲတွင် အမျိုးသမီးသုံးသင်းသာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် အိမ်ရှင်မြန်မာတို့ဖြစ်သည်။ ကမ္ဘောဒီးယားက ရမှတ် ၁၆၀၊ လာအိုက ၂၅၀ ရသည်။ အိမ်ရှင်မြန်မာက ရမှတ် ၆၆၀ ဖြင့် အုပ်စုဗိုလ်တက်လာသည်။ အုပ်စုတွင် အမှတ်အများဆုံးနှစ်သင်းဖြစ်သည့် မြန်မာနှင့် လာအိုတို့ ဗိုလ်လုပွဲသို့တက်လာသည်။

ညနေပိုင်းတွင်ဗိုလ်လုပွဲအဖြစ် အိမ်ရှင်မြန်မာနှင့် လာအိုအမျိုးသမီးခြင်းလုံးအဖွဲ့တို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့က ရမှတ် ၇၆၀ ဖြင့် ရွှေတံဆိပ်ဆုဆွတ်ခူးသွားသည်။ လာအိုအမျိုးသမီးအသင်းက ရမှတ် ၃၀၀ ဖြင့် ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့တွင် ကြူကြူသင်း၊ နွယ်နွယ်ထွေး၊ နိုင်နိုင်ဝင်း၊ စုတင်ဇာနိုင်၊ မေဇင်ဖြိုးနှင့် ဖြူဖြူသန်းတို့ ပါဝင်ကစားခဲ့ကြသည်။ “ကျွန်မတို့ ကစားသမားတွေ ဒီလိုကောင်းမွန်စွာ ပြိုင်ပွဲဝင်နိုင်ဖို့ အချိန်နှစ်နှစ်ကြာ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ခုလိုအောင်မြင်မှုရတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်”ဟု မြန်မာနည်းပြတစ်ဦးဖြစ်သည့် ဒေါ်ရီစိုးလှိုင်က ပြောကြားသည်။

အဆိုပါ ကွင်းသွင်းခြင်းခတ်ကစားခြင်းသည် ထိုင်းလူမျိုးတို့၏ ကစားနည်းဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး

ကွင်းသွင်းခြင်းခတ်အားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်နေစဉ်။　ဓာတ်ပုံ-ကျော်သူဝင်း

ရွှေသုံးခုထက်မနည်း ရရှိအောင် ကြိုးစားလေ့ကျင့်လျက်ရှိသော မြန်မာမြားပစ်အသင်း

သတင်း - ရှုလိုင်၊ သိမ့်၊ ဖြိုး
ဓာတ်ပုံ - မေမိုးသဲ

နေပြည်တော်　ဒီဇင်ဘာ　၁၀

လက်ရှိ ကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ကျင်းပတော့မည့် မြားပစ်အားကစားတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးရန်အတွက် မြန်မာမြားပစ်အသင်း၏ အစွမ်းကုန်ကြိုးစားလေ့ကျင့်မှုများကိုတွေ့ရသည်။

၎င်းမြားပစ်အားကစားတွင် Compound နှင့် Recurve အားကစားနည်းဆိုပြီး နှစ်မျိုးကစားသွားမည်ဖြစ်သည်။ **စာမျက်နှာ ၃ »**

SEA Games မာတိကာ

သူနိုင်ကိုယ်နိုင်အပြိုင်ကျဲသည့် လက်ဝှေ့လက်စွမ်းပြပွဲ　စာ-၂
မြန်မာဝူရှူး ငွေသုံးခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူး　စာ-၂
ဖူဆယ်အမျိုးသမီးပြိုင်ပွဲ ထိုင်းနှင့် ဗီယက်နမ်တို့ အသီးသီးအနိုင်ရ　စာ-၃
ဆီးဂိမ်းအမျိုးသမီးဘောလုံးပွဲကြီးအတွက် မန်းမြေမှ ရင်တွင်းစကားသံများ　စာ-၃

ကွင်းသွင်းခြင်းလုံးအမျိုးသားပြိုင်ပွဲ မြန်မာဒုတိယဆုဖြင့် ကျေနပ်ခဲ့ရ

သတင်း-မောင်ရွှေရိုး၊ ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဒီဇင်ဘာ ၁၀

ဆီးဂိမ်းအမျိုးသား ကွင်းသွင်းခြင်းခတ်အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပခဲ့ရာ မြန်မာအမျိုးသားခြင်းလုံးအဖွဲ့သည် အုပ်စုပြိုင်ပွဲများတွင် ရမှတ်အများဆုံးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

အဆိုပါ အမျိုးသားကွင်းသွင်း ခြင်းလုံးခတ်ကစားခြင်းကို နိုင်ငံပေါင်းလေးနိုင်ငံမှ ပါဝင်ကစားခဲ့ကြသည်။ ဘရူနိုင်း၊ စင်ကာပူ၊ ထိုင်းနှင့်အိမ်ရှင်မြန်မာအသင်းတို့ ဖြစ်ကြသည်။ ပြိုင်ပွဲအုပ်စုပွဲများအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဘရူနိုင်းက ရမှတ် ၄၂၀၊ စင်ကာပူက ရမှတ် ၂၈၀၊ ထိုင်းက ရမှတ် ၈၁၀ ရပြီး အိမ်ရှင်မြန်မာကရမှတ် ၈၄၀ဖြင့် အုပ်စုကို ဦးဆောင်ကစားခဲ့သည်။

ညနေပိုင်းတွင် အမှတ်အများဆုံးရသည့် အိမ်ရှင်မြန်မာခြင်းလုံးအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၈၃၀ ဖြင့် အနိုင်ရပြီး ရွှေတံဆိပ်ဆုဆွတ်ခူးသွားခဲ့သည်။ မြန်မာက ရမှတ် ၆၅၀ ဖြင့် ဒုတိယဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာကွင်းသွင်းခြင်းခတ်ကစားသမားများအဖြစ် သန်းဇော်ဦး၊ သိန်းဇော်မင်း၊ အောင်ဇော်၊ အောင်လှိုင်မိုး၊ ကျော်ဇေယျတို့ ပါဝင်ကစားခဲ့ကြသည်။ နည်းပြမှာ ဦးတင်ဝင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲဝင်နိုင်ဖို့ အချိန်တစ်နှစ်ခန့်ကြာလေ့ကျင့်ခဲ့ရပါတယ်။ မြန်မာကွင်းသွင်းခြင်းလုံးအဖွဲ့အနေဖြင့် ဒီပွဲမှာ အကောင်းဆုံးကစားနိုင်အောင် အပြင်းအထန်လေ့ကျင့်ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကပြိုင်ဘက်ကတော့ ထိုင်းဖြစ်ပါတယ်။ ဒီအားကစားနည်းက ထိုင်းအားကစားနည်းလည်းဖြစ်ပါတယ်"ဟု ကွင်းသွင်းခြင်းလုံးကစားသမား အောင်လှိုင်မိုးက ပြောကြားသည်။

ကွင်းသွင်းခြင်းလုံးကစားနည်းသည် ပိုက်ကျော်ခြင်းကစားနည်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သို့ရာတွင် ကစားရာ၌ ကစားသမားငါးဦးပါဝင်ပြီး တစ်သင်းနှင့်တစ်သင်း ပိုက်ကျော်ခြင်းကဲ့သို့ နှစ်သင်းကစားခြင်းမဟုတ်ပါ။ ကစားသမားငါးဦးက အချိန်နာရီဝက်အတွင်း ခြင်းလုံးများ ပိုက်တပ်ဆင်ထားသည့် သုံးမြောင့်သဏ္ဌာန်တွဲချည်ထားသော ကွင်းသုံးကွင်းထဲသို့ ခြင်းလုံးများသွင်းယူခြင်း ဖြစ်သည်။ တစ်ကြိမ်သွင်းလျှင် ၁၀ မှတ်ရသည်။ အကြိမ်များများသွင်းပြီး ရမှတ်အများဆုံးသွင်းနိုင်သော အသင်းကို အနိုင်ရအသင်းအဖြစ် သတ်မှတ်သည်။

သူနိုင်ကိုယ်နိုင်အပြိုင်ကျဲသည့် လက်ဝှေ့လက်စွမ်းပြပွဲ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ တတိယနေ့လက်ဝှေ့ယှဉ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ ရက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ လက်ဝှေ့ဝါသနာရှင်များ လာရောက်အားပေးခဲ့ကြသည်။

ယနေ့ပွဲစဉ်များအဖြစ် ၄၆ ကီလိုတန်းတွင် မလေးရှားနှင့် ထိုင်းအားကစားသမားတို့ ယှဉ်ပြိုင်ထိုးသတ်ရာ မလေးရှားလက်ဝှေ့ကျော်အနိုင်ရရှိခဲ့ပြီး အဆိုပါကီလိုတန်းပြိုင်ပွဲ ဒုတိယပွဲစဉ် ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ပွဲတွင် ဖိလစ်ပိုင် ကစားသမားကလည်းကောင်း၊ တတိယပွဲစဉ် လာအိုနှင့် ကမ္ဘောဒီးယားတို့ပွဲစဉ်၌ လာအိုကစားသမားက လည်းကောင်း၊ စတုတ္ထပွဲစဉ် မြန်မာနှင့် အင်ဒိုနီးရှားတို့ ပွဲတွင် အင်ဒိုနီးရှားက လည်းကောင်း၊ ၆၀ကီလိုတန်း ပထမပွဲစဉ် လာအိုနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားရာ ဖိလစ်ပိုင်လက်ဝှေ့ကျော်က လည်းကောင်း၊ ဒုတိယပွဲစဉ် မြန်မာနှင့် စင်ကာပူတွဲတွင် စင်ကာပူကစားသမားက လည်းကောင်း၊ တတိယပွဲစဉ် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားကစားသမားတို့ ယှဉ်ပြိုင်မှုတွင် ဗီယက်နမ်ကစားသမားကလည်းကောင်း၊ ထိုင်းနှင့် မလေးရှားတို့ပွဲစဉ်တွင် ထိုင်းအသင်းကလည်းကောင်း၊ ၇၅ ကီလိုတန်း ပထမပွဲစဉ် ဗီယက်နမ်နှင့် မလေးရှားတို့ပွဲတွင် ဗီယက်နမ်ကစားသမားက လည်းကောင်း၊ ၈၁ ကီလိုတန်း ပထမပွဲစဉ်တွင် ဗီယက်နမ်ကစားသမားက ကမ္ဘောဒီးယားကစားသမားကို လည်းကောင်း၊ စင်ကာပူကစားသမားက မလေးရှားကစားသမားကို လည်းကောင်း၊ ထိုင်းကစားသမားက မြန်မာကစားသမားကိုလည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။ လက်ဝှေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၁ ရက် ဆီးဂိမ်းဖွင့်ပွဲရက်တွင် ရပ်နားထားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက် တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ထိန်ဝင်း

ဆီးဂိမ်းပွဲတော်အား ဂုဏ်ပြုသောအားဖြင့် မော်တော်ဆိုင်ကယ်ဦးထုပ်များ အခမဲ့ပေး

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်(ဆီးဂိမ်း) အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်ထိ ကျင်းပမည်ဖြစ်ရာ ဆီးဂိမ်းပွဲတော်ကြီးအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်တော်ဆိုင်ကယ် စီးနင်းသူများအား ဆိုင်ကယ်ဦးထုပ်များ အခမဲ့ပေးအပ်ခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ လက်ပံခါးလှကျေးရွာအနီးတွင် ကျင်းပသည်။

ယခုပေးအပ်သော ဆိုင်ကယ်စီးဦးထုပ် ၂၆၀၀ လုံးကို CB ဘဏ်မှ Main Sponser ပေး၍ စေတနာရှင်များ ပါဝင်လှူဒါန်းပေးခြင်းဖြစ်ပြီး ဆိုင်ကယ်စီးသူများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှုမဖြစ်စေရန်နှင့် သေဆုံးမှုများလျော့နည်းစေရန် ရည်ရွယ်၍ ပေးအပ်ခြင်းဖြစ်ပြီး "ကျွန်မတို့အနေဖြင့် နေပြည်တော်မှာ ယခု ၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၉ ရက်အထိ ဆိုင်ကယ် ယာဉ်တိုက်မှုပေါင်း ၉၀၅၈ မှုဖြစ်ပွားခဲ့ပါတယ်။ ဆိုင်ကယ်မောင်းနှင်သူတွေအနေနဲ့ မတော်တဆ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားတဲ့အခါမှာ ဆိုင်ကယ်မောင်းနှင်သူတွေနဲ့ နောက်မှ ထိုင်စီးသူတွေ ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ပေါ်စေရန် အလှူရှင်တွေက လှူဒါန်းသော ဆိုင်ကယ်စီးဦးထုပ်တွေကို ပေးအပ်ခြင်းဖြစ်ပါတယ်" ဟု နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူး ကေသီထွန်းက ရှင်းပြသည်။

ယနေ့အလှူရှင်များမှ ပေးအပ်လှူဒါန်းသော ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၆၀၀ သည် ဆိုင်ကယ်စီးသူများအား နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဦးစီး၍ ပေးအပ်ခြင်းဖြစ်ကြောင်းသိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ၆၅-၇၀ ကီလို...
မြန်မာအသင်းမှ ကျော်စွာဝင်း အကြိုဗိုလ်လု...

နေပြည်တော် ဒီဇင်ဘာ ၁၀

ပန်ကြပ်ဆီလတ်အားကစားပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိအားကစားရုံ (C) တွင် ကျင်းပခဲ့ရာ ၆၅-၇၀ ကီလိုတန်းမြန်မာအားကစားသမား ကျော်စွာဝင်းသည် အင်ဒိုနီးရှားအသင်းမှ Afriansyah ကို အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ပထမအချီ ပွဲစ ၁ မိနစ်တွင် ကျော်စွာဝင်း၏ကစားပုံများမှာ လှပကောင်းမွန်သဖြင့် အမှတ်များတက်လာကာ အင်ဒိုနီးရှား အသင်းဘက်ကလည်း တရစပ်တိုက်စစ်ဆင်လာသောကြောင့် ကျော်စွာဝင်းမှာ အထိနာခဲ့ရသည်။ ဆက်လက်၍ အင်ဒိုနီးရှားဘက်မှ တိုက်စစ်ဆင်မှုများမှာ အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက် မျက်နှာမထိုးရစည်းမျဉ်းကို ချိုးဖောက်၍ မြန်မာအားကစားသမား ကျော်စွာဝင်း၏ မျက်နှာကို နှစ်ကြိမ်ထိုးမိ၍ ကျော်စွာဝင်းမှာ အမှတ်များထပ်ရကာ အနိုင်ရရှိသွားသည်။

ယနေ့ယှဉ်ပြိုင်ခဲ့သော အသင်းများတွင် ၆၀-၆၅ ကီလိုတန်းတွင် မလေးရှားက စင်ကာပူကို လည်းကောင်း၊ ၆၀-၆၅ ကီလိုတန်းတွင် အင်ဒိုနီးရှားက ဗီယက်နမ်ကိုလည်းကောင်း၊ ၆၅-၇၀ ကီလိုတန်းတွင် ဗီယက်နမ်က လာအိုကိုလည်းကောင်း၊ ၆၅-၇၀ ကီလိုတန်းတွင် ထိုင်းက စင်ကာပူကိုလည်းကောင်း၊ ၈၀-၈၅ ကီလိုတန်းတွင် ထိုင်းက လာအိုကို လည်းကောင်း၊ ၈၀-၈၅ ကီလိုတန်းတွင် ဗီယက်နမ်က မလေးရှားကို လည်းကောင်း၊ ၈၀-၈၅ ကီလိုတန်းတွင် စင်ကာပူက ဖိလစ်ပိုင်ကို လည်းကောင်း အနိုင်ရရှိသွားခဲ့ကြသည်။

"ယခုလက်ရှိ အချိန်အထိ မြန်မာအသင်းအနေဖြင့် အဓိကထား၍ ယှဉ်ပြိုင်ရမည့်ပြိုင်ဘက်အသင်းများမှာ ဗီယက်နမ်နှင့် အင်ဒိုနီးရှား

မြန်မာဝူရှူး ငွေ သုံးခု၊ ကြေး တစ်ခု ထပ်မံဆွတ်ခူး

နေပြည်တော် ဒီဇင်ဘာ ၁၀

ဝူရှူး အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်း ပြိုင်ပွဲများတွင် မြန်မာက ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်ဆုတစ်ခု ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားထောက်လု NAN-GUN ပြိုင်ပွဲတွင် မြန်မာမှ စိုးကျော်က ရမှတ် ၉ ဒသမ ၆၉ ဖြင့် ငွေတံဆိပ်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ်မှ QUOC KHANH PHAN က ရမှတ် ၉ ဒသမ ၇၀ဖြင့် ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ မလေးရှားမှMUN HUAHOက ၉ ဒသမ ၉၇ မှတ်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။

အမျိုးသား Taijiquan & Taijiquan all-round ပြိုင်ပွဲတွင် မြန်မာမှ ငြိမ်းချမ်းကိုက ရမှတ် ၁၉ ဒသမ၃၃ ဖြင့် ငွေတံဆိပ်ဆွတ်ခူးခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဖိလစ်ပိုင်မှ DANIEL PARANTAC ကရမှတ်၁၉ ဒသမ ၃၈ ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ စင်ကာပူမှ TZE YUAN LEE က ၁၉ ဒသမ ၃၀ ဖြင့် ကြေးတံဆိပ် ဆွတ်ခူးသည်။

ထောက်လု အမျိုးသမီးပြိုင်ပွဲ DULIAN ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အိမ့်မိမိနှင့် စန္ဒီဦးတို့ အတွဲက ရမှတ် ၉ ဒသမ ၅၃ ဖြင့် ငွေတံဆိပ်ဆု ဆွတ်ခူးသည်။ ယင်းပြိုင်ပွဲတွင်

ဖူဆယ်အမျိုးသမီးပြိုင်ပွဲ ထိုင်းနှင့် ဗီယက်နမ်တို့ အသီးသီးအနိုင်ရ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖူဆယ်အမျိုးသမီးအသင်းများ ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ ၁ နာရီတွင် စတင်ယှဉ်ပြိုင်ကြရာ ပွဲဦးထွက်ပြိုင်ပွဲအဖြစ် ထိုင်းအမျိုးသမီး ဖူဆယ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ စတင်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထိုင်းအသင်းမှာ တိုက်စစ်၊ ခံစစ်အပေးအယူမျှတစွာ ယှဉ်ပြိုင်နိုင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းမှာ ဂိုးသွင်းခွင့်အကြိမ်ကြိမ်ရရှိခဲ့သော်လည်း သွင်းယူနိုင်ခြင်းမရှိခဲ့ပေ။

ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသမီး ဖူဆယ်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ညနေ ၃ နာရီတွင် စတင်ယှဉ်ပြိုင်ရာ မြန်မာပရိသတ်အများအပြား လာရောက်အားပေးခဲ့ပြီး ပရိသတ်စည်ကားသည့် ပွဲတစ်ခုဖြစ်ခဲ့သည်။ အိမ်ရှင်အသင်းမှာ ပရိသတ်များ၏ အားပေးမှုကြောင့် ပထမပိုင်းတွင် တိုက်စစ်ကောင်းမွန်စွာ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ခံစစ်၌ အမှားများထပ်ကာ ကြုံတွေ့ခြင်း၊ တစ်ဖက်အသင်း၏ လျင်မြန်ဖျတ်လတ်ခြင်း၊ တစ်ဦးနှင့် တစ်ဦးချိတ်ဆက်လွဲမှားမှုများကြောင့် ပွဲပြီးဆုံးချိန်တွင် ခြောက်ဂိုး-ဂိုးမရှိဖြင့် ဗီယက်နမ်အမျိုးသမီးဖူဆယ်အသင်းကို ရှုံးနိမ့်ခဲ့ရသည်။ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဖူဆယ်ပွဲ၌ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ရမည်ဖြစ်ကာ ထိုင်းနိုင်ငံအသင်း ပထမဆုရရှိရန် ခန့်မှန်းချက်များ ရှိနေသည်။

ခင်ရတနာ

ဒီဇင်ဘာ ၁၀ ရက်က နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ပြုလုပ်ခဲ့သည့် ဖူဆယ်အမျိုးသမီးပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဓာတ်ပုံ-အေဇော်

» စာမျက်နှာ ၁ မှ

ယခင်နှစ်များက ပြိုင်ပွဲအတွေ့အကြုံများရှိသော လက်ရွေးစင်ရွှေတံဆိပ်ဆုရှင်များအား ပြိုင်ပွဲအတွေ့အကြုံများကို မေးမြန်းခဲ့ရာ "ဗီယက်နမ်မှာ ကျင်းပတဲ့ အာရှပတ်လည် အားကစားပြိုင်ပွဲမှာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ၊ အဲဒီအချိန်တုန်းကတော့ ကိုယ်က သိပ်ပြီးမတော်တော့ ပေါ့ပေါ့ပါးပါးပါပဲ၊ စိတ်လှုပ်ရှားတာတွေ၊ စိုးရိမ်တာတွေမရှိခဲ့ပါဘူး၊ အဲဒီမှာ အသင်းလိုက် ငွေတံဆိပ်ရရှိခဲ့ပါတယ်၊ ၂၀၀၉ ခုနှစ်က လာအိုမှာကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲတုန်းကလည်း အသင်းလိုက်ရွှေတံဆိပ်ရရှိခဲ့ပါတယ်၊ ယခုကျင်းပမယ့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက်လည်း ရွှေတံဆိပ်ဆုရယူနိုင်အောင် မြားပစ်အပိုင်းမှာရော စိတ်ပိုင်းဆိုင်ရာမှာပါ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်" ဟု ရွှေတံဆိပ်ဆုရှင် အောင်ငြိမ်းက ပြောပြသည်။

ဆက်လက်၍ ရွှေတံဆိပ်ဆုရှင် လက်ရွေးစင်အားကစားသမား ကိုဇော်ဝင်းထိုက်က "၂၀၁၄ ခုနှစ်ကတည်းကစပြီး လက်ရွေးစင်ဖြစ်ခဲ့တာပါ၊ နိုင်ငံတကာအတွေ့အကြုံကပွဲပေါင်း ၃၀ လောက်ရှိပါပြီ၊ ၂၀၀၅ ခုနှစ်က ကျင်းပခဲ့တဲ့ ဖိလစ်ပိုင်ဆီးဂိမ်းမှာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အတွက် ပထမဦးဆုံးသော ရွှေတံဆိပ်ကိုရယူပေးခဲ့ပါတယ်" ဟု ၎င်းကပြောသည်။ အဆိုပါ ရွှေတံဆိပ်ဆုရှင် ကိုဇော်ဝင်းထိုက်သည် စုစုပေါင်း ရွှေခြောက်ခု၊ ငွေ ၁၃ခု၊ ကြေး ၁၄ ခု ရရှိထားကြောင်းလည်း သိရသည်။ **မြန်မာ့အလင်းသတင်းအဖွဲ့**

» စာမျက်နှာ ၄ မှ

ယနေ့ယှဉ်ပြိုင်သည့် ကနူးလှေလှော်ပွဲစဉ်များ၌ အမျိုးသားတစ်ဦးချင်း မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဝင်းထိုက်က ရွှေတံဆိပ်ရရှိခဲ့ပြီး အင်ဒိုနီးရှားအသင်းက ငွေတံဆိပ်ရရှိကာ ထိုင်းအသင်းက ကြေးတံဆိပ်ရရှိခဲ့သည်။အမျိုးသားမီတာ ၁၀၀၀ အဖွဲ့လိုက်ပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေရရှိခဲ့ပြီး အင်ဒိုနီးရှားအသင်းက ငွေ၊ မြန်မာအသင်းက ကြေးတံဆိပ်ရရှိခဲ့သည်။ တတိယပွဲစဉ်အဖြစ် နှစ်ဦးချင်းမီတာ ၁၀၀၀ ပြိုင်ပွဲအတွင်း မြန်မာအသင်းက ဝင်းထိုက်နှင့် စိုင်းမင်းဝေတို့နှစ်ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ရရှိခဲ့ကာ အင်ဒိုနီးရှားအသင်းက ငွေနှင့် ဗီယက်နမ်အသင်းတို့ကကြေးတံဆိပ်များအသီးသီးဆွတ်ခူးနိုင်ခဲ့သည်။ ထို့အပြင် အုပ်စုလိုက်မီတာ ၁၀၀၀ ပြိုင်ပွဲ၌လည်း မြန်မာနိုင်ငံအသင်းက ရွှေ၊ ဗီယက်နမ်အသင်းက ငွေနှင့် ထိုင်းနိုင်ငံအသင်းက ကြေးဆုများရရှိခဲ့သည်။ ပြိုင်ပွဲကို ယနေ့စတင်ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင်လည်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

...-၇၀ ကီလိုတန်းပြိုင်ပွဲ ...အကြိုဗိုလ်လုပွဲသို့တက်ရောက်

...ကျော်စွာဝင်းမှာ ...အနိုင်ရရှိ ...သော အသင်း ...ကီလိုတန်းတွင် ...ပူကို လည်း ...ကီလိုတန်းတွင် ...က်နမ်ကိုလည်း ...ကီလိုတန်းတွင် ...လည်းကောင်း၊ ...တွင် ထိုင်းက ...ကောင်း၊ ၈၀-၈၅ ...က လာအိုကို ...၅ ကီလိုတန်း ...မလေးရှားကို ...၅ ကီလိုတန်း ...ဖိလစ်ပိုင်ကို ...အနိုင်ရရှိသွားခဲ့ ...ချိန်အထိ မြန်မာ ...အဓိကထား၍ ...က်အသင်းများ ...အင်ဒိုနီးရှား အသင်းများပဲ ဖြစ်ပါတယ်။ ကျန်တဲ့အသင်းတွေကိုလည်း ကျွန်မတို့ အထင်မသေးပါဘူး။ မြန်မာအသင်းအနေဖြင့် ယခုကစားပြီးသည့် ပွဲစဉ်များအထိ သုံးဦး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပါပြီ။ မြန်မာအသင်းအနေဖြင့် အမျိုးသား ၄၅-၅၀ ကီလိုတန်း၊ ၅၀-၅၅ ကီလိုတန်း၊ ၅၅-၆၀ ကီလိုတန်း၊ ၆၀-၆၅ ကီလိုတန်း၊ ၆၅-၇၀ ကီလိုတန်း၊ ၇၅-၈၀ ကီလိုတန်းနှင့် အမျိုးသမီး ၇၀-၇၅ ကီလိုတန်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ရွှေတံဆိပ်အနေနဲ့ကတော့ အတိုက်မှာ နှစ်ခု၊ အပြမှာ နှစ်ခုအနည်းဆုံး မျှော်မှန်းထားပါတယ်" ဟု အသင်းနည်းပြ မချောစုသိန်းက ပြောသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ပန်ကြပ်ဆီလတ်ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဌေးလိုင်မိုး

...း ခု၊ ...တ်ခူး

...iquan & Tai-...ပြိုင်ပွဲတွင် မြန်မာ...် ၁၉ ဒသမ၃၃...ခဲ့သည်။ ယင်း...မှ DANIEL...မှတ်၁၉ ဒသမ...ဆွတ်ခူးခဲ့သည်။...UAN LEE က...ကြေးတံဆိပ်

...မျိုးသမီးပြိုင်ပွဲ...င် မြန်မာနိုင်ငံ...ဦးတို့ အတွဲက...ဖြင့် ငွေတံဆိပ်...ယင်းပြိုင်ပွဲတွင်

စင်ကာပူနိုင်ငံမှ LING VALEKIE WEE နှင့် YANNING VEK-ATAN တို့အတွဲက ရမှတ် ၉ ဒသမ ၆၃ ဖြင့် ရွှေရသည်။ ထိုင်းမှ SO - SKODJO နှင့် TANASA တို့အတွဲက ၉ ဒသမ ၅၀ ဖြင့် ကြေးတံဆိပ်ဆွတ်ခူးသည်။

အမျိုးသားထောက်လု JAIJI-JIAG ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငြိမ်းချမ်းကိုကိုက ၉ ဒသမ ၆၆ မှတ်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးသည်။ ယင်းပြိုင်ပွဲတွင် ဖိလစ်ပိုင်မှ ရွှေ၊ မလေးရှားမှ ငွေတံဆိပ်ရရှိခဲ့သည်။

သတင်း-မောင်နွေသစ်၊ ဓာတ်ပုံ-ကျော်သူဝင်း

ဝါတာပိုလိုပြိုင်ပွဲ စင်ကာပူဗိုလ်စွဲ၊ မြန်မာအသင်းနိုင်ပွဲမရှိခဲ့သော်လည်း အတွေ့အကြုံကောင်းများရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာပရိသတ်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများပါ စိတ်ဝင်တစား အားပေးစောင့်ကြည့်ခဲ့ကြသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်း ဝါတာပိုလို အားကစားပြိုင်ပွဲကြီးမှာ ဒီဇင်ဘာ ၁၀ ရက်က ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး အဆိုပါ အားကစားပြိုင်ပွဲအတွင်း ရွှေတံဆိပ်ဆုကို စင်ကာပူနိုင်ငံကလည်းကောင်း၊ ငွေတံဆိပ်ကို အင်ဒိုနီးရှားနိုင်ငံကလည်းကောင်း၊ ကြေးတံဆိပ်ကို ထိုင်းနိုင်ငံကလည်းကောင်း အသီးသီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဝါတာပိုလိုကစားနည်းမှာ ရေကူးစနစ်မှန်ကန်မှု၊ ရေကန်အတွင်း အချိန်ကြာမြင့်စွာ ကူးခပ်သွားလာနိုင်မှု၊ ဘောလုံးကို အကွက်ကျကျ အပေးအယူမျှတစွာဖြင့် တစ်ဖက်အသင်း၏ ဂိုးပေါက်အတွင်း ဝင်ရောက်အောင် ကူးခပ်ပစ်သွင်းရသည့် အားကစားနည်းဖြစ်ပြီး ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ်၊ ရေကူးကျွမ်းကျင်မှုများအပေါ်တွင် အခြေခံထားပြီး ခက်ခဲပင်ပန်းသည့် အားကစားနည်းများတွင် အပါအဝင်ဖြစ်သည်။

မြန်မာဝါတာပိုလိုအသင်းအနေနှင့် ပထမဆုံးယှဉ်ပြိုင်ရခြင်း၊ လေ့ကျင့်မှုအချိန် အားနည်းခဲ့ခြင်းနှင့် အခြားအသင်း ကစားသမားများနှင့် အသက်အရွယ် ကွာခြားခြင်းများကြောင့် ပွဲစဉ်တိုင်းအရှုံးနှင့်ရင်ဆိုင်ခဲ့ရသော်လည်း မြန်မာအသင်းအနေနှင့် ပြိုင်ပွဲအတွေ့အကြုံများရရှိခြင်းကြောင့် လာမည့် ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ရန် အခွင့်ကောင်းများရရှိခဲ့သည်ဟု အသင်းသားများက ဆိုသည်။ "စင်ကာပူရမယ်ဆိုတာ အားလုံးသိထားတဲ့ အတိုင်းပဲလေ။ သူတို့က အလွန်တော်ပါတယ်။ ကျွန်တော်တို့ Training ကာလတုန်းက စင်ကာပူအမျိုးသား လက်ရွေးစင်အသင်းမပြောနဲ့ လူငယ်အသင်းတွေကိုတောင် မနိုင်ခဲ့ဘူး။ ဒါပေမယ့် ပျော်စရာလည်းကောင်းပြီး နောက်ဆိုရင် ကိုယ့်တိုင်းပြည်မှာလည်း တွင်ကျယ်လာမယ်။ မျိုးဆက်သစ်တွေထွက်ပေါ်လာမယ်လို့ ထင်ပါတယ်" ဟု ကစားသမားတစ်ဦးက ရင်ဖွင့်သည်။

သတင်းနှင့်ဓာတ်ပုံ - ခင်ရတနာ

ဆီးဂိမ်းအမျိုးသမီးဘောလုံးပွဲကြီးအတွက် မန်းမြေမှရင်တွင်းစကားများ

ဦးမျိုးအောင်(ပညာရေးဝန်ထမ်း)

အရင်ကအရှေ့တောင်အာရှပွဲတွေကို တီဗွီကနေပဲကြည့်ပြီး အားပေးနေရတာပါ။ အခုလိုကိုယ့်နိုင်ငံမှာ ကျင်းပမှာဆိုတော့ အားရပါးရ အားပေးမှာပါ။ ကျောင်းဖွင့်ရက်ဖြစ်ပေမယ့် ခွင့်ယူပြီး ဇနီးမောင်နှံနှစ်ဦးစလုံးသွားအားပေးဖို့ ဆုံးဖြတ်ထားတယ်။ ရွှေတံဆိပ်ရရှိမယ်လို့လည်း မျှော်မှန်းပါတယ်။

မမြသန်းကြူ(ရုံးစာရေး)

ဘောလုံးပွဲဆိုရင် အရင်ကတည်းက ဝါသနာပါပြီးသားပဲ။ အခုလို အိမ်ရှင်အဖြစ် ထူးထူးခြားခြား ကျင်းပတော့ အထူးရင်ခုန်စွာနဲ့ အားပေးမှာပါ။ ကျွန်မတို့ အမျိုးသမီးအသင်းက ခြေစွမ်းရှိပြီးသားဆိုတော့ အသင်းအားလုံးကို ကျော်ဖြတ်ပြီး ရွှေတံဆိပ်ရမှာ သေချာပါတယ်။ မြန်မာကန်တဲ့ပွဲတိုင်း ရုံးဖွင့်ရက်ဖြစ်နေလည်း ခွင့်ယူပြီး သွားအားပေးမှာပါ။

ကိုတင်ထွန်းလင်း (ဂျာနယ်ရောင်းသူ)

ပွဲစဉ်တိုင်းကို သွားကြည့်ဖို့ ဆုံးဖြတ်ထားတယ်။ မြန်မာအမျိုးသမီးအသင်း နိုင်ကိုနိုင်ရမယ်။ ကျွန်တော်က ဂျာနယ်ရောင်းတာဆိုတော့ မြန်မာအားကစားအားလုံးကို နိုင်ပါစေလို့ ဆုတောင်းနေတယ်။ ဒါမှ ဂျာနယ်ပိုရောင်းရမှာပါ။ အခုပွဲစဉ်တစ်လျှောက်လုံးအတွက် လက်မှတ်တောင်ဝယ်ထားပြီးပြီ။ နံနက်ဂျာနယ်ရောင်းပြီး ညနေသွားအားပေးမှာပါ။

ဒေါ်ဂျမ်း(အိမ်ရှင်မ)

ကိုယ့်မြေပေါ်မှာ ကစားတဲ့ပွဲဆိုတော့ မြေကြီးကရွှေသီးရမှာပေါ့ရှင်။ မြန်မာနိုင်ပြီဆိုတဲ့ သီချင်းကို ကြားယောင်မိပြီး ကြက်သီးတွေတောင်ထလာမိတယ်။

ကိုသန်းချိုဝင်း(လျှပ်စစ်လုပ်ငန်းလုပ်ကိုင်သူ)

မြန်မာ အမျိုးသမီးအသင်းက အချိတ်အဆက်မိမိကစားနိုင်တဲ့အတွက် ရွှေတံဆိပ်ရဖို့သေချာပါတယ်။ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ အားပေးပြီး နိုင်ငံတကာမှာ စည်းကမ်းရှိသော မြန်မာဖြစ်အောင် ပြသဖို့တိုက်တွန်းလိုပါတယ်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကနူးလှေလှော်ပြိုင်ပွဲမှ မြန်မာတို့ ရွှေသုံးခု၊ ကြေးတစ်ခုဆွတ်ခူး

နေပြည်တော် ဒီဇင်ဘာ ၁၀

ကနူးလှေလှော်အားကစားဖြင့် ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု စတင်ဆွတ်ခူးနိုင်ပြီဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်သည့်အပြင် ကျန်ရှိသည့်ပြိုင်ပွဲများ၌လည်း အနိုင်ရရှိကာ ရွှေဆုများ ထပ်မံဆွတ်ခူးနိုင်ရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကနူးလှေကစားသမား ဝင်းထိုက်က ပြောကြားသည်။

မလေးရှားအပြည်ပြည်ဆိုင်ရာလှေလှော်အသင်း မန်နေဂျာ ဆာရက်နီဇမ်ရာမက်ကလည်း မြန်မာအသင်း၏ ကြိုးစားအားထုတ်မှုအပေါ် "အလွန်ကောင်းမွန်ပြီး လေ့ကျင့်မှုအားကောင်းတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ကစားသမားတွေရဲ့ သက်လုံကောင်းမှုနဲ့ နည်းစနစ်မှန်ကန်မှုတွေကြောင့် မြန်မာအသင်းသားတွေ ရွှေဆုနဲ့ ထိုက်တန်မှုရှိပါတယ်။ မလေးရှားအသင်းကလည်း အကောင်းဆုံးယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ လှေလှော်အားကစားနည်းများကို ငလိုက်ဆည်အတွင်း ကျင်းပခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁၀ရက် နံနက်၏ ရာသီဥတုအခြေအနေကြောင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက စိုးရိမ်မှုများရှိခဲ့ပြီး ရာသီဥတုဆိုးရွားပါက ပြိုင်ပွဲဝင်များ၏ အန္တရာယ်ကို စိုးရိမ်ရသည့်အတွက် ခေတ္တရပ်နားထားရန်အထိ စီစဉ်ထားရှိသော်လည်း မိုးရွာသွန်းမှုမရှိခြင်း၊ လေတိုက်နှုန်းမှာလည်း စိုးရိမ်ရသည့် အနေအထားမဟုတ်ခြင်းတို့ကြောင့် ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၃ »

သတင်း - ခင်ရတနာ

ဒီဇင်ဘာ ၁၁ ရက်၌ စတင်ကျင်းပမည့် သေနတ်ပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားကြမည့် သေနတ်ပစ်အားကစားသမားများ အသင့်ဖြစ်နေ

ရန်ကုန် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၌ သေနတ်ပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားကြမည့် မြန်မာအပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ သေနတ်ပစ်အားကစားသမား မီတာ ၅၀ အမျိုးသားရိုင်ဖယ် Rifle Prone Men ၂၄ ဦးမှာ ယနေ့ နံနက်ပိုင်းကတည်းက အပြင်းအထန် လေ့ကျင့်လျက်ရှိနေကြပြီဖြစ်သည်။

"အားလုံးစုစုပေါင်း သေနတ်ပစ်အားကစားသမား ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။ ဒီမှာက အားလုံးစုစုပေါင်းလိုင်း ၃၀ ရှိနေတယ်၊ မနက်ဖြန် ပြုလုပ်မယ့် ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် လူဦးရေက ၂၄ ဦးဆိုတော့ လူဦးရေကို လိုင်းနံပါတ် ၄ ကနေစမယ်၊ လိုင်းနံပါတ် ၂၇ မှာ ဆုံးလိမ့်မယ်၊ ယှဉ်ပြိုင်ကြမယ့် လူဦးရေအပေါ် မူတည်ပြီး အလယ်စင်တာကို နေရာချပေးပါတယ်၊ မနက်ဖြန်ပြိုင်ကြမယ့် ပွဲစဉ်ကတော့ နိုင်ငံအလိုက် အသင်းတစ်ခုမှာ သုံးဦးရှိနေကြလိမ့်မယ်" ဟု သေနတ်ပစ်အားကစားနည်းပြ တာဝန်ရှိသူက ရှင်းပြသည်။

ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည့် ပြိုင်ပွဲဝင်နိုင်ငံအလိုက် အမျိုးသားသေနတ်ပစ်အားကစားသမားများ၏ အမည်များနှင့် လူဦးရေစာရင်းအရ မလေးရှားနိုင်ငံမှ SUPARDI NIK MUHAMMAD AIMULLAH၊ NASIRKHAN MUHAMMAD EZUAN နှင့် OTHMAN MOHAMADLUTIF တို့ကလည်းကောင်း၊ ထိုင်းနိုင်ငံမှ MAJCHARCHEEP TAVARIT၊ UEAAREEATTAPON နှင့် TORTUNGPANICHNAPIS တို့ကလည်းကောင်း၊ မြန်မာနိုင်ငံမှ MIN TUN WAI YAN၊ THUYA AUNG နှင့် AUNG LIN တို့ကလည်းကောင်း၊ လာအိုနိုင်ငံမှ DOUANGPASEUTHPARN၊ KEOPASEUTH OUTHOONE နှင့် SISANG SALAVAPHOOMA တို့ကလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ NGUYEN THANH DAT၊ PHUNG LE HUYEN နှင့် NGUYEN DUY HOANG တို့ကလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ WISNUAJI RAHMAD၊ BAGIAR THAI KADEK နှင့် SAHURUN SAHURUN တို့ကလည်းကောင်း၊ စင်ကာပူနိုင်ငံမှ KIMIN KASMIJAN BIN၊ ONG JUN HONG နှင့် LIM WEN YI ABEL တို့ကလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံမှ VALDEZ JAYSON၊ CAGURIN BENNY နှင့် CONCEPCION တို့ဖြင့် စုစုပေါင်း သေနတ်ပစ်အားကစားသမား မီတာ ၅၀ အမျိုးသားရိုင်ဖယ် Rifle Prone Men ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း STAFF LIST မှ ဖော်ပြချက်အရ သိရသည်။

သတင်း၊ ဓာတ်ပုံ-စိုးဝင်း(SP)

ရွက်လှေပြိုင်ပွဲဝင်မည့် အားကစားသမားများနှင့် ဒိုင်ဂျူရီလူကြီးများရောက်ရှိ

ငွေဆောင် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွက်လှေပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံမှ အားကစားသမား ၁၆၅ ဦး၊ ဒိုင်ဂျူရီလူကြီး ငါးဦး စုစုပေါင်း ၁၇၀ ပြိုင်ပွဲကျင်းပမည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်၏ ငွေဆောင်ရွက်လှေစခန်းသို့ ဒီဇင်ဘာ ၉ရက်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။ စင်ကာပူနိုင်ငံမှ ရွက်လှေအားကစားသမား ၂၆ ဦး၊ ထိုင်းနိုင်ငံမှ ၃၅ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ကိုးဦး၊ မလေးရှားနိုင်ငံမှ ၃၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၂၅ ဦး၊ မြန်မာနိုင်ငံမှ ၃၈ ဦးသည် ငွေဆောင်ရွက်လှေစခန်းတွင် တည်းခိုရောက်ရှိပြီးပြိုင်ပွဲအတွက် ပြင်ဆင်နေကြကြောင်း၊ ဒီဇင်ဘာ ၉ ရက် ညနေပိုင်းက ယင်းစခန်းတွင် ရွက်လှေပြိုင်ပွဲဖွင့်ပွဲအစမ်းလေ့ကျင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ရွက်လှေအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုက်ကယ်မိုးမြင့်၊ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုကြကြောင်း သိရသည်။

အားကစားသမားများမှာ ငွေဆောင်ရွက်လှေစခန်းတွင်တည်းခိုပြီး ဒိုင်ဂျူရီငါးဦးမှာ Aureum Palace ဟိုတယ်၌ တည်းခိုနေထိုင်ကြောင်း၊ ငွေဆောင်ရွက်လှေစခန်းနှင့် ဟိုတယ်များမှ အားကစားဒိုင်ဂျူရီလူကြီးများ၏ တည်းခိုနေထိုင်စားသောက်ရေးများကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းမီစွာ ကျွေးမွေးဧည့်ခံလျက်ရှိကြောင်း သိရသည်။

ရွက်လှေပြိုင်ပွဲများကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးမည်ဟု သိရသည်။ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ပိတ်ပွဲအခမ်းအနားပြုလုပ်မည်ဟု သိရသည်။

ခင်ဆိုင်